ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

## အမျက်ဒေါသမရှိ

အမျက်ဒေါသသည် ဆင်းရဲစေ၏။ စိုးရိမ်ပူပန်ရ၏။ ထို့ကြောင့် အမျက်ဒေါသကိုပယ်နိုင်ရန် သည်းခံတတ်သောစိတ်ကို မွေးမြူရာ၏။ အမျက်ဒေါသမရှိ သည်းခံခြင်းဂုဏ်နှင့် ပြည့်စုံတော်မူသော ရဟန္တာမြတ်တို့၏ ဂုဏ်ကျေးဇူးကို အောက်မေ့ကြည်ညိုရာ၏။

ခုဒ္ဒကနိကာယ်(ဓမ္မပဒ-၄၀၀)

၁၃၇၈ ခုနှစ် နယုန်လပြည့် တနင်္လာနေ့ 20, Monday June 2016 (၈၅၉၈)

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ထိုင်းနိုင်ငံသို့ မကြာမီကာလအတွင်း တရားဝင်ခရီး သွားရောက်မည်

**နေပြည်တော် ဇွန် ၂၀**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ထိုင်းနိုင်ငံဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ပရာယုဒ် ချန်အိုချာ(ငြိမ်း)၏ ဖိတ်ကြားချက်အရ ထိုင်းနိုင်ငံသို့ မကြာမီကာလအတွင်း တရားဝင်ခရီး သွားရောက်မည်ဖြစ်သည်။

**(သတင်းစဉ်)**

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏မွေးနေ့အခမ်းအနား NLD ရုံးချုပ်၌ ကျင်းပ

စာမျက်နှာ - ၈

# ရန်ကုန်မြို့ပတ်ရထားလမ်း အဆင့်မြှင့်တင်ရေးလုပ်ငန်းများ လာမည့်နှစ်တွင် စတင်မည်

**ရန်ကုန် ဇွန် ၁၉**

ရန်ကုန်မြို့ပြ သယ်ယူပို့ဆောင်ရေးအဆင့်မြှင့်တင်မှုတွင် မြို့ပတ်ရထားလမ်း အဆင့်မြှင့်တင်ရေးလုပ်ငန်းရပ်များ၏တစ်စိတ်တစ်ပိုင်းဖြစ်သော တည်ဆောက်ရေးလုပ်ငန်းများကို ၂၀၁၇ ခုနှစ်တွင် စတင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း JICA မြန်မာရုံးမှ သိရသည်။

မဟာရန်ကုန်မြို့ပြ မဟာဗျူဟာစီမံကိန်း၊ ရန်ကုန်မြို့ပြ ဘက်စုံသယ်ယူပို့ဆောင်ရေးစီမံချက်များအပါအဝင် မြို့ပြစီမံကိန်းနှင့် သယ်ယူပို့ဆောင်ရေးကဏ္ဍတို့တွင် ပူးပေါင်းကူညီဆောင်ရွက်လျက်ရှိသည့် ဂျပန်အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ(JICA) မြန်မာအနေဖြင့် ရန်ကုန်မြို့ပြ ဘက်စုံသယ်ယူပို့ဆောင်ရေးစီမံချက်အတွက် လေ့လာရေးစီမံကိန်း (YUTRA) ၏ လေ့လာမှုများကို ၂၀၁၂ ခုနှစ်မှ ၂၀၁၃ ခုနှစ်အထိ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ပူးပေါင်းကာ ဆောင်ရွက်ခဲ့သည်။

ထိုသို့ လေ့လာဆောင်ရွက်ခဲ့ရာတွင် YUTRA မှ ရန်ကုန်မြို့ပြသယ်ယူပို့ဆောင်ရေးကဏ္ဍ၏ မိုးပျံရထားလမ်း (Elevated Circular Line) စီမံကိန်းကို အနာဂတ်စီမံချက်အနေဖြင့် ၂၀၃၅ ခုနှစ်တွင် ဆောက်လုပ်သင့်ကြောင်း အဆိုပြုခဲ့ပြီး ယင်းနှင့်ပတ်သက်၍ အသေးစိတ်လေ့လာမှုများနှင့် ကတိကဝတ်ပြုမှုများ မပြုလုပ်ရသေးသော်လည်း **စာမျက်နှာ ၁၁ ကော်လံ ၁ သို့** ❖





# ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ဟောင်း ဦးသန့်နေထိုင်ခဲ့သည့်အိမ်သို့ ပြင်သစ်နိုင်ငံခြားရေးဝန်ကြီး ကြည့်ရှုလေ့လာ

**ရန်ကုန် ဇွန် ၁၉**

ပြင်သစ်နိုင်ငံ နိုင်ငံခြားရေးနှင့် နိုင်ငံတကာ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီး မစ္စတာ ဂျီးမာ့ခ်အီရောင်နှင့်ဇနီး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက် ၉ နာရီခွဲတွင် ရန်ကုန်မြို့ ကမာရွတ်မြို့နယ် ပန်းဝါလမ်းရှိ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ဟောင်း ဦးသန့်နေထိုင်ခဲ့သည့် အိမ်သို့ သွားရောက် ကြည့်ရှုလေ့လာကြရာ မွေးဖြစ်သူ ရန်ကုန်မြို့ပြ အမွေအနှစ်ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာသန့်မြင့်ဦးက နေအိမ်အတွင်း ပြသထားသည့်ပြခန်းများအား လိုက်လံရှင်းလင်းပြသသည်။ **(အပေါ်ပုံ)**

ထို့နောက် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် သိမ်ဖြူလမ်းရှိ အတွင်းဝန်ရုံး(ဝန်ကြီးများရုံး)သို့ရောက်ရှိပြီး အာဇာနည်ခေါင်းဆောင်ကြီးများ ကျဆုံးသည့် အထိမ်းအမှတ် ကျောက်စာတိုင်၊ ပါလီမန်ဆောင်၊ ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများ ကျဆုံးခဲ့သည့် အခန်းတို့ကို ကြည့်ရှုလေ့လာကြရာ ရန်ကုန်မြို့ပြ အမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ ဥက္ကဋ္ဌ **စာမျက်နှာ ၂ ကော်လံ ၆ သို့** ❂



ကြေးမုံ

# ငြိမ်းချမ်းသာစွ ထူးမြတ်သည့်မဟာသမယ

ယနေ့သည် မြန်မာသက္ကရာဇ် ၁၃၇၈ ခုနှစ် နယုန်လပြည့်(မဟာသမယ) နေ့ဖြစ်သည်။ ထိုနေ့တွင် သုံးလောကထွတ်ထား မြတ်စွာဘုရားရှင်က လူနတ်ဗြဟ္မာတို့အား မဟာသမယသုတ်ကို ဟောတော်မူသဖြင့် နယုန်လပြည့်နေ့ကို ဘုရားအလိုအားဖြင့် မဟာသမယနေ့ဟု သတ်မှတ်နိုင်သလို လူတို့အလိုအားဖြင့် ငြိမ်းချမ်းရေးနေ့ဟုလည်း ခေါ်ဆိုနိုင်သည်။

ငြိမ်းချမ်းရေးဟုဆိုရာတွင် မြတ်စွာဘုရားရှင်၏ ဆွေတော်မျိုးတော်များဖြစ်ကြသည့် သာကိယတိုင်းသားများနှင့် ကောလိယတိုင်းသားတို့ စိုက်ပျိုးရေးအတွက်အမှီပြုကြသည့် ရောဟိဏီမြစ်ရေ မိုးခေါင်၍ရေနည်းချိန်တွင် နှစ်ဖက်တိုင်းသားတို့ ထိုရေကိုသူရသင့်သည်၊ ငါရသင့်သည် အငြင်းပွားကြသည်။ အငြင်းပွားသည်ဟုဆိုရာ၌ အငြင်းအခုံသက်သက်မျှသာမဟုတ် တစ်ဖက်နှင့်တစ်ဖက်ပုတ်ခတ်ကာ ရန်စစ်ခင်းမည့်သဘောအထိတိုင်ဖြစ်လာ၏။ ထိုအခါ မြတ်စွာဘုရားကြွမြန်းတော်မူလာပြီး တန်ဖိုးမရှိသောရေအတွက်နှင့် တန်ဖိုးရှိသောလူများ မသေစကောင်း၊ အချင်းချင်းညီညွတ်ခြင်းသည်သာ အကောင်းဆုံးဖြစ်ကြောင်း ဆုံးမတော်မူသည်။

လောကသားတို့သည် မိမိတို့ကိုယ်တိုင် အပြစ်သင့်သော အလုပ်များကို လုပ်ကိုင်နေကြသဖြင့် ဆင်းရဲဒုက္ခများနှင့် ကြုံတွေ့နေရသည်။ ပစ္စည်းဥစ္စာတပ်မက်ရာတို့ကို လိုချင်သည့်လောဘ၊ တစ်ယောက်ကိုတစ်ယောက် ခွင့်မလွှတ်နိုင်သည့် မုန်းတီးခြင်းဒေါသ၊ အမှန်တရားကို မသိမှုမောဟ၊ ထောင်လွှားတက်ကြွမှု၊ တစ်ဖက်သားကိုအထင်သေးမှု၊ မိမိကိုယ်ကိုအထင်ကြီးမှုမာန၊ မိမိထက်သာသူကို မနာလိုမရှုစိမ့်သည့် ဣဿ၊ သူတစ်ပါးအား မျှဝေပေးလိုခြင်းမရှိသည့် နှမြောတွန့်တိုမှု မစ္ဆရိယ၊ ကျေးဇူးကိုချေဖျက်လိုသည့်မက္ခ၊ ဂုဏ်တုဂုဏ်ပြိုင်လုပ်ခြင်း ပဠာသ စသည့်မကောင်းသည့် စိတ်များကိုမွေးမြူထားသောကြောင့် ဆိုးကျိုးများဖြစ်ကြရသည်။ ရန်မီးမငြိမ်းဖြစ်ကြရသည်။

ထိုမကောင်းသောစိတ်များကိုဖယ်ရှားပြီး တစ်ဦးအကျိုးကို တစ်ဦးလိုလားသည့် ကောင်းမြတ်သောစိတ်ဓာတ်များ ထားရှိကြလျှင် မကောင်းသော ဘေးဒဏ်တို့မှ လွတ်မြောက်နိုင်မည်ဟူသော အတ္တဒဏ္ဍသုတ်ကို မြတ်စွာဘုရားရှင်က ဟောကြားတော်မူရာ နှစ်ဖက်စစ်သည်အပေါင်းတို့ နားလည်သဘောပေါက်ပြီး ဖြစ်လုဆဲဆဲစစ်မီးကြီး ငြိမ်းလေသည်။

ထိုကဲ့သို့ အကျိုးကြီးမားလှသော မြတ်စွာဘုရားရှင်၏တရားတော်များ၏ အာနုဘော်ကြောင့် နှစ်ဖက်တိုင်းသားများ ရဟန္တာအဖြစ်သို့ ရောက်တော်မူသည်။ ထိုရဟန္တာများ ဘုရားရှင်သီတင်းသုံးရာ မဟာဝုန်တောတွင် စုဝေးမိကြစဉ် စကြဝဠာတိုက်တစ်သောင်းမှ နတ်ဗြဟ္မာများ ရောက်ရှိလာကြသည်။ မရေမတွက်နိုင်လောက်အောင် အပေါင်းအစုအဝေးကြီးဖြစ်တည်သည့်အခါကာလကို မဟာသမယဟုခေါ်ဆိုပြီး အလွန်ထူးကဲသည့်ထိုနေ့ကို မဟာသမယနေ့ဟုခေါ်ဆိုခဲ့သည်။

ထိုသို့အစုအဝေးကြီးတွင် ဟောကြားသော သမ္မာပရိဗ္ဗာဇနီယသုတ် စသည့်သုတ်ခြောက်သုတ်နှင့် မဟာသမယသုတ်တော်တို့ကို မဟာသမယသုတ်ဟု အဋ္ဌကထာတို့တွင် ဖွင့်ဆိုထားသည်။ ထိုသုတ်တော်၏ ပဓာနအကြောင်းတရားမှာ တစ်ဦးနှင့်တစ်ဦး သည်းခံဖို့၊ နားလည်ပြီး စွမ်းနိုင်သလောက် ဖြည့်ဆည်းပေးဖို့၊ ဟုတ်၊ မဟုတ်၊ မှန်၊ မမှန် ဝေဖန်မစဉ်းစားဘဲ အလွယ်တကူနားမယောင်ဖို့၊ အင်အားကြီးသူက အင်အားနည်းသူကို အနိုင်မကျင့်ဘဲ သနားကြင်နာဖို့၊ ကရုဏာထားဖို့၊ မေတ္တာထားဖို့၊ အချင်းချင်းလက်တွဲပြီး ညီညီညွတ်ညွတ် စည်းစည်းလုံးလုံး နေထိုင်ကြမှသာ ဘေးအန္တရာယ်များကို အောင်မြင်စွာကျော်လွှားနိုင်ဖို့တို့ကို ရည်ညွှန်းထားသော တရားတော်ဖြစ်သည်။

ထို့ကြောင့် ယနေ့မဟာသမယနေ့သည် ထူးကဲသောနေ့ထူးနေ့မြတ်ဖြစ်သည်။ အတွင်းရန်၊ အပြင်ရန်များ ငြိမ်းအေးသွားအောင် မြတ်စွာဘုရားရှင်က လူနတ်ဗြဟ္မာအပေါင်းတို့အား တရားရေအေးအမြိုက်ဆေးကို တိုက်ကျွေးနိုင်သောနေ့၊ ထူးကဲသောငြိမ်းအေးချမ်းသာရေးကိုရရှိသော ငြိမ်းချမ်းရေးနေ့ဖြစ်၍ ကျွန်ုပ်တို့မြန်မာပြည်သူ ပြည်သားအပေါင်းတို့ကလည်း မဟာသမယသုတ်ကိုအာရုံပြုကာ အမိမြန်မာနိုင်ငံကြီး ငြိမ်းချမ်းသာယာစေရန် မျက်မှောက်ကာလကဲ့သို့ အမုန်းတရားများ တိုးပွားနေသောကာလမျိုးတွင် မဟာသမယသုတ်တရားတော်လာအတိုင်း သူတော်ကောင်းတရားများ ဆတက်ထမ်းပိုး ပွားတိုးရမည်ဖြစ်ပါကြောင်း။ ။

# မဟာမြတ်မုနိဘုရားကြီး၏ အရောင်းရွှေဆိုင်းတစ်သောင်းအတွက် တင်ဒါ ၅၉ ဦး တင်ဒါသွင်းခွင့်ရ

**မန္တလေး ဇွန် ၁၉**

မဟာမြတ်မုနိဘုရားကြီးဂေါပကအဖွဲ့မှ ဘုရားဖူးပြည်သူများအား ရွှေဆိုင်းရောင်းချနိုင်ရန်အတွက် ရွှက်ရေ ၁၀၀ ပါ ရွှေဆိုင်းပေါင်း ၁၀၀၀၀ အတွက် တင်ဒါခေါ်ယူခဲ့ရာ ယနေ့တွင် ရွှေဆိုင်းလုပ်ငန်းရှင် ၅၉ ဦး တင်ဒါအောင်မြင်ခဲ့ကြောင်း သိရသည်။

ဘုရားကြီးဂေါပကအဖွဲ့မှ ရွှေဆိုင်းလုပ်ငန်းရှင်များကို တင်ဒါစည်းမျဉ်းစည်းကမ်းအတိုင်းခေါ်ယူပြီး ရွှေအရည်အသွေးပြည့်မီစေရေး၊ ရွှေဆိုင်းအရွယ်အစားတိကျစေရေးနှင့် လှူဒါန်းသူများစိတ်ချမ်းမြေ့စေရန်ရည်ရွယ်ပြီး တင်ဒါစည်းမျဉ်းစည်းကမ်းအသစ်များချမှတ်ကာ ယင်းစည်းကမ်းချက်များမှာ ရွှေဆိုင်းများသည် ယခင်ရွှေသား နှစ်လက်မပတ်လည်မှ ယခုရွှေသား ၁ ဒသမ ၇၅ ပတ်လည်သို့လည်းကောင်း၊ ရွှေရည်မှာ မီးလင်းဖြစ်စေရေးကိုလည်းကောင်း၊ တင်ဒါလုပ်ငန်းရှင်များအနေဖြင့် လုပ်ငန်းလိုင်စင်ရှိပြီး ကိုယ်တိုင်ရွှေဆိုင်းလုပ်ငန်းဖြင့် အသက်မွေးသူဖြစ်ရ မည်ဟူ၍လည်းကောင်း တိုးမြှင့်သတ်မှတ်ခဲ့ကာ အခြားအချက်များမှာ ယခင်စည်းကမ်းများအတိုင်း သတ်မှတ်ခဲ့သည်။

တင်ဒါတင်သွင်းခွင့်ရသော ရွှေဆိုင်းလုပ်ငန်းရှင်များအနေဖြင့် ရွှေဆိုင်းအရွယ်အစား၊ ရွှေအရည်အသွေး ပြည့်မီမှုမရှိပါက ဒဏ်ကြေးငွေပေးဆောင်ရမည့်အပြင် အမည်ပျက်စာရင်းထည့်သွင်းသွားမည်ဖြစ်ကြောင်း မဟာမြတ်မုနိဘုရားကြီး ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးစိုးလင်းက ပြောသည်။

"ရွှေဆိုင်းအရွယ်အစားကို ရွှေသား ၁ ဒသမ ၇၅ ပတ်လည်ကို တိုင်းတာစစ်ဆေးမယ်။ ရွှေအရည်အသွေးကို ဒစ်ဂျစ်တယ်ရွှေစမ်းသပ်စက်နဲ့ စစ်ဆေးသွားမှာပါ။ မပြည့်မီတဲ့သူတွေကို ဘုရားကြီးရဲ့ ရွှေဆိုင်းတင်ဒါတင်သွင်းတဲ့အထဲမှာ အမည်ပျက်စာရင်းအဖြစ်ထည့်သွင်းသွားမှာပါ။ အမည်စာရင်းသွင်းခံရတဲ့သူဟာ နောက်နောင် တင်ဒါခေါ်ယူခဲ့ရင် ဝင်ရောက်ယှဉ်ပြိုင်လို့ မရတော့ပါဘူး။ နောက်ပြီး ဒဏ်ကြေးငွေပါပေးဆောင်ရမှာပါ"ဟု ၎င်းက ပြောသည်။

ယခုနှစ် ရွှေဆိုင်းတင်ဒါကြမ်းခင်းဈေးမှာ အနည်းဆုံး ငွေကျပ် ၂၈၂၀၀ မှ ၂၈၅၀၀ အကြား ဖြစ်ပြီး ရွှေတစ်ကျပ်သား ငွေကျပ် ရှစ်သိန်းနှင့် လုပ်အားခငွေကျပ် ငါးသောင်း ပေါင်း ရှစ်သိန်းခွဲအပေါ် အခြေခံတွက်ချက်၍ ရာပြည့် အဆိုင်းရွှေဆိုင်း ၃၀ ကို တင်ဒါအောင်မြင်သူမှ ပေးသွင်းရမည်ဖြစ်သည်။

ရွှေဆိုင်းတင်ဒါများကို အများပြည်သူသိရှိအောင်ခေါ်ယူခဲ့ရာ ရွှေဆိုင်းလုပ်ငန်းရှင် ၇၀ တက်ရောက်ယှဉ်ပြိုင် ခဲ့ပြီး တင်ဒါစည်းမျဉ်းစည်းကမ်းနှင့် ကိုက်ညီမှုမရှိသော လုပ်ငန်းရှင် ၁၁ ဦးသာ တင်ဒါအောင်မြင်မှုမရှိခဲ့ကြောင်း၊ မဟာမြတ်မုနိရွှေဆိုင်းတင်ဒါကို တစ်နှစ်လျှင် ဘုရားဖူးပြည်သူဝင်ရောက်မှုအပေါ်မူတည်၍ ပျမ်းမျှ အနည်းဆုံးငါးကြိမ်မှ ခြောက်ကြိမ်အထိခေါ်ယူရကြောင်းနှင့် ယခု ခေါ်ယူခဲ့သည့် တင်ဒါလုပ်ငန်းရှင် အများဆုံး တင်ဒါရရှိခဲ့ကြောင်း သိရသည်။

(၀၀၂)

■

**○ ရှမ်းအသင်းမှ**

နိုင်ခြင်းမရှိခဲ့ပေ။ ရှမ်းယူနိုက်တက်အသင်းမှာ ဂိုးရနိုင်သည့် အခွင့်အရေးများ ရခဲ့သော်လည်း အသုံးမချနိုင်ခဲ့၍သာ ပထမပိုင်းတွင် ဂိုးမရှိ သရေကျနေခြင်းဖြစ်သည်။ ဒုတိယပိုင်းတွင် ရန်ကုန်အသင်း ကစားသမားအပြောင်းအလဲလုပ်ကာ တိုက်စစ်အားမြှင့်ခဲ့သော်လည်း ကစားအားတက်လာခြင်းမရှိခဲ့ဘဲ ဂိုးသွင်းခွင့်များလည်း မဖန်တီးနိုင်ခဲ့ပေ။ ၅၈ မိနစ်တွင် ရှမ်းယူနိုက်တက်အသင်း ဂိုးစရခဲ့ပြီး စိုင်းမင်းထွန်း၏ ဖန်တီးပေးမှုကို ရန်နိုင်ဦးက ပိတ်သွင်းယူခဲ့ခြင်းဖြစ်သည်။ ယင်းနောက်ပိုင်းတွင် ရှမ်းအသင်းက အနိုင်ရလဒ်ကို ထိန်းကစားသွားခဲ့ပြီး တန်ပြန်တိုက်စစ်ဖြင့်သာ ကစားခဲ့ရသည်။ ရှမ်းအသင်းအတွက် ဒုတိယဂိုးကို မိနစ် ၈၀ တွင် တန်ပြန်တိုက်စစ်မှတစ်ဆင့် ဂူစတာဗိုက သွင်းယူခဲ့သည်။

သုဝဏ္ဏကွင်း၌ ကျင်းပသောပွဲတွင် မကွေးအသင်းက အယ်လာ၊ ထူးထူးအောင်၊ ကျော်ဇင်လွင်တို့၏ သွင်းဂိုးများဖြင့် ချင်းယူနိုက်တက်အသင်းကို သုံးဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ဗထူးကွင်း၌ ကျင်းပသောပွဲတွင် ရတနာပုံအသင်းက Horizon အသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ အမှတ်ပေးဇယား ဒုတိယနေရာမှ စတုတ္ထနေရာအထိရပ်တည်နေသောအသင်းများ၏ နိုင်ပွဲပျောက်ဆုံးမှုကို ရတနာပုံအသင်း အသုံးချနိုင်ခဲ့ပြီး ထိပ်ဆုံးနေရာတွင် အမှတ်ပြတ် ဦးဆောင်နိုင်ခဲ့သည်။ အမာခံကစားသမားအချို့ ပါဝင်နိုင်ခြင်းမရှိသော်လည်း အိမ်ကွင်းတွင် ရတနာပုံအသင်း အမှားအယွင်းမရှိခဲ့ဘဲ အမှတ်ပြည့်ရယူနိုင်ခဲ့သည်။ ရတနာပုံအတွက်အနိုင်ဂိုးများကို ဝင်းနိုင်စိုးတစ်ဦးတည်းက ၁၀၊ ၁၇၊ ၆၁ မိနစ်တို့တွင် သုံးဂိုး ဟက်ထရစ် သွင်းယူခဲ့ခြင်းဖြစ်သည်။ Horizon အတွက် ချေပဂိုးတစ်ဂိုးကို မိနစ် ၃၀ တွင် အာနက်စ်က သွင်းယူပေးခဲ့သည်။

ပွဲစဉ် (၁၄)အပြီးတွင် ရတနာပုံအသင်းက (၃၈)မှတ်ဖြင့် ထိပ်သုံးတွင် ဆက်လက်ဦးဆောင်နေပြီး ရန်ကုန်၊ မကွေး၊ ဟံသာဝတီ၊ ဇေယျာရွှေမြေနှင့် ဧရာဝတီတို့က ၂၂ မှတ်စီ၊ ရှမ်းယူနိုက်တက်အသင်းက ၂၁ မှတ်၊ ဇွဲကပင်နှင့်ချင်းယူနိုက်တက်တို့က ၁၈ မှတ်စီ၊ ရခိုင်က ၁၁ မှတ်၊ Southern က ၁၀ မှတ်၊ Horizon က ငါးမှတ်တို့ ရရှိထားသည်။ **သတင်းနှင့်**

**ဓာတ်ပုံ-ရှိုင်းထက်ဇော်**




**✪ ရွှေဖုံးမှ**

ဒေါက်တာသန့်မြင့်ဦးက လိုက်လံရှင်းလင်းပြသသည်။

၎င်းနောက် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ကုန်သည်လမ်းနှင့် ဗိုလ်အောင်ကျော် လမ်းထောင့်ရှိ အာမေးနီးယန်း တမန်တော်များ ဘုရားကျောင်းသို့ ရောက်ရှိကြရာ ကျောင်းထိုင်ဆရာတော်နှင့် တာဝန်ရှိသူများက ရှင်းလင်းပြသကြသည်။

ထို့နောက် ပြင်သစ်နိုင်ငံခြားရေးဝန်ကြီးနှင့် နိုင်ငံတကာဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးနှင့်အဖွဲ့သည် ဘုရားကျောင်းမှ ကုန်သည်လမ်းအတိုင်း လမ်းလျှောက်ပြီး လမ်းတစ်လျှောက်ရှိ ရန်ကုန်မြို့ပြ အမွေအနှစ်ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့၏ အပြာရောင်ကမ္ပည်းပြားတပ်ဆင်ထားသည့် နေရာများအပါအဝင် အထင်ကရနေရာများကို ကြည့်ရှုလေ့လာကြသည်။

ယင်းနောက် ပန်းဆိုးတန်းရှိ ရန်ကုန်မြို့ပြအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ ရုံးခန်းသို့ ရောက်ရှိရာ ဥက္ကဋ္ဌ ဒေါက်တာသန့်မြင့်ဦးက လုပ်ငန်းဆောင်ရွက်ထားရှိမှုနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များသည် ရွှေတိဂုံစေတီတော်သို့ သွားရောက်ဖူးမြော်ကာ သာသနိက အဆောက်အအုံများကို ကြည့်ရှုလေ့လာပြီး ညပိုင်းတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာသွားကြသည်။ **(သတင်းစဉ်)**


ကြေးမုံ
နေ့စဉ်သတင်းစာ

စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဒင်
စာတည်းများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
သတင်းထောက်မှူး - ဦးဌေးအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဒေါဝမ်းစိုး၊ ဒေါ်အောင်ကျော်ကျော်
အနုပညာစာတည်း - ခင်ခင်သက်
အားကစားစာတည်း - မေလှဲ့သင်း
ဆောင်းပါးစာတည်း - စန္ဒာဝင်း
အကြီးတန်းသတင်းထောက်များ - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ ဖြိုးစန္ဒာမြင့်၊ သီသီမင်း
အငယ်တန်းသတင်းထောက်များ - အောင်ကျော်ဦး၊ ခင်ဇာလီ၊ ခင်စုစုလှိုင်၊ အေးအေးမြင့်၊
ဓာတ်ပုံသတင်းထောက် - ခင်မောင်ဝင်း
အထူးသတင်းထောက် - ဆုနှင်းလှဲ့



ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

ကြေးမုံ The Mirror Established in 1957
၁၉၅၇ ခုနှစ်တွင် စတင်တည်ထောင်သည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၀၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၀၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁၊
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၇၂၊
မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၇၃၁၊ ဖက်စ် ၀၁-၂၀၁၃၅၁

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် (၇၁)နှစ်မြောက်မွေးနေ့အထိမ်းအမှတ် အမျိုးသားသွေးဗဟိုဌာန၌ သွေးလှူရှင် ၅၀၀ ကျော် စုပေါင်းသွေးလှူဒါန်း

**ရန်ကုန် ဇွန် ၁၉**
နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ (၇၁)နှစ်မြောက် မွေးနေ့အထိမ်းအမှတ်အဖြစ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ရန်ကုန်တိုင်းလူငယ်လုပ်ငန်းအဖွဲ့က ဦးဆောင်၍ ဂုဏ်ပြုသွေးလှူဒါန်းပွဲကို ယနေ့မွန်းလွဲပိုင်းက ရန်ကုန်မြို့ အမျိုးသားသွေးဗဟိုဌာန၌ကျင်းပသည်။**(ယာပုံ)**



အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ရန်ကုန်တိုင်းလူငယ်လုပ်ငန်းအဖွဲ့ဝင်များ၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းမှ ပရဟိတလူငယ်များနှင့် စေတနာရှင် ၅၀၀ ကျော်တို့က စုပေါင်းသွေးလှူဒါန်းခဲ့ခြင်းဖြစ်သည်။

အခမ်းအနားတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် နာယက ဦးတင်ဦးနှင့် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းတို့က နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ မွေးနေ့အထိမ်းအမှတ်အဖြစ် သွေးလှူဒါန်းခြင်းကို ဂုဏ်ယူပါကြောင်းနှင့် ကျေးဇူးတင်ဝမ်းမြောက်ကြောင်း ပြောကြားသည်။

ဆက်လက်၍ အမျိုးသားသွေးဗဟိုဌာန ညွှန်ကြားရေးမှူး ဒေါ်သီတာအောင်က သွေးလှူဘဏ်၏ လုပ်ငန်းတာဝန်များနှင့် သွေးလှူဒါန်းခြင်းဆိုင်ရာများကို ရှင်းလင်းပြောကြားသည်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ရန်ကုန်တိုင်းလူငယ်လုပ်ငန်းအဖွဲ့ တွဲဖက်တာဝန်ခံ ဦးရဲဝေဖြိုးက "နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ရဲ့ (၇၁)နှစ်မြောက်မွေးနေ့အထိမ်းအမှတ်အဖြစ် ကောင်းမှုကုသိုလ်တစ်ခုပြုဖို့ ကျွန်တော်တို့ စဉ်းစားကြပါတယ်။ အများပြည်သူအတွက်လည်း အကျိုးရှိမယ့်လုပ်ငန်းတွေ လုပ်မယ်ဆိုပြီးစဉ်းစားတဲ့အခါ အခုကမိုးရာသီလည်း ရောက်လာပြီ။ ကလေးတွေ သွေးလွန်တုပ်ကွေးအဖြစ်များတဲ့ရာသီဆိုတော့ ကလေးတွေအတွက် သွေးလိုအပ်ချက်ရှိလာရင်ဖြည့်ဆည်းပေးနိုင်ဖို့ ရန်ကုန်တိုင်းဒေသကြီး တစ်ခုလုံးက အားထားရတဲ့ အမျိုးသားသွေးဗဟိုဌာနမှာ သွေးလှူဖို့ဆုံးဖြတ်ကြတာဖြစ်ပါတယ်"ဟု ဆိုသည်။

သွေးလှူရှင်တစ်ဦးဖြစ်သူ လှိုင်သာယာမြို့နယ်နေ ကိုကျော်ကျော်အောင်က "သွေးသည် အသက်၊ အသက်သည်သွေး ဖြစ်တဲ့အတွက် အခုလိုသွေးလှူဒါန်းခွင့်ရတာကို ဝမ်းသာပီတိဖြစ်ရပါတယ်"ဟု ဆိုသည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ (၇၁)နှစ်မြောက်မွေးနေ့ အထိမ်းအမှတ်အဖြစ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ရန်ကုန်တိုင်းလူငယ်လုပ်ငန်းအဖွဲ့ကဦးဆောင်၍ ဂုဏ်ပြုသွေးလှူဒါန်းပွဲသည် ဒုတိယအကြိမ်မြောက် ကျင်းပခြင်းဖြစ်ပြီး ပြီးခဲ့သည့် (၇၀)နှစ်မြောက်မွေးနေ့တွင်လည်း သွေးလှူရှင် ၂၀၀ ကျော်တို့က ပထမအကြိမ်သွေးလှူဒါန်းခဲ့သည်။

အလားတူ မွေးနေ့အထိမ်းအမှတ်အဖြစ် တာမွေမြို့နယ် လွှတ်တော်ကိုယ်စားလှယ်များနှင့် မြန်မာအသည်းဖောင်ဒေးရှင်းတို့ပူးပေါင်း၍ အနေးယာဉ်လုပ်သားများ၊ ပျံကျဈေးသည်များနှင့် ရပ်ကွက်နေပြည်သူလူထု စုစုပေါင်း ၁၅၀၀ ခန့်ကို ယနေ့နံနက်ပိုင်းက အထက(၂)တာမွေ၌ အသည်းရောင်အသားဝါဘီပိုးကာကွယ်ဆေးများထိုးနှံပေးခဲ့ကြောင်း သိရသည်။

**သတင်း - နန္ဒာဝင်း၊ ဓာတ်ပုံ - ရဲထွန်း**

## ရင်ခုန်စရာ ပင်လုံမဟာ မျှော်လင့်ချက်

❂ စိမ်းလန်းတေးတွေနဲ့
ငြိမ်းချမ်းရေးကို ကြိုနေသည်၊
တစ်မြေတည်းနေ တစ်ရေတည်းသုံး
ဒို့အားလုံး ညီနောင်ဆွေမို့
အရှည်တည်အောင် ချစ်ကြည်ခြင်းကို
မသွေရည်ဆောင် နားလည်ခြင်းနဲ့
တံတားခင်းပြီ၊
အညာနဲ့ အကြေ
တောင်ပေါ်နေနဲ့ မြေပြန့်သား
အခြေတွေ ဘယ်လိုခြားသော်လည်း
ဒီတံတားပေါ် စုံညီစုလို့
ယုံကြည်မှု တည်ထောင်မည်
ဘုံအတည်ပြု ပြည်ထောင်အရေး၊
တိုင်းရင်းအရေးပေမို့
ရိုင်းပင်းတွေးပါလို့
ဝိုင်းဝန်း ဆွေးနွေး။

❂ ချိုးငှက်တို့ တေးသံ
မိုးယံသို့ ဖြန့်ကြက်၊
ပြည်မြန်မာ အနာဂတ်လမ်း
လက်ကမ်းကြိုလျက်။

❂ (၂၁)ရာစု ပင်လုံမဟာ
ရင်ခုန်စရာ မျှော်လင့်ချက်၊
ညီနောင်အများ ရည်ဆောင်အားနဲ့
(ချစ်ဆွေတို့ရေ. . .)
ကြိုးစားရှေ့ဆက်။ ။

မျိုးမြတ်မြတ်မြင့်မောင်

# မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး ဧက ၂၀၀ ခြံ၌ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်ကျင်းပ

**ရန်ကုန် ဇွန် ၁၉**
"ဒီနေ့က ရန်ကုန်တိုင်းဒေသကြီးရဲ့ မိုးရာသီသစ်ပင်စိုက်ပွဲတော်ကျင်းပတဲ့ နေ့တစ်နေ့ဖြစ်ပါတယ်။ သစ်ပင်စိုက်ပျိုးတယ်ဆိုတာ မြို့ရွာရဲ့အေးချမ်းမှု၊ ကမ္ဘာမြေကြီးရဲ့ အေးချမ်းမှုအတွက် စိုက်ပျိုးကြတာဖြစ်ပါတယ်။ ဒီလိုပဲ နိုင်ငံအေးချမ်းတည်ငြိမ်စွာနဲ့ ဖွံ့ဖြိုးတိုးတက်နိုင်ဖို့အတွက် မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ကို မွေးဖွားပေးလိုက်တဲ့နေ့ဖြစ်ပါတယ်"ဟု ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ပြောသည်။

ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ လှည်းကူးမြို့နယ် မင်းကုန်းကျေးရွာရှိ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဝင်း မြေနေရာ၌ကျင်းပသည့် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၏အစီအစဉ်ဖြင့် မိုးရာသီသစ်ပင်စိုက်ပွဲတော်၌ ထိုသို့ပြောကြားခဲ့ခြင်းဖြစ်သည်။

၂၀၁၆ ခုနှစ် မိုးရာသီ၌ အမျိုးသားပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးလှုပ်ရှားမှု သစ်ပင်စိုက်ပျိုးခြင်းလုပ်ငန်းအဖြစ် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ခရိုင်၊ မြို့နယ်များအလိုက် ဆောင်ရွက်မည့်အစီအစဉ်ကို သတ်မှတ်ကာလရက် ၁၀၀ အတွင်း အပြည့်အဝအောင်မြင်အောင် အထူးအလေးထား အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ယနေ့ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်တွင် တမလန်း၊ ယူကလစ်၊ မန်ကျည်းရှား၊ အော်ရီရှား၊ မဟော်ဂနီ၊ စိန်ပန်း၊ ပျဉ်းကတိုး၊ ရေတမာ၊ ကံ့ကော်၊ ပိတောက်နှင့် ခရေပင် အပင်မျိုးစုံ စုစုပေါင်းအပင် ၅၀၀၀ စိုက်ပျိုးခဲ့သည်။

ရုပ်ရှင်သရုပ်ဆောင် ဒေါ်နွဲ့နွဲ့စန်းက "ဒီနေ့သစ်ပင်စိုက်ရတာ ပျော်ပါတယ်။ နောင်လာမယ့် အနုပညာရှင်တွေ ဆက်လက်ပြီး ထိန်းသိမ်းစေချင်ပါတယ်။ ရှေ့က လုပ်ပေးတဲ့သူကလုပ်ပေးပြီး ဆက်လက်ထိန်းသိမ်းမယ့်သူမရှိရင် အလကားပဲ။ ဒီနေ့က ဒေါ်အောင်ဆန်းစုကြည် မွေးနေ့လည်းဖြစ်တဲ့အတွက် မွေးနေ့ နှစ် (၁၀၀) တိုင် ဘုန်းကြီးပြီး အသက်ရှည်ပါစေလို့ ဆုတောင်းပေးပါတယ်"ဟု ပြောသည်။

မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး ဒုတိယဥက္ကဋ္ဌ ဦးအေးကြူလေးက "မြေဧက ၂၀၀ ဆိုတော့ ခြံက အကျယ်ကြီး။ ခြံထဲမှာ ရုပ်ရှင်ရိုက်လို့ရအောင် သာသာယာယာလေးဖြစ်အောင်လုပ်ဖို့လိုတယ်။ အခု ဝန်ကြီးချုပ်နဲ့အဖွဲ့က ဒီမှာ ၁၀ ဧကအတွင်း အပင် ၅၀၀၀ စိုက်ပေးတယ်။ ရုပ်ရှင်အဖွဲ့သားတွေကလည်း စိုက်တယ်။ ဒီနေ့သစ်ပင်စိုက်ပျိုးပွဲနဲ့ အမေစုမွေးနေ့ တိုက်ဆိုင်ပါတယ်။ ပိုပြီးဝမ်းသာပီတိဖြစ်တာကတော့ ရုပ်ရှင်ခြံမြေလေးက သာယာလှပသွားမယ်လို့ ထင်ပါတယ်။ အနာဂတ်မှာ ဒီနေရာက သမိုင်းဝင်မယ့်နေရာဖြစ်လာမှာပါ။ ရုပ်ရှင်အတွက်ဒါ ပထမဆုံးခြေလှမ်းပါ။ မြေဧက ၂၀၀ လုံး ခြံစည်းရိုးခတ်ပြီးပါပြီ"ဟု ပြောသည်။

မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲတော်သို့ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး၊ မြန်မာနိုင်ငံဂီတအစည်းအရုံး၊ သစ်ပင်ချစ်သူများ စသည့် အသင်းအဖွဲ့အစည်းများ၊ ရန်ကုန်တိုင်းဒေသကြီး သစ်တောဦးစီးဌာနမှ တာဝန်ရှိသူများနှင့် ဒေသခံပြည်သူများ တက်ရောက်စိုက်ပျိုးပေးကြသည်။

**(ရီရီမြင့်၊ ဥမ္မာသန့်)**



# ကုလသမဂ္ဂ၏ မြန်မာနိုင်ငံလူ့အခွင့်အရေးအခြေအနေဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ မစ္စယန်ဟီလီ ရန်ကုန်မြို့သို့ရောက်ရှိ

**ရန်ကုန် ဇွန် ၁၉**
ကုလသမဂ္ဂ၏ မြန်မာနိုင်ငံလူ့အခွင့်အရေးအခြေအနေဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ မစ္စယန်ဟီလီသည် ၂၀၁၆ ခုနှစ် စက်တင်ဘာလတွင် နယူးယောက်မြို့၌ ပြုလုပ်မည့် (၇၁)ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံသို့ တင်သွင်းမည့် အစီရင်ခံစာပြုစုရန်အတွက် ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ရောက်ရှိလာသည်။

မစ္စယန်ဟီလီနှင့် အဖွဲ့ဝင်များအား ဌာနဆိုင်ရာအကြီးအကဲများနှင့် UN ရုံးတို့မှတာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။**(အပေါ်ပုံ)**

ကုလသမဂ္ဂ၏ မြန်မာနိုင်ငံ လူ့အခွင့်အရေးအခြေအနေဆိုင်ရာ အထူးအစီရင်ခံစာ တင်သွင်းသူ မစ္စယန်ဟီလီသည် မြန်မာနိုင်ငံသို့ လာရောက်သည့် ခရီးစဉ်အတွင်း ရန်ကုန်၊ နေပြည်တော်၊ စစ်တွေ၊ မြစ်ကြီးနားနှင့် လားရှိုးမြို့တို့သို့ သွားရောက်မည်ဖြစ်ကြောင်း သိရသည်။

ကုလသမဂ္ဂ၏ မြန်မာနိုင်ငံ လူ့အခွင့်အရေးအခြေအနေဆိုင်ရာ အထူးအစီရင်ခံစာ တင်သွင်းသူ မစ္စယန်ဟီလီ၏ ယခုခရီးစဉ်သည် အစိုးရသစ်လက်ထက်တွင် ပထမဦးဆုံးခရီးစဉ်ဖြစ်ပြီး ၎င်းသည် မြန်မာနိုင်ငံသို့ စတုတ္ထအကြိမ်မြောက် လာရောက်သည့် ခရီးစဉ်လည်းဖြစ်သည်။ **(သတင်းစဉ်)**

# အင်ဒိုနီးရှားရေကြီးမှု လူ ၃၅ ဦးသေဆုံး၊ ၁၄ ဦးဒဏ်ရာရ၊ ၂၅ ဦးပျောက်ဆုံး

**ဂျကာတာ ဇွန် ၁၉**

အင်ဒိုနီးရှားနိုင်ငံအနောက်ဘက် ဂျာဗားပြည်နယ်အလယ်ပိုင်း၌ ရေကြီးရေလျှံမှုနှင့် မြေပြိုမှုများဖြစ်ပွားလျက်ရှိရာ လူ ၃၅ ဦး သေဆုံးပြီး ၁၄ ဦး ထိခိုက်ဒဏ်ရာရရှိကာ ၂၅ ဦး ပျောက်ဆုံးလျက်ရှိကြောင်း အင်ဒိုနီးရှားအမျိုးသားသဘာဝဘေးစီမံခန့်ခွဲရေးအေဂျင်စီမှ ပြောရေးဆိုခွင့်ရှိသူ ဆူတိုပိုပူရိုးနူဂရိုဟိုက ပြောကြားသည်။

ရေကြီးရေလျှံမှုနှင့် မြေပြိုမှုများကြောင့် သေဆုံးသူနှင့် ဒဏ်ရာရရှိသူအများစုမှာ ပါဝိုရီဂျို၊ ဘန်ဂျာနီဂါရာနှင့် ကယ်ဘူမင်ခရိုင်တို့မှ ဖြစ်သည်။ ရေကြီးရေလျှံမှုကြောင့် လူနေအိမ်အများအပြားပျက်စီးခဲ့ရသည်။

"မြေပြိုမှုကြောင့် လူနေအိမ်တွေ ရေလွှမ်းမိုးမှုဒဏ်ကို ခံခဲ့ရပါတယ်။ ဒါပေမယ့် တာဝန်ရှိသူတွေအနေနဲ့ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းတွေကို အရှိန်မြှင့်လုပ်ဆောင်နေပါတယ်" ဟု ဆူတိုပိုပူရိုးနူဂရိုဟိုက ဆင်ဟွာသတင်းဌာနသို့ တယ်လီဖုန်းဖြင့် ပြောကြားသည်။

မြေပြိုမှုများကြောင့် လမ်းများကိုလည်းပိတ်ဆို့ထားခဲ့ရာ သဘာဝဘေးဒဏ်သင့်ဒေသများသို့ ဆက်သွယ်သွားလာရန် အခက်အခဲရှိစေခဲ့သည်။ အင်ဒိုနီးရှားနိုင်ငံသည် မိုးသည်းထန်စွာရွာသွန်းချိန်၌ မြေပြိုမှုနှင့် ရေလွှမ်းမှုဒဏ်များနှင့် မကြာခဏ ကြုံတွေ့လျက်ရှိကြောင်း သိရသည်။

**ဆင်ဟွာ။**



# တိဘက်ဒေသဆိုင်ရာကိစ္စရပ်များကို အမေရိကန်အနေဖြင့် ဝင်ရောက်စွက်ဖက်ရန်မသင့်ကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးပြော



**ပေကျင်း ဇွန် ၁၉**

အမေရိကန်အစိုးရအနေဖြင့် တိဘက်ဒေသနှင့်ပတ်သက်သည့် မည်သည့်အကြောင်းကိစ္စကိုမဆို ဝင်ရောက်စွက်ဖက်ရန်မသင့်ကြောင်း တရုတ် နိုင်ငံခြားရေးဝန်ကြီး ဝမ်ယီက အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဂျွန်ကယ်ရီအား ဇွန် ၁၈ ရက်တွင် ဖုန်းဆက်အကြောင်းကြားခဲ့ကြောင်း ရိုက်တာသတင်းတစ်ရပ်အရ သိရသည်။

တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန ဝက်ဘ်ဆိုက်တွင် အဆိုပါဖုန်းခေါ်ဆိုမှုနှင့်ပတ်သက်ပြီး အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဂျွန်ကယ်ရီက တိဘက်ဒေသ၏ အချုပ်အခြာအာဏာကို မည်သည့်နည်းနှင့်မျှ ထိပါးရန် မရည်ရွယ်ပါကြောင်း၊ တိဘက်ဒေသသည် တရုတ်နိုင်ငံ၏ တစ်စိတ်တစ်ဒေသဖြစ်သည်ဆိုသည့် အမေရိကန်၏ နိုင်ငံခြားရေးမူဝါဒကို မပြောင်းလဲပါကြောင်း ပြောကြားခဲ့သည်ဟု ရေးသား ထားသည်။

အဆိုပါဖုန်းခေါ်ဆိုမှုသည် အမေရိကန်သမ္မတ ဘာရက်အိုဘားမားနှင့် တိဘက်ဒေသ ခေါင်းဆောင်ဟောင်း ဒလိုင်လားမားနှင့်တွေ့ဆုံပြီးနောက် ပေါ်ပေါက်လာခဲ့ခြင်းဖြစ်သည်။

ယင်းသို့တွေ့ဆုံဆွေးနွေးမှုသည် နှစ်နိုင်ငံ သံတမန်ဆက်ဆံရေးကို ထိခိုက်စေသည်ဟု တရုတ်နိုင်ငံက ရှုမြင်ခဲ့သည်။

အရှေ့အာရှဒေသနယ်မြေအငြင်းပွားမှုနှင့်ပတ်သက်ပြီး အမေရိကန်နှင့် တရုတ်နိုင်ငံတို့ တင်းမာမှုမြင့်တက်နေချိန်တွင် အမေရိကန်သမ္မတ အိုဘားမားနှင့် ဒလိုင်လားမားတို့ တွေ့ဆုံခဲ့ခြင်းဖြစ်သည်။ နိုင်ငံခြားရေးဝန်ကြီးနှစ်ဦးတို့ ဖုန်းပြောဆိုမှုတွင် ပေကျင်းမြို့တွင် ပြုလုပ်ခဲ့သည့် နှစ်နိုင်ငံအကျိုးတူ မဟာဗျူဟာကျ စီးပွားရေးဆိုင်ရာဆွေးနွေးမှု၏အကျိုးရလဒ်များကိုလည်း ဆွေးနွေးခဲ့သည်ဟု တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန ဝက်ဘ်ဆိုက်တွင် ရေးသားထားကြောင်း သိရသည်။ **ရိုက်တာ။**

# လွှတ်တော်အမတ် ဂျိုကို့စ် သေဆုံးပြီးနောက် ဥရောပသမဂ္ဂအဖွဲ့တွင် ဗြိတိန်နိုင်ငံ ဆက်လက်တည်ရှိမည်ကို လိုလားသည့် မဲဆန္ဒရှင်အရေအတွက် ပိုများလာ

**လန်ဒန် ဇွန် ၁၉**

ဗြိတိန်နိုင်ငံကို ဥရောပသမဂ္ဂအဖွဲ့မှ ခွဲထွက်ရန် လွှတ်တော်အမတ် ဂျိုကို့စ် သေဆုံးပြီးနောက် ပထမဆုံးမဲဆန္ဒခံယူမှုကို ဇွန် ၁၇ နှင့် ၁၈ ရက်တို့တွင် စစ်တမ်းကောက်ခဲ့ရာ ဥရောပသမဂ္ဂအဖွဲ့တွင် ဗြိတိန်နိုင်ငံ ဆက်လက်တည်ရှိနေမည်ဆိုသည့် ဆန္ဒပြုသူ များပြားလျက်ရှိကြောင်း အဆိုပါစစ်တမ်းတစ်ရပ်အရ သိရသည်။

ဇွန် ၁၇ နှင့် ၁၈ ရက်တို့တွင် ရရှိခဲ့သည့် ဆန္ဒခံယူမှုစစ်တမ်းအရ ဥရောပသမဂ္ဂအဖွဲ့တွင် ဗြိတိန်နိုင်ငံ ဆက်လက်တည်ရှိနေမည့် ဆန္ဒမဲပေးသူ ၄၅ ရာခိုင်နှုန်းရှိပြီး ခွဲထွက်ရန်ဆန္ဒမဲပေးသူအရေအတွက် ၄၂ ရာခိုင်နှုန်းရှိကြောင်း သိရသည်။

ပါလီမန်၏လေဘာပါတီအဖွဲ့ဝင် လွှတ်တော်အမတ်ကို့စ်သည် ဇွန် ၁၆ ရက်တွင် သေနတ်ဖြင့်ပစ်ခံရပြီး ဓားဖြင့်ပါထိုးနှက်ခြင်းခံရကာ သေဆုံးခဲ့သည်။ လာမည့်ဆန္ဒခံယူပွဲတွင် ဥရောပသမဂ္ဂအဖွဲ့တွင် ဗြိတိန်နိုင်ငံ ဆက်လက်တည်မြဲနေစေရန် မဲဆွယ်စည်းရုံးမှုများ ပြုလုပ်ခဲ့စဉ် သေဆုံးခဲ့ခြင်းဖြစ်သည်။

လွှတ်တော်အမတ်ကို့စ် မသေဆုံးမီအချိန်ထိ ဆန္ဒခံယူမှုစစ်တမ်းများအရ ဗြိတိန်နိုင်ငံဥရောပသမဂ္ဂအဖွဲ့မှခွဲထွက်မည့် ဆန္ဒမဲပေးသူ ၄၅ ရာခိုင်နှုန်းရှိခဲ့ပြီး ဆက်လက်တည်ရှိမည့် ဆန္ဒမဲပေးသူ ၄၂ ရာခိုင်နှုန်းသာရှိခဲ့သည်။

လွှတ်တော်အမတ်ကို့စ်သေဆုံးပြီးနောက် ဆက်လက်တည်ရှိမည့် ဆန္ဒမဲပေးသူ အရေအတွက်များပြားလာခဲ့ကြောင်း စစ်တမ်းအရသိရသည်။

ခွဲထွက်မည်ကိုလိုလားသည့်အဖွဲ့နှင့် ဆက်လက်တည်ရှိမည်ကို လိုလားသည့် အဖွဲ့နှစ်ဖွဲ့စလုံးကို လွှတ်တော်အမတ်ကို့စ်သေဆုံးပြီးနောက် မဲဆွယ်စည်းရုံးရေးများပြုလုပ်ခွင့်ကို ပိတ်ပင်ထားသည်။ မဲဆွယ်စည်းရုံးခွင့်များကို ဇွန် ၂၀ ရက်တွင် ပြန်လည်ခွင့်ပြုမည်ဖြစ်သည်။

ဆုံးဖြတ်ချက်အခိုင်အမာမချမှတ်ရသေးသော မဲဆန္ဒရှင် ၁၀ ရာခိုင်နှုန်းသော ပြည်သူများအား အဖွဲ့နှစ်ဖွဲ့က အပြိုင်အဆိုင်မဲဆွယ်စည်းရုံးမှုများ ပြုလုပ်မည်ဖြစ်သည်ဟု နိုင်ငံရေးစောင့်ကြည့်လေ့လာသူများက ဆိုသည်။

**အင်န်အိတ်ချ်ကေ။**



# ရုရှားကာကွယ်ရေးဝန်ကြီးနှင့် ဆီးရီးယားသမ္မတတို့ တွေ့ဆုံ

**မော်စကို ဇွန် ၁၉**

ရုရှားကာကွယ်ရေးဝန်ကြီး ဆာဂျီရွိုင်ဂူက ဆီးရီးယားသမ္မတ ဘာရှာအယ်လ် အာဆတ်နှင့် ဒမတ်စကတ်မြို့တွင် တွေ့ဆုံဆွေးနွေးခဲ့ကြောင်း ရုရှားတီအေအက်စ်အက်စ် သတင်းဌာနက သတင်းထုတ်ပြန်ကြောင်းသိရသည်။

အဆိုပါတွေ့ဆုံရာတွင် ကာကွယ်ရေးဆိုင်ရာကိစ္စရပ်များ၊ ကာကွယ်ရေးဆိုင်ရာနည်းပညာကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်မှုများအပါအဝင် ဆီးရီးယားနိုင်ငံအတွင်းရှိ စစ်သွေးကြွများကို ထိုးစစ်ဆင်တိုက်ခိုက်ရေးဆိုင်ရာကိစ္စရပ်များကို အလေးပေးဆွေးနွေးခဲ့ကြောင်း သိရသည်။

ရုရှားကာကွယ်ရေးဝန်ကြီးသည် ဆီးရီးယားနိုင်ငံမြောက်ပိုင်းရှိ စစ်အခြေစိုက်စခန်းသို့ သွားရောက်ခဲ့သည်။ ရုရှားကာကွယ်ရေးတပ်ဖွဲ့က ဆီးရီးယားအစိုးရအား ကူညီထောက်ပံ့သည့်အနေဖြင့် လေကြောင်းစစ်ဆင်ရေးများဆင်နွှဲရာတွင် အဆိုပါစစ်စခန်းကို အသုံးပြုလျက်ရှိသည်။

ထို့ပြင် ရုရှားကာကွယ်ရေးဝန်ကြီးက ရုရှားကာကွယ်ရေးတပ်ဖွဲ့တပ်စွဲထားသော အက်စ်-၄၀၀ လေကြောင်းကာကွယ်ရေးစနစ်ကိုစစ်ဆေးခဲ့ပြီး ရုရှားတပ်ဖွဲ့များနှင့် တွေ့ဆုံခဲ့သည်။

ယခုလအစောပိုင်းတွင် ရက်ကာခရိုင်အတွင်းရှိ အိုင်အက်စ်စစ်သွေးကြွများအား တိုက်ခိုက်ရေးဆင်နွှဲခဲ့ရာ ရုရှားစစ်တပ်က နောက်ခံလေကြောင်းစစ်ဆင်ရေးတွင် ပါဝင်ခဲ့သည်။

အလက်ပိုမြို့အနီးဝန်းကျင်ဒေသများကို အစိုးရဆန့်ကျင်သည့်အဖွဲ့များက ဆက်လက်ထိန်းချုပ်ထားလျက်ရှိကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ။**

# နိုင်ငံတကာ မြင်ကွင်း

ရဲရင့်လင်းလက်



ဖိလစ်ပိုင်သမ္မတအဖြစ်ရွေးကောက်တင်မြှောက်ခံထားရတဲ့ ရိုဒရီဂိုဒေးတာ့ခ် (Rodrigo Duterte) က ဖိလစ်ပိုင်နိုင်ငံမှာ ဂျာနယ်လစ်တွေ အသတ်ခံနေရတဲ့ ကိစ္စတွေဟာ ဘာမှမှားယွင်းလွဲချော်နေတဲ့ ကိစ္စမဟုတ်ဘူးလို့ စာနာမှုမရှိ ကြေညာချက်ထုတ်ပြန်ခဲ့ပါတယ်။ ဒီကြေညာချက်အပေါ် နိုင်ငံတကာက ပြင်းပြင်းထန်ထန် တုံ့ပြန်ဝေဖန်တဲ့အခါမှာလည်း ရိုဒရီဂိုဒေးတာ့ခ်က ခပ်မာမာခပ်တင်းတင်း မတောင်းပန်နိုင်ဘူးလို့ပြောဆိုခဲ့ပါတယ်။ ရိုဒရီဂိုဒေးတာ့ခ်ကို ပြင်းပြင်းထန်ထန်ဝေဖန်ကြသူထဲမှာ နယ်စည်းမခြားသတင်းထောက်များအဖွဲ့ (Reporters Without Borders) လည်းပါဝင်ပါတယ်။ အာရှ-ပစိဖိတ်ဒေသရဲ့နယ်စည်းမခြားသတင်းထောက်များအဖွဲ့အကြီးအကဲ ဘင်ဂျမင်အစ်မေးလ် (Benjamin Ismail) က "ဒီကြေညာချက်ဟာ သမ္မတရဲ့ ဂုဏ်သိက္ခာနဲ့တောင် မထိုက်တန်ပါဘူး။ အသရေဖျက်မှုပြစ်မှုကျူးလွန်တယ်လို့ ပြောနိုင်ပါတယ်။ ပြောရရင်အမုန်းတရားတွေ၊ အကြမ်းဖက်မှုတွေဖြစ်လာအောင် လှုံ့ဆော်နေတယ်လို့တောင် ပြောနိုင်ပါတယ်" လို့ ပြောကြားခဲ့ပါတယ်။ နယ်စည်းမခြားသတင်းထောက်များအဖွဲ့က သတင်းမီဒီယာအသိုင်းအဝိုင်းကို လူသိရှင်ကြား မတောင်းပန်သရွေ့ ဒေးတာ့ခ်အစိုးရအဖွဲ့ရဲ့သတင်းစာရှင်းလင်းပွဲတွေအပေါ် သပိတ်မှောက်ကြဖို့ကို တောင်းဆိုခဲ့ပါတယ်။

ဒေးတာ့ခ်ကတော့ ဒီလိုတောင်းဆိုတာကို ဖြုံပုံမရပါဘူး။ ဒေးတာ့ခ်က "ဘယ်တော့မှ မျက်စိရှေ့ပေါ်မလာခဲ့ရင် ပိုကောင်းတာပေါ့။ လုပ်လိုက်စမ်းပါ။ ကျွန်တော့်ကို သပိတ်ပိတ်ကြစမ်းပါ။ ဒက်ဗိုး (Davao)မြို့ကို နောက်တစ်ကြိမ် ခြေမချဖို့တောင် တောင်းဆိုချင်ပါသေးတယ်။ ဘယ်သူကမှ ကျွန်တော့်သတင်းထည့်မပေးလည်း ကျွန်တော်ဂရုမစိုက်ပါဘူး"လို့ ခပ်ကြမ်းကြမ်းပြောဆိုခဲ့သလို လူသိများထင်ရှားအောင်လုပ်တာမျိုးကိုလည်း သူက မုန်းတီးပါတယ်လို့ဖြည့်စွက်ပြောဆိုခဲ့ပါတယ်။ သမ္မတလုပ်မယ့်ပုဂ္ဂိုလ်ကလည်း ကြမ်းတမ်းလိုက်တာလို့ မတွေးလိုက်ပါနဲ့ဦး။ ဒီထက်ပိုကြမ်းရမ်းတဲ့စကားတွေ ရှိနေပါသေးတယ်။ "ဒီငတုံးငအတွေကို ကျွန်တော်ပြောလိုက်မယ်၊ ကျွန်တော့်ကို လာမခြိမ်းခြောက်ပါနဲ့။ ကျွန်တော်ထပ်ပြောလိုက်ဦးမယ်၊ သမ္မတရာထူးဆုံးရှုံးလည်း ကျွန်တော်ဂရုမစိုက်ပါဘူး။ ဂုဏ်သိက္ခာထိခိုက်လည်း အရေးမစိုက်ဘူး။ အသက်ဆုံးရှုံးရလည်းတုန်လှုပ်မှာမဟုတ်ဘူး။ ကျွန်တော့်ကို လာမကလိပါနဲ့"တဲ့။ ပြောကို မပြောချင်တော့ဘူးလို့ ပြောရုံကလွဲလို့" ပြောစရာစကားမရှိတော့ပါဘူး။ ကြွတက်နေတဲ့ ရွေးချယ်ခံသမ္မတကြီးက ပြောလိုက်ပါတယ်။ ဘယ်သူသတင်းရေးရေးမရေးရေး အရေးမကြီးပါဘူးတဲ့။ သူ့မှာနိုင်ငံပိုင် ရုပ်မြင်သံကြား ကွန်ရက်ကြီးရှိနေသလို အစိုးရအင်တာနက်စာမျက်နှာ(Website) တွေကိုလည်းသုံးနိုင်ပါတယ်တဲ့။

ပြောရရင် အပြောအဆိုကြမ်းတမ်းတာထက် အတွေးအခေါ် လွဲချော်တိမ်းမှားနေတာက ပိုဆိုးနေတာပါ။ အသတ်ခံခဲ့ရတဲ့ သတင်းထောက်အများစုဟာ အကျင့်ပျက်လာဘ်စားလို့ အသတ်ခံရတာပါဆိုတဲ့ ရွေးချယ်ခံသမ္မတကြီး ဒေးတာ့ခ်ရဲ့ အကြောင်းပြချက်ဟာ မိုးကြိုးပစ် ထန်းလက်ကာပါ။ အခြေခံအကြောင်းအရင်းကို သုံးသပ်မယ်ဆိုရင်တော့ ဂျာနယ်လစ်တွေပေါ်ထားတဲ့ ရိုဒရီဂိုဒေးတာ့ခ်ရဲ့အမြင်ခံယူချက်ပါ။ ရိုဒရီဂိုဒေးတာ့ခ်က "ခင်ဗျားက သတင်းထောက်ဆိုတာနဲ့ ခင်ဗျားငတုံးငအဖြစ်နေလည်း ခင်ဗျားအသတ်မခံရဘူးလို့တော့ မတွေးလိုက်ပါနဲ့။ ကျွန်တော်ပွင့်ပွင့်လင်းလင်းပဲပြောမယ်၊ သားကောင်ဖြစ်ပြီဆိုကတည်းက တစ်ခုခုကိုမှားနေပြီ။ ခင်ဗျားအမှားအယွင်းမလုပ်ဘဲနဲ့ ခင်ဗျားကို သတ်တယ်ဆိုတာကတော့ မဖြစ်နိုင်ပါဘူး"လို့ ပြောတာကို ကြည့်လိုက်ရင် ရိုဒရီဂိုဒေးတာ့ခ်ရဲ့ သတင်းထောက်တွေအပေါ် အမြင်က ဘယ်လောက်ဆိုးရွားတယ်ဆိုတာကို မှန်းဆနိုင်ပါပြီ။ ရိုဒရီဂိုဒေးတာ့ခ်က ဖိလစ်ပိုင်နိုင်ငံမှာ သတင်းထောက် သုံးမျိုးသုံးစားရှိတယ်လို့ ရှင်းပြလိုက်ပါသေးတယ်။ ရိုဒရီဂိုဒေးတာ့ခ်က ပထမတန်းစား သတင်းထောက်က အမှန်တရားရဲ့ စစ်သည်တော်တွေ။ တစ်ခါတစ်ရံ ဒီလိုသတင်းထောက်တွေက စီးပွားရေးလုပ်ငန်းကြီးတွေ(ဒါမှမဟုတ်လည်း) အဖြစ်မှန်လူသိမခံရဲတဲ့ ပုဂ္ဂိုလ်ကြီးတွေရဲ့ မဖွယ်မရာသတင်းတွေကို လက်ဆုပ်လက်ကိုင်မိနေတာမျိုးဖြစ်တတ်ပါတယ်။ ဒီလိုသတင်းထောက်တွေကို လာဘ်ထိုးလို့မရပါဘူး။ ဒီလိုသတင်းထောက်တွေအတွက် အရေးအကြီးဆုံးကတော့ သတင်းထောက်ကျင့်ဝတ်သိက္ခာနဲ့ ကမ္ဘာကြီးကို အဖြစ်အမှန်တိုင်းတင်ပြဖို့ပဲ"လို့ ရှင်းပြတော့ ရိုဒရီဂိုဒေးတာ့ခ်က သတင်းထောက်တွေအပေါ် အဆိုးမြင်နေတယ်လို့ ပြောဆိုနေကြတာတွေဟာ ဟုတ်မှဟုတ်ရဲ့လားလို့တောင် တွေးစရာဖြစ်နေပါတယ်။ ဒုတိယတန်းစား သတင်းထောက်တွေကို သရုပ်ခွဲပြတဲ့အခါ ရိုဒရီဂိုဒေးတာ့ခ်က "ဒီလိုသတင်းထောက်တွေကတော့ သူတို့ကိုလက်သပ်မွေးပြီး မြိုးမြိုးမြက်မြက်ပေးထားတဲ့ပုဂ္ဂိုလ်တွေ၊ အဖွဲ့အစည်းတွေပြောစေချင်တာအားလုံး အကုန်ပြော၊ အကုန်ရေးတဲ့ သတင်းထောက်မျိုးပါ။ ပြောရရင် လူထုအမြင်လှအောင် မွမ်းမံခြယ်သပေးတဲ့သူတွေပါ"လို့ ရှင်းလင်းပါတယ်။ တတိယတန်းစားသတင်းထောက်တွေနဲ့ပတ်သက်လို့ကတော့ ရိုဒရီဂိုဒေးတာ့ခ်က "ဒီသတင်းထောက်တွေကတော့ ကလေကချေတွေပါ။ သတင်းတစ်ခုခုအနံ့ခံရပြီဆိုရင် လင်းတတွေလို ထိုးဆိတ်လို့ရသမျှ အသပြာတွေအကုန်ထိုးဆိတ်ယူတော့တာပဲ"လို့ ခပ်ပြတ်ပြတ်ခပ်ကြမ်းကြမ်းရှင်းပါတယ်။

ဒီလို ဋီကာဖွင့်ပြီး ရိုဒရီဂိုဒေးတာ့ခ်က သူ့ကောက်ချက်ကို ခပ်မိုက်မိုက်ပဲဆွဲယူလိုက်ပါတယ်။ "အခုအသတ်ခံခဲ့ရတဲ့သတင်းထောက်အများစုက တတိယတန်းစားသတင်းထောက်တွေပါ"တဲ့။ အဲဒီတော့မှပဲ ရိုဒရီဂိုဒေးတာ့ခ်က သတင်းထောက်ဋီကာဘာလို့ ဖွဲ့ဆိုပြတာလည်းဆိုတာကို နားလည်ရပါတော့တယ်။ နိဂုံးချုပ်မှာတော့ ရိုဒရီဂိုဒေးတာ့ခ်က "ကျွန်တော်ဒီမှာ ရှင်းလင်းပြောဆိုနေတာက သတင်းထောက်တွေကို အမွှမ်းတင်ပေးဖို့လို့တော့ မတွေးလိုက်ပါနဲ့။ ဒီလိုအမွှမ်းတင်ဖို့က ကျွန်တော့်အလုပ်မဟုတ်ပါဘူး။ သတင်းထောက်တွေ အသတ်ခံနေရတယ်ဆိုတာက တစ်ကမ္ဘာလုံးမှာဖြစ်နေတာပါ။ ဘယ်လိုအတန်းအစား သတင်းထောက်ပဲဖြစ်ဖြစ် အန္တရာယ်ဆိုတာကတော့ရှိတာပါပဲ။ တာဝန်ရှိသူတွေက သတင်းထောက်အားလုံးကို အကာအကွယ်ပေးဖို့ဆိုတာမဖြစ်နိုင်ပါဘူး။ မီဒီယာသမားတွေ သတ်ဖြတ်ခံနေရတာကို အစိုးရချည်းသက်သက် မဟန့်တားနိုင်ပါဘူး။ မီဒီယာအဖွဲ့အစည်းတွေက သူတို့ဝန်ထမ်းတွေကို ဒီထက်ပိုပြီးလေ့ကျင့်သင်ကြားပေးဖို့လိုပါတယ်"လို့ လက်ချာရိုက်ခဲ့ပါတယ်။

ဒီနှစ်ဖေဖော်ဝါရီလက နိုင်ငံတကာသတင်းထောက်များအဖွဲ့ချုပ်(International Federation of Journalists -IFJ)က ဖိလစ်ပိုင်နိုင်ငံကို ကမ္ဘာပေါ်မှာ သတင်းထောက်တွေ အသေအပျောက်အများဆုံးနိုင်ငံတစ်နိုင်ငံအဖြစ် ဖော်ပြခဲ့ပါတယ်။ သတင်းထောက်တွေ အသေအပျောက် များတဲ့နေရာမှာ အီရတ်နိုင်ငံပြီးရင် ဖိလစ်ပိုင်နိုင်ငံက ဒုတိယချိတ်ပါတယ်။ ဖိလစ်ပိုင်နိုင်ငံလုံးဆိုင်ရာ သတင်းထောက်များအဖွဲ့ (National Union of Journalists of the Philippines - NUJP) ရဲ့ ထုတ်ပြန်ချက်အရ ၁၉၈၆ ခုနှစ်ကစပြီး ဒီကနေ့အချိန်အထိ အသတ်ခံခဲ့ရတဲ့ ဂျာနယ်လစ်အရေအတွက်က ၁၇၄ ဦးရှိပါတယ်။ ဒါပေမယ့် အရေးယူအပြစ်ပေးနိုင်ခဲ့တဲ့အမှုက ၁၀ မှုပဲရှိပါတယ်။ ဒီရက်ပိုင်းအတွင်း ထွက်ပေါ်ခဲ့တဲ့သတင်းတွေအရ ရိုဒရီဂိုဒေးတာ့ခ်ကတော့ စကားလုံးတွေသုံးထိုးနှက်၊ စစ်မျက်နှာဖွင့်ခဲ့တာက သတင်းထောက်တွေချည်းမဟုတ်ပါဘူး။ ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဘန်ကီမွန်းလည်း ပါဝင်နေပါတယ်။ သတင်းထောက်တွေ အသတ်ခံနေရတဲ့ ကိစ္စနဲ့ပတ်သက်ပြီး ရိုဒရီဂိုဒေးတာ့ခ် ပြောဆိုခဲ့တာတွေအပေါ် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဘန်ကီမွန်းက "ဒါဟာ ဥပဒေကိုချိုးဖောက်တာပါပဲ။ လူသားတွေရဲ့ အခြေခံရပိုင်ခွင့်တွေနဲ့ လွတ်လပ်ခွင့်တွေကို ထိပါးစော်ကားတာပါပဲ"လို့ဝေဖန်ပြောဆိုခဲ့ပါတယ်။ ဇွန် ၈ ရက်က နယူးယောက်မှာရှိတဲ့ ကုလသမဂ္ဂသတင်းထောက်များအဖွဲ့မှာ မိန့်ခွန်းပြောကြားရာမှာလည်း ဘန်ကီမွန်းက "ရိုဒရီဂိုဒေးတာ့ခ်ရဲ့ အပြုအမူအပြောအဆိုတွေကြောင့် သူ့မှာ စိတ်အနှောင့်အယှက်ဖြစ်ရပါတယ်" လို့လည်း ထည့်သွင်းပြောဆိုခဲ့ပါတယ်။ ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဘန်ကီမွန်းပြောဆိုခဲ့တဲ့အပေါ် တုံ့ပြန်ရာမှာ ရိုဒရီဂိုဒေးတာ့ခ်က "သူပြောဆိုခဲ့တာတွေဟာ တတိယတန်းစား သတင်းထောက်တွေကိုပဲ ရည်ရွယ်ပြောကြားခဲ့တာပါ" လို့ပြောပြီး မိုးကြိုးပစ် ထန်းလက်ကာတဲ့အကွက်ကို ဆက်ကခဲ့ပါတယ်။ သတင်းထောက်တွေ အသတ်ခံနေရတဲ့ကိစ္စနဲ့ပတ်သက်ပြီး သူတို့ရဲ့ စိုးရိမ်ပူပန်မှုတွေကို ဖွင့်ဟပြောဆိုဖို့လာတဲ့ ကုလသမဂ္ဂအထူးကိုယ်စားလှယ်နှစ်ဦးကိုလည်း ရိုဒရီဂိုဒေးတာ့ခ်က "ခင်ဗျားတို့ အိမ်ပြန်ပြီး ကောင်းကောင်းသာအိပ်လိုက်ပါတော့။ ခင်ဗျားတို့က အလုပ်တွေအလွန်အကျွံလုပ်ပြီး ကယောင်ကတမ်းဖြစ်နေတယ်။ ခင်ဗျားတို့ပြောဆိုနေတာတွေကလည်း တစ်လွဲတစ်ချော်၊ အကြောင်းပြချက်တွေမှာချည်း အခြေခံပြောဆိုနေတာကိုး"လို့ ပြစ်တင်ပြောဆိုခဲ့ပါတယ်။ ဇွန်လ ၂ ရက်နေ့က နိုင်ငံခြားသတင်းထောက်များအသင်းမှာ မိန့်ခွန်းပြောကြားရာမှာ ရိုဒရီဂိုဒေးတာ့ခ်က "အလကား ဖွတ်ကျား ကုလသမဂ္ဂ။ အရှေ့အလယ်ပိုင်းဒေသမှာ စစ်တွေဖြစ်၊ လူတွေ အစုလိုက် အပြုံလိုက်သေနေတာကိုလည်း မရှင်းနိုင်။ အာဖရိကတိုက်မှာလည်း ဘာမှကူဖော်မရ။ ကိုယ့်ပါးစပ်ကိုယ် ပိတ်ထားဖို့ပဲကောင်းတယ်"လို့ ကုလသမဂ္ဂအပေါ် ဝေဖန်ထိုးနှက်ခဲ့ပါတယ်။ ရိုဒရီဂိုဒေးတာ့ခ်ရဲ့ ဒီလိုလေ ဒီလိုအပြုအမူတွေနဲ့ ဖိလစ်ပိုင်နိုင်ငံကို ကိုယ်စားပြုပြီး ဘယ်လို့များ သမ္မတတာဝန်ထမ်းဆောင်မလဲလို့ တွေးပူမိပါတယ်။ ။

## ကျိုက်ထီးရိုးစေတီတော် မြေလျှောဒဏ်ခံနိုင်မှုရှိ/မရှိ မြေသားစစ်ဆေးမှုဆောင်ရွက်မည်

**ရန်ကုန် ဇွန် ၁၉**

မွန်ပြည်နယ် ကျိုက်ထိုမြို့ရှိ ကျိုက်ထီးရိုးစေတီတော်တောင်ပေါ်ဒေသ သဘာဝဘေးဒဏ်ဖြစ်သော မြေလျှောဒဏ်ခံနိုင်မှုရှိ/မရှိ မြေသားစစ်ဆေးမှုကို ပြုလုပ်သွားမည်ဖြစ်ကြောင်း ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်က ပြောသည်။

ကျိုက်ထီးရိုးစေတီတော်သည် ပြည်တွင်းဘုရားဖူးခရီးသည်များ အများဆုံးလာရောက်ဖူးမြော်သည့် ဘုရားဖူးခရီးစဉ်တစ်ခုဖြစ်သည့်အပြင် ပြည်ပဧည့်သည်များ စိတ်ဝင်တစား လာရောက်လေ့လာလည်ပတ်သော ခရီးသွား ဆွဲဆောင်ရာဒေသတစ်ခုဖြစ်ပြီး တစ်နှစ်ပတ်လုံး ဧည့်သည်လာရောက်မှုရှိသော ခရီးစဉ်ဒေသတစ်ခုဖြစ်သည်။ ခရီးသွားများပြားလွန်းခြင်းအပြင် ရင်ပြင်တော်ပတ်ဝန်းကျင်တစ်ဝိုက်တွင် အဆောက်အအုံများ များပြားလာခြင်းနှင့် တောင်ပေါ်သို့ ပြေးဆွဲပေးနေသော မော်တော်ယာဉ်များ၏ တုန်ခါမှုဒဏ်များကြောင့် စေတီတော်ကြီး ဘက်စုံတည်တံ့ရန်အတွက် ထိန်းသိမ်းရန်လိုအပ်ကြောင်း ပြည်ထောင်စုဝန်ကြီးက ဇွန် ၁၉ ရက် ရန်ကုန်မြို့ အင်းလျားလိတ်ဟိုတယ်၌ သတင်းမီဒီယာများနှင့် သတင်းစာရှင်းလင်းပွဲပြုလုပ်စဉ် ထည့်သွင်းပြောကြားသွားခဲ့သည်။

"ကျိုက်ထီးရိုးစေတီတော်ဟာ ခရီးသွားဈေးကွက်အလားအလာအကောင်းဆုံးတစ်ခုဖြစ်ပါတယ်။ ထိုင်းဧည့်သည်တွေလည်း စိတ်ဝင်တစား လာရောက်မှုရှိပါတယ်။ နေရာထိုင်ခင်း မလုံလောက်တဲ့ပြဿနာ၊ ရေရရှိမှုပြဿနာ၊ အနံ့အသက် မကောင်းတဲ့ပြဿနာတွေ၊ အမှိုက်စွန့်ပစ်မှုပြဿနာတွေလည်း ရှိနေပါတယ်။ အခုဆိုရင် စေတီတော်ကို လျှောဒဏ်ခံနိုင်မှုရှိ/မရှိ soil test လုပ်ဖို့ ကြိုးစားနေပါတယ်။ အပေါ်မှာ အိုဗာဝိတ်ဖြစ်နေရင် အောက်ကိုပြန်ချပါမယ်။ နောက်ပြီး ကားတွေရဲ့ တုန်ခါမှုတွေကြောင့်လည်း အဲဒီဒဏ်ကို ခံနိုင်မှုရှိ/မရှိ စစ်ဆေးပါမယ်။ ပြီးရင် ဘယ်နေရာအထိပဲ ကားတွေကို ပြေးဆွဲရမယ်ဆိုပြီး ကေဘယ်လ်ကားနဲ့ ချိတ်ဆက်ပြေးဆွဲဖို့ကိုလည်း ကေဘယ်လ်ကားလုပ်ငန်း တင်ဒါခေါ်ယူဖို့ရှိပါတယ်"ဟု ပြည်ထောင်စုဝန်ကြီးက ထည့်သွင်းပြောကြားသည်။

ကျိုက်ထီးရိုးစေတီတော် ရင်ပြင်တော်ပေါ်တွင် အဆောက်အအုံများ များပြားလာခြင်း၊ လူနေထူထပ်လာခြင်းတို့ကြောင့် ရေကောင်းရေသန့် ရရှိမှုအခက်အခဲများလည်း ရှိနေပြီး စည်းကမ်းမဲ့ အမှိုက်စွန့်ပစ်မှု၊ သန့်ရှင်းမှုပိုင်းတို့တွင်လည်း အားနည်းချက်များ ရှိနေကြောင်း သိရသည်။ ယင်းကြောင့် အဆိုပါပြဿနာရပ်များကို ဖြေရှင်းရန်နှင့် ဒေသခရီးသွားကဏ္ဍ၊ ကျန်းမာရေးကဏ္ဍနှင့် ရေအရည်အသွေးပိုင်း ထိန်းသိမ်းနိုင်ဖို့အတွက် ပြည်ထောင်စုဝန်ကြီးအပါအဝင် တာဝန်ရှိသူများ၊ ရပ်မိရပ်ဖဒေသခံများ၊ လွှတ်တော်ကိုယ်စားလှယ်များ တွေ့ဆုံဆွေးနွေးညှိနှိုင်းမှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။ ယင်းမှ ကောင်းမွန်သော အဖြေရလဒ်တစ်ခု ထွက်ပေါ်လာမည်ဖြစ်ပြီး အသိပညာပေးလုပ်ငန်းများကိုလည်း ဆက်လက်ဆောင်ရွက်သွားမည်ဟု ပြည်ထောင်စုဝန်ကြီးက ပြောသည်။

ပြည်တွင်းပြည်ပ ခရီးသွားအများဆုံး ခရီးစဉ်တစ်ခုဖြစ်သော ကျိုက်ထီးရိုးစေတီတော်သည် တစ်နှစ်ပတ်လုံးသွားရောက်သူများရှိသော်လည်း သီတင်းကျွတ်ကာလမှ ပွင့်လင်းရာသီကာလတစ်လျှောက် ခရီးသွားအများဆုံးလာရောက်လေ့ရှိသည်။ ခရီးသွားများပြားသောကာလတွင် တည်းခိုဆောင် မလုံလောက်မှု ပြဿနာများကို ရင်ဆိုင်ရလေ့ရှိပြီး ပြည်တွင်းခရီးသွားများမှာ ရင်ပြင်တော်များတွင် အခင်း၊ အကာ၊ စောင်၊ ခေါင်းအုံးများ ငှားရမ်းကာ ညအိပ်ဖူးမြော်သူများလည်းရှိသည်။ ယင်းကြောင့် ရေသုံးစွဲမှု၊ အမှိုက်စွန့်ပစ်မှုအပါအဝင် ဝန်ဆောင်မှုပိုင်းဆိုင်ရာတို့တွင် လိုအပ်ချက်များရှိနေပြီး ယင်းအခြေအနေကို ထိန်းသိမ်းဆောင်ရွက်ရန် လိုအပ်ကြောင်း ဝေဖန်မှုများ များပြားလျက်ရှိသည်။

(၀၀၁)

# မူလတန်းပညာရေး

ခိုင်လုံးမွှေး

**(ယမန်နေ့မှအဆက်)**

ကလေးတွေက ကျောင်းစနေကတည်းက ကိုယ့်ကျောပိုးအိတ်ကိုယ်လွယ်ပြီး ခြေကျင်လျှောက်လာကြရတော့ မိဘကို မှီခိုအားကိုးစိတ်မရှိတော့ဘဲ ကိုယ့်ဘာသာကြိုးစားရပ်တည်စိတ်၊ ကိုယ့်ကိုယ်ကိုယ် အားကိုးစိတ်ရှိလာပါတယ်။ ကျွန်မသမီးလေးဆိုရင် ကျောင်းစတက်တဲ့နေ့ပဲလိုက်ပို့ရပြီး နောက်နေ့ကျ ကျွန်မကကျောင်းနားထိလိုက်ခဲ့မယ်ဆိုတာတောင် အလိုက်မခံပါဘူး။ တခြားကလေးတွေလိုပဲ ကိုယ့်ဘာသာသွားချင်စိတ် ရှိခဲ့ပါတယ်။ အမေလိုက်ပို့မှာကိုလည်း ရှက်ပါတယ်။ အတုမြင်အတတ်သင်ဆိုသလိုပဲ တခြားဂျပန်ကလေးတွေလို ကိုယ့်ကျောပိုးအိတ်ကိုယ်လွယ်ပြီး သွက်သွက်လက်လက် ခြေကျင်လျှောက်သွားရတာကို သဘောကျတယ်တဲ့။ မြန်မာပြည်မှာတုန်းက ကားနဲ့ကျောင်းပို့တာတောင် အမေကို စာသင်ခန်းထဲထိလိုက်ပို့မှ ကြိုက်တဲ့ကလေးက အခုတော့ အမေလိုက်မပို့နဲ့တဲ့။ 'သမီးထက်ငယ်တဲ့ကလေးတွေတောင် ကိုယ့်ဘာသာလာတာ၊ ရှက်စရာကြီး'တဲ့။ ဒါဟာ ဘဝကိုစကတည်းက ကိုယ့်အားကိုယ်ကိုးတတ်အောင် သင်လိုက်တာပဲလေ။ ထူးပြီး သင်မနေရပါဘူး။ ကျောင်းတက်ရမယ့်စနစ်ကို ချပေးလိုက်တာကိုက အဲဒီလိုဆိုတော့ အလိုလို ကိုယ့်အားကိုယ်ကိုးတတ်သွားတာပါပဲ။

ဒါကြောင့် နိုင်ငံတော်အစိုးရအနေနဲ့ ဒီကျောင်းထားတဲ့စနစ်၊ ကျောင်းသွားတဲ့စနစ်တွေကိုပါ ပြင်ရမှာပါ။ ကလေးတွေကို မိမိကိုယ်ကို အားကိုးတတ်အောင် ကဗျာတွေနဲ့ပဲ သင်နေလို့မရပါဘူး။ ဘယ်လောက်ပဲ 'အိပ်ရာထ၊ မျက်နှာသစ်၊ သွားတိုက်' စသဖြင့် ကဗျာလေးနဲ့ တစ်နေ့တာလုပ်ရမယ့်အလုပ်ကို လုပ်တတ်အောင်သင်သင်၊ လက်တွေ့မပါရင် မရပါဘူး။ တကယ့်ကို ကိုယ့်ဘာသာလုပ်တတ်အောင် လုပ်ခိုင်းမှရမှာပါ။ ကဗျာတွေသင်တော့ ကဗျာတွေတော့ ဆိုတတ်တာပေါ့။ စာတွေ့၊ စာသိပဲရမှာပါ။ လက်တွေ့ပါမှဖြစ်မှာမို့ လက်တွေ့ကျကျလုပ်ဆောင်ရအောင် ဘယ်လိုလုပ်မလဲဆိုတာကို လူကြီးတွေက သေသေချာချာစဉ်းစားဖို့ လိုပါတယ်။

ဂျပန်နိုင်ငံမှာ ကလေးတွေ ကျောင်းထဲရောက်ရင် စာသင်ခန်းထဲမသွားခင် ဖိနပ်လဲပြီး စီးရပါတယ်။ အိမ်ကနေစီးလာတဲ့ဖိနပ်ကို အဝင်ကဖိနပ်စင်မှာချွတ်ခဲ့ပြီး ကျောင်းတွင်းစီးဖိနပ်နဲ့ လဲစီးရတာပါ။ ဒါကိုတော့ သိပ်ငယ်တဲ့ ကျောင်းထားခါစကလေးတွေကို ဆရာဆရာမတချို့နဲ့ အလှည့်ကျတာဝန်ပေးခံရတဲ့ အတန်းကြီး ကျောင်းသား ကျောင်းသူတချို့က အကူအညီပေးကြရပါတယ်။ မိဘတွေက ကျောင်းဝင်းထဲ လာခွင့်မရှိတော့ မိဘဆရာအသင်းရဲ့ တာဝန်ပေးခံရတဲ့ မိဘတွေက အလှည့်ကျလာပြီး ကျောင်းအပြင်က မီးပွိုင့်တွေမှာ လမ်းဖြတ်ကူးပေးတဲ့တာဝန်ကို ယူပေးကြရပါတယ်။ ပြီးတော့ မိဘတွေဆီ (PTA-Parents Teachers Association) အသင်းကကတ်ပြားလေးတွေ ပို့ပြီး ဘယ်နေ့မှာ အစည်းအဝေးရှိတယ်၊ ဘယ်နေ့မှာ မိဘအချင်းချင်းတွေ့ဆုံပွဲလုပ်မယ်၊ ဘယ်နေ့မှာ ဘာလုပ်ရမယ်ဆိုတာကို အကြောင်းကြားပါတယ်။

ကလေးတွေ ကျောင်းစထားကတည်းကလည်း မိဘတွေဖြည့်ရမယ့် Form မှာ ကိုယ့်အားလပ်ရက်၊ ကိုယ်ကကျောင်းကို ဘာအကူအညီပေးနိုင်မယ်ဆိုတာတွေကို ဖြည့်ပေးရပါတယ်။ ဥပမာအားဖြင့် ဘယ်နေ့၊ ဘယ်အချိန်မှာ လမ်းဖြတ်ကူးတာဝန်ထမ်းပေးနိုင်မယ်။ ဘယ်နေ့၊ ဘယ်အချိန်မှာ ကျောင်းရဲ့သင်ကြားရေးထဲက ချက်ပြုတ်ရေးဘာသာရပ်၊ အချုပ်အလုပ်ဘာသာရပ်၊ ဒါမှမဟုတ် ယဉ်ကျေးမှုနဲ့ လူမှုလေ့ဆိုင်ရာစာအုပ်တွေကို ဖတ်ပြ၊ ရှင်းပြတာမျိုးတွေ လုပ်ပေးနိုင်မယ် စသဖြင့် ဖြည့်စွက်အသိပေးရတာမျိုးပါ။ အဲဒီ ဖြည့်စွက်ချက်ကို ကြည့်ပြီး ကျောင်းကတာဝန်ယူဖို့ အလှည့်ကျလာရင် အကြောင်းကြားပါတယ်။ အဲဒီအခါ မပျက်မကွက်သွားပြီး အကူအညီပေးကြရပါတယ်။ ဒါဟာ သူတို့ထုံးစံပါပဲ။ တော်တော်ကောင်းတဲ့ထုံးစံလို့ ပြောရပါမယ်။ ကျောင်းထဲကို မိဘတွေ အကြောင်းမရှိဘဲ ထင်သလို မဝင်ရအောင်၊ အကျိုးရှိရှိ ပါဝင်ပတ်သက်နိုင်အောင် လုပ်ထားတဲ့စနစ်လေးပါ။ အတုယူစရာကောင်းပါတယ်။ မိဘတွေက အထူးသဖြင့် အမေတွေက အင်မတန်ကို လိုလိုလားလားနဲ့ လုပ်ကိုင်ပေးကြတာတွေ့ရလို့ မိဘဆရာအသင်းဖွဲ့တာ၊ အသင်းရဲ့လုပ်ဆောင်မှုဆိုတာ ဒီလိုမျိုးပါလား၊ ဒီလိုအကျိုးရှိပါလားလို့ ဝမ်းမြောက်ဝမ်းသာ သိခဲ့ရပါတယ်။

ဂျပန်နိုင်ငံက မူလတန်းကျောင်းတွေမှာ ကစားကွင်းအကျယ်ကြီးတစ်ကွင်းနဲ့ ရေကူးကန်တစ်ခု ရှိရပါတယ်။ အဲဒါတွေက ကျောင်းရဲ့အင်္ဂါရပ်အနေနဲ့ မရှိမဖြစ်တဲ့လိုအပ်ချက်ပါ။ သူတို့လည်း အထပ်မြင့်တွေဆောက်ပေမယ့် မူလတန်းဆို ဘယ်နှထပ်၊ အလယ်တန်းဆို ဘယ်နှထပ်ပဲ ဆောက်ရမယ်ဆိုတဲ့ ကန့်သတ်ချက်ရှိတယ်လို့ သိရပါတယ်။ ဒါကြောင့် ဂျပန်နိုင်ငံမှာ ဘယ်မြို့၊ ဘယ်နေရာ သွားလိုက်သွားလိုက် ဆိုင်းဘုတ်ဖတ်တတ်စရာမလိုဘဲ ဒါက ကျောင်း၊ မူလတန်းကျောင်း၊ အလယ်တန်းကျောင်း စသဖြင့် တန်းပြီးသိနိုင်ပါတယ်။ ပုံစံတူ၊ အကျယ်အဝန်းတူ၊ အနေအထားတူဖြစ်နေလို့ သိရလွယ်တာပါ။ သူတို့ရဲ့စနစ်လို့ ပြောရပါမယ်။ ကျောင်းဝတ်စုံ (Uniform) ကျတော့ တချို့မူလတန်းကျောင်းတွေက သတ်မှတ်ထားတဲ့ ဝတ်စုံရှိပေမယ့် တချို့ကျောင်းတွေက ဝတ်စုံမသတ်မှတ်ပါဘူး။ ဒါပေမယ့် အလယ်တန်းရောက်ရင်တော့ ကျောင်းတိုင်းဝတ်စုံသတ်မှတ်ပါတယ်။ ဒါပေမယ့် တစ်ကျောင်းနဲ့တစ်ကျောင်းတော့ အရောင်အသွေး မတူညီကြပါဘူး။ နွေဝတ်စုံ၊ ဆောင်းဝတ်စုံ ခွဲတာ၊ မိန်းကလေးတွေက စကတ်၊ ယောကျ်ားလေးတွေက ဘောင်းဘီရှည်၊ နက်ကတိုင်ဝတ်ရတာ၊ ကျောင်းလွယ်အိတ်အနေနဲ့ ခရီးဆောင်အိတ်အသေးလေးတွေ ကိုင်ရတာဆိုတဲ့ အခြေခံအချက်တွေတော့ တူညီကြပါတယ်။ ကျောင်းဝတ်စုံအကြောင်းကလည်း ကျယ်ကျယ်ပြန့်ပြန့်ပြောဖို့လိုတာမို့ သီးခြားရေးရမယ့်ကိစ္စပါ။ တချို့ကျောင်းတွေက ကလေးတွေ ဦးထုပ်၊ ဖိနပ်၊ ခြေအိတ်ကအစ တူညီသတ်မှတ်ထားတာတွေ ရှိပါတယ်။ မနက်ဆို ကလေးတွေက တူညီဝတ်စုံလေးတွေနဲ့ ခြေကျင်လျှောက်ပြီး တပျော်တပါးကျောင်းသွားကြတာ မြင်ရရင် ကြည်နူးစရာ သိပ်ကောင်းပါတယ်။ မြန်မာကလေးတွေလိုပဲ လမ်းမှာ ဆော့ကြ၊ ကစားကြ၊ တွန်းကြ၊ ထိုးကြပါပဲ။ တချို့အိမ်တွေက ခွေးတွေက အိမ်ထဲက တအားဟောင်၊ သူတို့က ခွေးကိုစဆိုတာတွေလည်း တွေ့ရပါတယ်။ ကလေးဆိုတာကတော့ သဘာဝချင်းတူကြတာပဲလို့ အောက်မေ့မိပါတယ်။ ကျွန်မသမီးဆို အိမ်နီးနားချင်း ကိုရီးယားကလေး၊ ဘော့စနီးယားကလေးတွေနဲ့အတူ ကျောင်းသွားကြပြီး လမ်းမှာကစားကြတာပဲတဲ့။ ကလေးတွေ ကျောင်းနေရတာက ကိုယ့်မြို့နယ်ထဲက ကျောင်း၊ ကိုယ့်အိမ်နဲ့ မနီးမဝေးနေရာမှာရှိတဲ့ကျောင်းဆိုတော့ မိဘတွေအနေနဲ့လည်း စိတ်ပူစရာမလို၊ လိုက်ပို့၊ ပြန်ကြိုရတဲ့ဒုက္ခလည်း မရှိနဲ့ တော်တော်စိတ်သက်သာရပါတယ်။

မြန်မာနိုင်ငံက မိဘတွေဆိုရင်တော့ မူလတန်းကလေးတွေအတွက် နောက်ဒုက္ခတစ်ခုက ထမင်းလိုက်ကျွေးကြရတာပါ။ နေ့လယ်ကျောင်းဆင်းချိန်ဆို မိဘတွေက ကျောင်းရှေ့အရိပ်ရတဲ့ တစ်နေရာရာမှာ ဖျာခင်းပြီး ချိုင့်ကြီး၊ ချိုင့်ငယ်အသွယ်သွယ်နဲ့ ကိုယ့်ကလေးကိုယ် ထမင်းလာကျွေးကြရတာ အလုပ်တစ်ခုပါပဲ။ မိဘတွေက အဲဒီအချိန်ကျမှ မိဘအချင်းချင်းတွေ့ရတာဆိုတော့ မိတ်ဖွဲ့ကြ၊ ဂုဏ်တုဂုဏ်ပြိုင် ဝတ်ကြ၊ စားကြ၊ ကြွားကြနဲ့ အလုပ်ကို ဖြစ်လို့ပါ။ ကိုယ်က ဘယ်လိုကားမျိုးစီးတယ်၊ ဘယ်လိုမျိုးဝတ်တယ်၊ စားတယ် စသဖြင့် သိသိသာသာရော၊ မသိမသာရော အပြိုင်အဆိုင်လုပ်ကြပြီး ပါလာတဲ့၊ ထမင်း၊ ဟင်း၊ မုန့်ပဲသရေစာကအစ ဆရာမတွေအတွက်လည်း အပြိုင်ပို့ကြ၊ ပေးကြပေါ့။ မိဘတွေ အထူးသဖြင့် အမေတွေ ခမျာ အဲဒီအလုပ်ကိုပဲ အလုပ်ကြီးအကိုင်ကြီးလုပ်ပြီး နေ့တိုင်းလုပ်နေကြရရှာတာပါ။ ဂျပန်နိုင်ငံလို အမေတွေက ကိုယ်တတ်တဲ့ပညာနဲ့ ကျောင်းကိုအကူအညီပေးရတဲ့ စနစ်လေးရှိရင် ဘယ်လောက်ကောင်းလိုက်ပါ့မလဲ။

ဂျပန်မှာတော့ ကျောင်းသား ကျောင်းသူတွေကို ကျောင်းက နေ့လယ်စာကျွေးတဲ့စနစ်ရှိလို့ မိဘတွေမှာ ဘာတာဝန်မှ မကြီးတော့ပါဘူး။ ကျောင်းကို တစ်လဘယ်လောက်ဆိုပြီး သတ်မှတ်ထားတဲ့အတိုင်း နှစ်စကတည်းက ငွေသွင်းထားလိုက်ရင် ပြီးတာပါပဲ။ သတ်မှတ်တဲ့နှုန်းကလည်း အင်မတန်ကို သက်သာတဲ့နှုန်းထားမို့ မိဘတွေ တတ်နိုင်ကြပါတယ်။ မိဘတွေအနေနဲ့ ကလေးကျောင်းသွားချိန်အမီ ချက်ပြုတ်ပေးရတဲ့ ဒုက္ခငြိမ်းတာပေါ့။ ကျောင်းမှာ နေ့စဉ်နဲ့အမျှ ကျောင်းကကယ်လိုရီ တွက်ချက်ပြီး စနစ်တကျကျွေးတဲ့ အစားအစာကိုစားရလို့ ကလေးတွေ ပိုကျန်းမာလာတယ်လို့ ထင်ပါတယ်။ မိဘက ကျွေးချင်တာကျွေးတာမျိုးထက် အရွယ်တူကလေးတွေ အာဟာရအတူတူစားရတော့ ကြီးထွားမှု၊ ကျန်းမာကြံ့ခိုင်မှုမှာ တူလာတယ် ထင်ပါတယ်။ ထူးခြားချက်က မူလတန်း၊ အလယ်တန်းကျောင်းတွေမှာ စားသောက်ဆိုင် လုံးဝမရှိတာပါပဲ။

ဂျပန်ကျောင်းတွေမှာ ပထမဆုံး ကျောင်းထားစ ကလေးတွေအပါအဝင် ကလေးတွေအားလုံးကို နှစ်စမှာ ကျန်းမာရေးစစ်ဆေးမှု အခမဲ့ပြုလုပ်ပေးပါတယ်။ ကျောင်းက စစ်ဆေးမှုရလဒ်မှာ ထူးခြားတဲ့အချက် (ရောဂါ) တစ်ခုခုရှိရင် ဘယ်ဆေးရုံကို သွားပြပါလို့ညွှန်ပြီး အဲဒီညွှန်တဲ့ဆေးရုံကို သွားပြရပါတယ်။ ကလေးတွေ ကျောင်းနေစကတည်းက ရောဂါရှိရင် စောစောသိပြီး စောစောကုနိုင်တော့ သိပ်ကောင်းပါတယ်။ အဲဒါ နှစ်တိုင်း နှစ်စမှာ စစ်ကြရတာ။ တက္ကသိုလ်အဆင့်ထိပါပဲ။ ကျန်းမာကြအောင် ဆေးစစ်ပေး၊ ဆေးကုပေးပြီး ကြံ့ခိုင်အောင်တော့ ကျောင်းသင်ဘာသာရပ်ထဲမှာကိုပဲ အားကစားဘာသာရပ်ကို ထည့်ထားပါတယ်။ ရေကူးကလည်း မသင်မနေရ ဘာသာရပ်ပါ။ ဒါကြောင့် ကျောင်းတိုင်းမှာ ရေကူးကန်တစ်ခု ရှိတာပါ။ ဒီတော့ 'အမျိုးသားကျန်းမာကြံ့ခိုင်ရေးနဲ့ ပညာရည်မြင့်မားရေး-ဒို့အရေး' လို့ အော်နေစရာ မလိုပါဘူး။ ကျန်းမာကြံ့ခိုင်အောင် စနစ်လေးနဲ့လုပ်ပေးတာတွေ့ရပြီး ပညာရည်မြင့်မားအောင် ဘယ်လိုလုပ်တယ်ဆိုတာ ဆက်ပြောပါဦးမယ်။

ကျောင်းရဲ့အချိန်ဇယားမှာ နေ့တိုင်း အားကစားအချိန်နဲ့ ဂီတအချိန်၊ ရှုကိုင်လို့ခေါ်တဲ့ နီတိအချိန် နေ့တိုင်း ထည့်ဆွဲထားပါတယ်။ ဒီဘာသာရပ်သုံးခုက ကျောင်းမှာ အရေးကြီးတဲ့ ဘာသာတွေပါ။ ကလေးတွေက အချိန်ဇယားအရ ပြေးတဲ့အချိန်ရှိတယ်။ ခုန်တဲ့ အချိန်ရှိတယ်။ ပစ်တဲ့အချိန်ရှိတယ်။ ရေကူးသင်ရတဲ့ အချိန်ရှိတယ်။ ကျွမ်းဘားကစားရတဲ့ အချိန်ရှိတယ်။ တစ်ပတ်မှာ အပြေးကဘယ်နှချိန်၊ အခုန်နဲ့ အပစ်က ဘယ်နှချိန်၊ ရေကူး၊ ကျွမ်းဘားက ဘယ်နှချိန် စသဖြင့် သတ်မှတ်ထားတာ ရှိပါတယ်။ ဒီအားကစားအချိန်တွေကြောင့် ကလေးတွေ ကျန်းမာလာတယ်၊ ကြံ့ခိုင်လာတယ်၊ ဖွံ့ထွားလာတယ်၊ ဉာဏ်ရည်မြင့်လာတယ်။ ဆရာတွေကလည်း အားကစားအချိန်ဆို အားကစားတက္ကသိုလ်ကဆင်းတဲ့ ဆရာတွေခန့်ထားတော့ စနစ်တကျသင်ပေး၊ လေ့ကျင့်ပေးနိုင်ပါတယ်။ မူလတန်းကလေးတွေ ညနေကျောင်းဆင်းရင် ဆရာနဲ့အတူ ဘီးအုပ်စုကြီးနဲ့ (စက်ဘီးကိုယ်စီ စီးပြီးသွားတာ) အားကစားကွင်းကိုသွားကြတာ တွေ့နေရပါတယ်။ ကျောင်းအားကစားကွင်းမှာသာမက ပြင်ပက အများသူငါသုံးတဲ့ အားကစားကွင်းထဲလာပြီး ဘောလုံး၊ ဘော့စ်ဘောကစားတာ သင်ပေးနေတာ၊ ကစားနေကြတာကို တွေ့ရပါတယ်။ ဂျပန်တွေက ဘော့စ်ဘောအားကစားကို သိပ်ကြိုက်ကြတာပါပဲ။ ဂျပန်မူလတန်းကျောင်းတွေမှာ မိန်းကလေးတွေကိုလည်း ဘောလုံးကစားဖို့ အသင်းဖွဲ့ပေးထားပြီး သင်ပေးပါတယ်။ မူလတန်းအဆင့်ကတည်းက ဘတ်စကက်ဘော၊ ဘော်လီဘောပါ သင်ပေးတာ သိရပါတယ်။

အားကစားလိုပဲ နောက်တစ်ခု မသင်မနေရ သင်ပေးတာက ဂီတဘာသာရပ်ပါ။ ဂီတဆရာ ဒါမှမဟုတ် ဆရာမကို ယဉ်ကျေးမှုတက္ကသိုလ်လိုမျိုးကျောင်းတွေက ဆင်းတဲ့ဘွဲ့ရတွေကို ခန့်ထားတာ တွေ့ရပါတယ်။ ကျွန်မသမီးနေတဲ့ မူလတန်းကျောင်းက ဂီတဆရာမဆိုရင် စန္ဒရား၊ တယော၊ ပလွေ၊ ခင်းဘန်း ဟာမိုနီကာ၊ ဒရမ်၊ ဂီတာတို့ တီးတတ်ပါတယ်။ သမီးတို့ ကျောင်းနေကတည်းက ပလွေတစ်ခု ဝယ်ရပါတယ်။ ပလွေမှုတ်တဲ့အချိန်ပါဝင်လို့ပါ။ ကျောင်းမှာ ကလပ် (club) အသင်းတွေဖွဲ့ထားလို့ ကိုယ်ဝါသနာပါရာအသင်းမှာ အဖွဲ့ဝင်ပြီး ညနေကျောင်းဆင်းရင် ကလပ်မှာ တီးကြ၊ မှုတ်ကြ၊ အားကစားကလပ်အသင်းဝင်ရင်လည်း သက်ဆိုင်ရာဆရာတွေက သင်ပေး၊ လေ့ကျင့်ပေးနဲ့ ကလေးတွေကျောင်းမှာ ပျော်ချင်စရာကြီးပါ။ စာသင်ချိန်ကလည်း သိပ်မများ၊ အမယ်စုံကလည်း သင်ရ၊ လက်တွေ့ကိုယ်တိုင်လုပ်ရတဲ့ လက်မှုပညာဘာသာရပ်လည်း သင်ရ၊ ဟင်းချက်တာလည်း သင်ရ၊ အချုပ်အလုပ်လည်း သင်ရ၊ ပန်းချီ၊ ပန်းပုပညာလည်းသင်ရနဲ့ဆိုတော့ ကျောင်းသား ကျောင်းသူတွေအတွက် ကျောင်းမှာ စိတ်ဝင်စားစရာများပြီး ကျောင်းပဲသွားချင်စိတ်ပေါက်နေကြတာ တွေ့ရ သိရပါတယ်။

ကျွန်မသမီးဆို နေမကောင်းတာတောင်မှ ဒီနေ့ ဂျပန်ရိုးရာဗုံ (Taiko) တီးရမယ်၊ ကျောင်းမသွားလို့ မဖြစ်ဘူး။ ဒီနေ့ ပိုက်ဆံ အိတ်လေးတွေ ချုပ်တာသင်ရမှာ ကျောင်းသွားမှဖြစ်မယ်။ ဒီနေ့ သမီးကိုယ်တိုင်လုပ်တဲ့ အိမ်ပုံစံလေး အိမ်ကိုပြန်ယူ ခွင့်ရမယ် စသဖြင့်ပေါ့လေ။ ကျောင်းသွားရင် တွေ့ကြုံရမယ့်ကိစ္စအတွက် အမြဲလို စိတ်လှုပ်ရှားတက်ကြွနေတာ၊ ပျော်ရွှင်နေတာ တွေ့ရပါတယ်။ ကျောင်းဆိုတာ အဲဒီလိုမျိုး စိတ်ဝင်စားစရာကောင်းမှ ဖြစ်မှာပါ။ မြန်မာပြည် ပြန်ရောက်တော့ သမီးက ကျောင်းကနေ ကျူရှင်၊ ကျူရှင် ကအပြန် အိမ်မှာ Guide ဆရာမနဲ့ နှစ်ပါးသွားရတဲ့အခါ သိပ်စိတ်ညစ်ရှာပါတယ်။ 'ကျောင်းက ပျော်စရာမကောင်းဘူး၊ အချိန်တိုင်းစာတွေချည်းပဲ ဖိသင်နေတာ။ စာသင်ရတာကလည်း မှတ်စုတွေ လိုက်ရေးရတဲ့အချိန်က များများ၊ အားကစားလည်း မလုပ်ရ၊ ဂီတချိန်လည်း မပါ။ ဘာပြင်ပဗဟုသုတမှလည်း မသင်ရနဲ့ ဘယ်လိုကျောင်းကြီးတုန်း'ဆိုပြီး မကျေမနပ် ပြောပါတယ်။ စာတွေချည်းပဲ ဒီလောက်သင်နေတာတောင် လူတွေဘာလို့စာမတတ်တာတုန်းတဲ့။ ကျွန်မလည်း 'အဲဒီမေးခွန်းကိုဖြေဖို့ ငါဉာဏ်မမီဘူးအေ'လို့ ပြောရပါတယ်။ အခုဆို ကျွန်မတို့နိုင်ငံမှာ ယဉ်ကျေးမှုတက္ကသိုလ်၊ အားကစားတက္ကသိုလ်တို့ ရှိနေပြီဆိုတော့ အဲဒီတက္ကသိုလ်တွေက ဘွဲ့ရတွေကို ကျောင်းတွေမှာ ခန့်လိုက်လို့ရပါတယ်။

> **အခုဆို ကျွန်မတို့နိုင်ငံမှာ ယဉ်ကျေးမှုတက္ကသိုလ်၊ အားကစားတက္ကသိုလ်တို့ ရှိနေပြီဆိုတော့ အဲဒီတက္ကသိုလ်တွေက ဘွဲ့ရတွေကို ကျောင်းတွေမှာ ခန့်လိုက်လို့ရပါတယ်။ ကျောင်းတိုင်းမှာ ဂီတဆရာ၊ အားကစားဆရာတွေ ခန့်ပေးလိုက်ရင် ဘွဲ့ရတွေအတွက် အလုပ်အကိုင်ကိစ္စလည်း ဖြေရှင်းပြီးဖြစ်၊ ကျောင်းတွေလည်း စနစ်တကျသင်ယူရပြီး အကျိုးအများကြီး ရှိလာနိုင်ပါတယ်။**

ကျောင်းတိုင်းမှာ ဂီတဆရာ၊ အားကစားဆရာတွေ ခန့်ပေးလိုက်ရင် ဘွဲ့ရတွေအတွက် အလုပ်အကိုင်ကိစ္စလည်း ဖြေရှင်းပြီးဖြစ်၊ ကျောင်းတွေလည်း စနစ်တကျသင်ယူရပြီး အကျိုးအများကြီး ရှိလာနိုင်ပါတယ်။ အချုပ်အလုပ်နဲ့ အချက်အပြုတ်ကိုတော့ မိဘတွေက အလှည့်ကျ ကျောင်းကိုလာရောက်ကူညီပေးတဲ့နည်းနဲ့ ဖြေရှင်းနိုင်ပါတယ်။ ပန်းချီနဲ့ လက်မှုပညာတွေအတွက်လည်း ယဉ်ကျေးမှုတက္ကသိုလ်ဆင်းတွေကို ခန့်ထားနိုင်ပါတယ်။ မိဘတွေအနေနဲ့ ကျောင်းရန်ပုံငွေလှူဒါန်းရုံလောက်နဲ့ပဲမဟုတ်။ ကျောင်းရဲ့အကျိုးရှိရာရှိကြောင်းတွေကို ဝိုင်းဝန်းပြီး ပူးပေါင်းဆောင်ရွက်ပေးနိုင်ဖို့ မိဘဆရာအသင်းတွေဖွဲ့၊ ကိုယ်တတ်နိုင်တဲ့ ဘက်ကနေ အကူအညီပေးနဲ့ မိဘနဲ့ ဆရာ အချိုးကျကျပေါင်းစပ်လှုပ်ရှားကြဖို့လည်း လိုပါတယ်။ တကယ်တော့ ကျွန်မမှာ မူလတန်းကျောင်းနဲ့ ပတ်သက်တာတွေ အများကြီး ရေးစရာ ရှိပါသေးတယ်။ ပုံတူကူးချဖို့ မဟုတ်ပါဘူး။ ထည့်သွင်းစဉ်းစားစရာအချက်တွေအနေနဲ့ တင်ပြတာမို့ ကိုယ့်နိုင်ငံမှာ ဖြစ်နိုင်သလောက် ကိုယ်နဲ့ဆီလျော်သလောက်လေး အသုံးချနိုင်အောင် ရေးပြတာပဲဖြစ်ပါတယ်။ ။

**ပြည်သူ့သဘောထားစင်မြင့်**

*တိုင်းပြည်၏နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးစသည်တို့နှင့်စပ်လျဉ်း၍ ရှုထောင့်စုံမှ သဘောထားအမြင်စုံတို့ကို အများပြည်သူသို့ တင်ပြပေးနိုင်ရန် ဤကဏ္ဍကို ဖွင့်လှစ်ခြင်းဖြစ်၍ စိတ်ဝင်စားသူ မည်သူမဆို ပါဝင်ရေးသားရန် ဖိတ်ခေါ်ပါသည်။ သို့သော် ကြမ်းတမ်းပြင်းထန်သော အယူအဆ၊ အရေးအသားများကိုမူ သတင်းစာ၏မူဝါဒအရ ဖော်ပြပေးနိုင်မည်မဟုတ်ကြောင်းနှင့် ဤကဏ္ဍတွင်ပါရှိသမျှတို့သည် သက်ဆိုင်ရာဆောင်းပါးရှင်အသီးသီး၏ အာဘော်များသာဖြစ်ပါကြောင်း အစီရင်ခံအပ်ပါသည်။ (စာတည်းအဖွဲ့)*

# ဤခရီးနီးပါသလား

**အောင်သူရ (DBA)**

မြန်မာနိုင်ငံတွင် တိုင်းရင်းသားအမျိုးသားရင်ကြားစေ့ရေး ဦးတည်သည့် အခင်းအကျင်းအသစ်၊ လွှတ်တော်အသစ်၊ အစိုးရအသစ်၊ အုပ်ချုပ်မှုပုံစံအသစ်တို့ဖြင့် တိုင်းရင်းသားပြည်သူလူထုကို ဗဟိုပြုသော ဖက်ဒရယ်ဒီမိုကရေစီနိုင်ငံတော်သစ်ဆီသို့ တာဝန်များကိုယ်စီဖြင့် အားကြိုးမာန်တက် ချီတက်နေကြပြီဖြစ်သည်။

သို့တိုင် ဖြေလျှော့ပေးလိုက်ခြင်း၊ ပြောင်းလဲဖို့အချိန်တန်ပြီဟုဆိုကာ ပြောင်းလဲရန် ကြိုးပမ်းခြင်းတို့၏ ရလဒ်အကျိုးဆက်များသည်ကား ခန့်မှန်းဖို့ ခက်ခဲနေဆဲပင်ဖြစ်သည်။ နိုင်ငံ၏ အတိတ်သမိုင်းကြောင်းတွင် လွန်ခဲ့သည့်နှစ် ၅၀ ကျော်၊ ၆၀ အတွင်း ဖြတ်သန်းလာခဲ့ရသည့် အာဏာရှင်စနစ်ကြောင့်လည်းကောင်း၊ မြန်မာလူမျိုးတို့၏ နိုင်ငံရေးဓလေ့ (Political Culture) အရလည်းကောင်း၊ အုပ်ချုပ်သူများကို ရန်သူမျိုးငါးပါးထဲ၌ ပါဝင်သော "မင်း" အဖြစ် ပြည်သူတို့က ရှုမြင်ခဲ့ကြသည်။

ပြည်သူတို့က အဆင့်ဆင့်အုပ်ချုပ်သူ "မင်း" ကိုမယုံ၊ ကြောက်ရွံ့သည်။ တတ်နိုင်က ကင်းကင်းနေလိုသည့် အလေ့အထမှာ ပြည်သူတို့၏ စိတ်ရှည်ခံစားချက်တို့မှ ပေါက်ဖွားလာခြင်းဖြစ်သည်။ ယခု နောက်ပိုင်းကာလများတွင် မီဒီယာများ၊ လူမှုကွန်ရက်များတွင် "မင်း" အုပ်ချုပ်သူတို့ကို ကြောက်ရွံ့ခြင်း၊ မယုံခြင်းတို့သာမက မကြာခဏသရော်ကြ၊ ကဲ့ရဲ့ရှုတ်ချလာကြသည်ကို တွေ့မြင်လာရပေသည်။

သို့ဖြစ်၍ အုပ်စိုးသူအကြီးအကဲ (အသစ်)များ အနေဖြင့် ပြည်သူနှင့်ယုံကြည်မှုတည်ဆောက်ရန်၊ အခွင့်ထူးခံလူတန်းစား မဖြစ်လိုကြောင်း စံနမူနာပြသရန် ခပ်သုတ်သုတ် ဆောင်ရွက်လာကြသည်ကို ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌများ၊ ဝန်ကြီးချုပ်များ၏ လှုပ်ရှားမှုပုံရိပ်များက ဖော်ပြနေသည်။

ယခုအခါ "တည်ဆောက်သောလမ်းကြောင်း"ပေါ်သို့ ချဉ်းကပ်ခရီးနှင်နေပြီဟု ဆိုနိုင်စေကာမူ ပြည်သူလူထုအနေဖြင့် အုပ်ချုပ်သူများ၊ နိုင်ငံရေးသမားများနှင့် အစိုးရယန္တရားကို ပြောင်းလဲစေချင်သကဲ့သို့ ပြည်သူများဘက်ကလည်း လိုက်နာပြောင်းလဲရန် လိုအပ်ချက်များကို တွေ့မြင်နေရသည်။

အစိုးရသစ်အနေဖြင့်လည်း ပြည်သူတို့၏ မျှော်မှန်းချက် အလွန်မြင့်မားလွန်းခြင်းနှင့် ပြည်တွင်းငြိမ်းချမ်းရေးတည်ဆောက်ရန်၊ မျှတသောကစားကွင်းသစ်တွင် လူထုစွမ်းပကားမြှင့်တင်နိုင်သော စီးပွားရေးအခင်းအကျင်းသစ်နှင့် ပညာရေးအခြေခံမူကောင်းများ တည်ဆောက်ရန်စသည့် စိန်ခေါ်မှုသစ်များလည်း ကြုံတွေ့နေရသည်။

ပြည်သူက ရွေးချယ်လိုက်သောပါတီအနေဖြင့် အစိုးရဖွဲ့နိုင်ပြီဆိုသော်လည်း နှစ်ပေါင်းများစွာ ဖြစ်တည်ခဲ့သည့် အာဏာအစိုင်အခဲကြီးကို ပြည်သူဗဟိုပြုသည့်ဘက်သို့ စီးမျောပျော်ဝင်လာအောင် လုပ်ရဦးမည်ဖြစ်သည်။ ပြည်သူနှင့်တိုက်ရိုက်ထိတွေ့ရသည့် ဝန်ထမ်းအဆင့်ဆင့်ကိုလည်း တည့်မတ်ပေးရဦးမည်။ ပြည်တွင်းလက်နက်ကိုင်အဖွဲ့အစည်းများ၏ ငြိမ်းချမ်းရေးဆွေးနွေးပွဲများကိုလည်းအသွင်သဏ္ဌာန်ရော၊ အနှစ်သာရပါ ပြည်သူ့ဆန္ဒနှင့်အညီဖြစ်စေရန် ကြိုးပမ်းရဦးမည်။ ပြည်သူတွေ စည်းကမ်းရှိအောင် ကိုယ့်အရေးပြီးဖို့တစ်ခုတည်းမကြည့်ဘဲ အုပ်ချုပ်ရေးအဖွဲ့အစည်းများကိုလည်း လာဘ်ပေးလာဘ်ယူမှု ပပျောက်စေရန် ထိန်းကျောင်းပြုပြင်ရန် ဆော်ဩလှုံ့ဆော်ပေးရဦးမည်။

လုပ်ဆောင်စရာတွေများလှသည်။ ကိုယ့်တာကိုယ်လုံအောင်၊ ပြည်သူ့ကိုယ်စားလှယ်တွေကိုလည်း မတိမ်းမစောင်း စာရိတ္တကောင်းကောင်းနှင့်သွားနိုင်အောင်လည်း စောင့်ကြည့်ကြပ်မတ်ရဦးမည်။ တိုင်းပြည်တိုးတက်ရန် အခြေခံအကျဆုံးဖြစ်သည့် ပညာရေးစနစ်ကိုလည်း ပြုပြင်ရန် အချိန်တန်ပြီဖြစ်သည်။ ထိုသို့ စနစ်ကိုပြုပြင်နိုင်ရန် ဦးစားပေးတည်ဆောက်ရမည့် institutions,system, structure,law, rules and regulations များတွင် အမျိုးမျိုးသဘောထားကွဲလွဲနိုင်သော်လည်း မတူကွဲပြားခြားနားမှုကို တန်ဖိုးထားညှိနှိုင်းရန်လိုအပ်ပါသည်။ ငါနဲ့မတူ ငါ့ရန်သူ"ဆိုသော သဘောထားမှာ အာဏာရှင်အကျင့်စရိုက်ဖြစ်သည်။ အုပ်ချုပ်သူများဘက်က သံသယနှင့်အကြောက်တရားကို ကိုင်စွဲထားပြီး ပြည်သူတွေဘက်ကလည်း သံသယနှင့်မကြည်ညိုမလေးစားနိုင်သည့်အခြေအနေတွင် ယုံကြည်မှု အပြန်အလှန်တည်ဆောက်ရန် ကြိုးပမ်းရဦးမည်။ ပေါ်ပေါက်ခဲ့သည့် အရေးအခင်းများတွင် ဆန္ဒပြခြင်း (Demonstration) ကို အုပ်ချုပ်သူများဘက်က ဖြေရှင်းခဲ့ပုံများမှာလည်း နိုင်ငံတကာစံနှုန်းအပြင် ပြည်သူအများစု၏ ထင်မြင်ချက်နှင့်လည်း များစွာခြားနားခဲ့သည်။ အင်အားသုံးသင့်သည့်ကိစ္စဝိစ္စတွေမှာ နှောင့်နှေးကြန့်ကြာခဲ့ခြင်း၊ အချို့ကိစ္စမှာအလျင်အမြန်နှင့် အလွန်အကျွံအင်အားသုံးခဲ့ခြင်းများသည် အုပ်ချုပ်မှုအပေါ် ယုံကြည်မှုကို ကျိုးပေါက်စေခဲ့သည်။ ဥပဒေကိုလိုသလိုဆွဲပြီး ဖွင့်ဆိုသုံးစွဲမှုကလည်း သောမတ်ဂျက်ဖာဆင်ပြောခဲ့သလို "မတရားမှုတွေက ဥပဒေဖြစ်လာတဲ့အခါမှာ ပုန်ကန်မှုဆိုတာ တာဝန်လိုဖြစ်လာတယ်" ဆိုသည့်လမ်းကြောင်းပေါ် ရောက်လာသည်။ ပဋိပက္ခတွေကို အကျပ်အတည်းဆီကို ဦးတည်စေသည့် ဖြေရှင်းနည်းမျိုး၊ ပြည်သူကို အာရုံလွှဲစေသည့် ဖြေရှင်းနည်းမျိုးမှာ မိမိတို့တိုင်းပြည်ကို နစ်နာစေပါသည်။

ပညာရေးဖြင့် တိုင်းပြည်၏အနာဂတ်ကို ထုဆစ်ရမည်ဖြစ်၍အားလုံးနှင့်သက်ဆိုင်သည့်အရာဖြစ်လာသည်။ လက်တွေ့ကျပြီး တန်ဖိုးထားသည့်ညှိနှိုင်းဆုံးဖြတ်ချက်မျိုးနှင့် ပညာရေးကိုဖွံ့ဖြိုးပြီးနိုင်ငံများကို နမူနာယူပြီး တည်ဆောက်ပေးခြင်းဖြင့် တိုင်းပြည်၏လိုအပ်ချက်ကို စိတ်စေတနာမွန်နှင့် ဖြည့်ဆည်းပေးနေသည့် "ဘက" ကျောင်းကဲ့သို့စေတနာကျောင်းများက အဆင့်မြင့်အခြေခိုင်သည်။ ပညာရေးလမ်းကြောင်းပေါ်အရောက် ပေါင်းစည်းဆက်စပ်ပေးနိုင်ခြင်းဖြင့် အလုပ်ခွင်အတွက် အကျိုးပြုပြီး ဘဝလုံခြုံမှုကို အာမခံနိုင်သည့်ပညာရေးမျိုး တည်ဆောက်ပေးသင့်သည်။ ထို့ပြင် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးကိစ္စ နိုင်ငံရေးပြဿနာများ၊ ငြိမ်းချမ်းရေးပြဿနာများ၊ တိုင်းရင်းသားလူမျိုးရေးကိစ္စရပ်များနှင့် နိုင်ငံတည်ဆောက်ရေး၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များ အချိုးညီစွာ ဖွံ့ဖြိုးရေးကိစ္စရပ်များတွင် ပါဝင်သူ Stakeholders အားလုံးအနေဖြင့် စံနှုန်းအခြေပြုချဉ်းကပ်ပုံ (Nomative Approach) နှင့် လက်တွေ့အခြေပြုချဉ်းကပ်ပုံ (Pragmatic Approach)တို့ကို မျှတအောင်ပေါင်းစပ်စီမံနိုင်မှသာ တန်ကာကျပေမည်။ စံနှုန်းအခြေပြုချဉ်းကပ်နည်းက မိမိတန်ဖိုးထားယုံကြည်ရာများကို အသေစွဲကိုင်ထားပြီး ယင်းနှင့်ကိုက်ညီပါက သဘောတူထောက်ခံပြီး မကိုက်ညီပါက ဆန့်ကျင်တိုက်ခိုက်မည်။ လက်တွေ့ဖြစ်နိုင်ခြေကို ထည့်မစဉ်းစားသည့်သဘောထားမျိုးရှိသည်။ လက်တွေ့အခြေပြုချဉ်းကပ်နည်းက မိမိတန်ဖိုးထားရာစံနှုန်းကို အနာဂတ်အမြင် (Vision)၊ မျှော်လင့်တန်ဖိုး (Expected Value) ဟူ၍ ညှိနှိုင်းအဖြေရှာရန် သဘောထားပြီး ပကတိအရှိတရား အနေအထားကိုမူတည်၍ ဖြစ်နိုင်ခြေကိုရှာယူသည်ဖြစ်ရာ သမိုင်းတန်ဖိုးရှုထောင့်အမှန်ဖြင့် ထိန်းသိမ်းရမည့်စံနှုန်းများကို အခွန့်ရှည်အောင် ထိန်းသိမ်းပြုပြင်သင့်သည်ကိုပြုပြင်၊ အတိုးအလျှော့လုပ်သင့်သည်များကို လုပ်ကြလျှင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ပြောကြားထားသကဲ့သို့ အယူထက် အပေးကို ရှေ့တန်းတင်ကြရပေမည်။

နယ်မြေပြဿနာ၊ လုပ်ပိုင်ခွင့်ပြဿနာ၊ ပထဝီနိုင်ငံရေးပြဿနာ၊ Power Sharing၊ Profit Sharing၊ Resource Sharing ကိစ္စအဝဝတို့ကို အမျိုးသားရေး၊ ဘာသာရေးနှင့် ယှက်နွယ်သည့်အစွန်းရောက်စဉ်းစားပုံမျိုးဖြင့် အဖြေထုတ်ခြင်းမျိုးမဖြစ်စေရန် လွဲမှားသည့်ဆုံးဖြတ်မှုများ မပြုကြရန်လည်း မလွဲမသွေ လိုအပ်ပေလိမ့်မည်။ မတူကွဲပြားခြားနားခြင်း (Diversity) ကို ကောင်းမွန်စွာ သိရှိနားလည်ခံစားလျက် မှန်ကန်မျှတစွာ စီမံခန့်ခွဲရေးပြုလုပ်နိုင်ရန်နှင့် တန်ဖိုးထားမှုဖော်ညွှန်းချက် (Value Identity) ကို State Nation Level, National level, Racial Level ဟူသည့်နိုင်ငံကြီးအဆင့်၊ အမျိုးသားအဆင့်နှင့် လူမျိုးစုအဆင့် ကွဲပြားစွာပိုင်းဖြတ်ပုံဖော်ရန်၊ နားလည်စာနာမှုနှင့် သဘောတူညီနိုင်မှုရေချိန် အနိမ့်အမြင့်ပေါ်မူတည်၍ ရေတိုအကျိုးအတွက် Discussion နှင့် ရေရှည်အဖြေထုတ်နိုင်ရန် Dialogue တို့ လုပ်သင့်ရာနယ်ပယ်များ သတ်မှတ်အဖြေရှာကြရပေမည်။

ယုံကြည်မှု ပြန်လည်တည်ဆောက်ရာတွင် အုပ်ချုပ်သူများအနေဖြင့် စံနမူနာကောင်းပြသရန် ယခုချိန်ခါကဲ့သို့ ကောင်းမွန်သည့် အချိန်အခါမရှိခဲ့သေးပါ။ မိမိရပ်တည်ရာအဖွဲ့အစည်း၏ အကျိုးစီးပွားထက် နိုင်ငံအကျိုးစီးပွားကို ကြည့်ရှုနိုင်ကြပါစေ။ နှစ်ပေါင်း ငါးဆယ်ကျော်ခန့် "ရှိခြင်းနှင့်မရှိခြင်း"၊ "ရခြင်းနှင့်မရခြင်း" မမျှတသည့် အစွန်းတရားများမှ ပြည်သူ့ဘဝများကို မြှင့်တင်ပေးနိုင်မည့် အခွင့်အလမ်းကို ရယူအသုံးချနိုင်ပါစေဟု ဆန္ဒပြုလိုက်ပါသည်။

အချုပ်အားဖြင့် မေတ္တာနှင့် ဉာဏ်ပညာကို ရှေ့တန်းတင်လျက် ပြည်သူကိုဗဟိုပြုပြီး စီမံခန့်ခွဲရန် အရေးကြီးပါသည်။ မေတ္တာစေတနာကြီးမားသော်လည်း ဉာဏ်ပညာနည်းက မထိရောက်နိုင်။ ဉာဏ်ပညာကြီးမားပြီး မေတ္တာစေတနာနည်းပါကလည်း အတ္တအကျိုး၊ မိမိအကျိုးသို့ ရှေးရှုယိမ်းယိုင်သွားနိုင်သည်ကို သတိချပ်ရမည်ဖြစ်ကြောင်းပါ။ ။

## ဇွန်လ တတိယ ၁၀ ရက်ပတ်အတွက် မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ဘင်္ဂလားပင်လယ်အော်တွင် လေဖိအားနည်းရပ်ဝန်းတစ်ကြိမ်ဖြစ်ပေါ်နိုင်ပြီး ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်သည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားအသင့်အတင့်မှ အားကောင်းနိုင်သည်။

**မိုးအခြေအနေနှင့် မိုးရွာရက်**

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် ရွာသွန်းမှုထက်ပိုပြီး စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ရွာသွန်းမှုအောက်လျော့ကာ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ရွာသွန်းမှုခန့်ရွာနိုင်သည်။

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ခုနစ်ရက်မှ ကိုးရက်ခန့်နှင့် ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် လေးရက်မှ ခြောက်ရက်ခန့် မိုးထစ်ချုန်းရွာနိုင်သည်။

**မြစ်ရေအခြေအနေ**

ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့၊ ရွှေကူမြို့နှင့် ကသာမြို့တို့တွင် ခုနစ်ပေမှ ရှစ်ပေခန့်၊ သပိတ်ကျင်းမြို့၊ မန္တလေးမြို့၊ စစ်ကိုင်းမြို့၊ မြင်းမူမြို့၊ ပခုက္ကူမြို့၊ ညောင်ဦးမြို့၊ ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် ငါးပေမှ ခြောက်ပေခန့် လက်ရှိရေမှတ်များ၏အထက် မြင့်တက်လာနိုင်သည်။

ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့၊ ဟုမ္မလင်းမြို့နှင့် ဖောင်းပြင်မြို့တို့တွင် ငါးပေမှ ခြောက်ပေခန့်၊ မော်လိုက်မြို့၊ ကလေးဝမြို့၊ မင်းကင်းမြို့၊ ကနီမြို့နှင့် မုံရွာမြို့တို့တွင် လေးပေမှ ငါးပေခန့် လက်ရှိရေမှတ်များ၏အထက်မြင့်တက်လာနိုင်သည်။(**ကြေးမုံ**)



# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ မွေးနေ့အခမ်းအနား NLD ရုံးချုပ်၌ ကျင်းပ

**ရန်ကုန် ဇွန် ၁၉**
နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ (၇၁) နှစ်မြောက်မွေးနေ့အထိမ်းအမှတ် အခမ်းအနားကို ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ ရွှေဂုံတိုင်ရှိ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD)ရုံးချုပ်၌ ကျင်းပသည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် မွေးနေ့အတွက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(ရုံးချုပ်)သစ်တွင် ကျင်းပခဲ့ခြင်းဖြစ်ပြီး ဘုရားအနေကဇာတင်ခြင်း၊ တရားနာခြင်း၊ သံဃာတော်များအား အရုဏ်ဆွမ်းကပ်လှူခြင်း၊ ရဟန်းသံဃာတော်နှင့် သီလရှင်များအား ဆွမ်းလောင်းလှူခြင်းနှင့် ရုံးချုပ်သစ်ဖွင့်ခြင်းများလည်း ပြုလုပ်ခဲ့သည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ (၇၁) နှစ်မြောက်မွေးနေ့အဖြစ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နာယက သူရဦးတင်ဦးက မွေးနေ့ကိတ်မုန့်လှီး၍ ဆုမွန်ကောင်းတောင်းမှုများ ပြုလုပ်ပြီး NLD ရုံးသစ်ဖွင့်ပွဲအတွက် မိတ်ဆက်အမှာစကားပြောကြားသည်။ ဆက်လက်၍ NLD ရုံးချုပ်သစ်အတွက် လှူဒါန်းကြသူများကို အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နာယက သူရဦးတင်ဦး၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင် ဦးဉာဏ်ဝင်းနှင့် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်းတို့က ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နာယက သူရဦးတင်ဦးက နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့်ပတ်သက်၍ "ဒီနေ့ကတော့ ဒီမိုကရေစီရေးနဲ့ပတ်သက်ရင် တကယ့်ကိုစွမ်းစွမ်းတမံဆောင်ရွက်ခဲ့တဲ့ ခေါင်းဆောင်တစ်ယောက်အနေနဲ့ နိုင်ငံတကာက အသိအမှတ်ပြုခံရသူရဲ့ မွေးနေ့ပါ။ အရင်ကတော့ ဒေါ်အောင်ဆန်းစုကြည်က နိုင်ငံရေးခေါင်းဆောင်ဆိုတဲ့သဘောမျိုး သက်ရောက်နေပေမယ့် နိုင်ငံရေးသမားထက် နိုင်ငံရေးသုခမိန်ဆိုတာ သူ့အတွက်ပိုပြီး ဆီလျော်လာတာပေါ့။ ဒီတိုင်းပြည်မှာရှိနေတဲ့ အခြေအနေနဲ့ ချို့ယွင်းဆုတ်ယုတ်နေတဲ့ကိစ္စတွေကို အားကြိုးမာန်တက်နဲ့ ကိုယ်ကျိုးစွန့်အနစ်နာခံတယ်။ တကယ့်ကို စိတ်ကောင်းစေတနာနဲ့ မေတ္တာထားပြီးတော့ သူလုပ်လာတဲ့ ကိစ္စတွေက နည်းတဲ့လုပ်ငန်းတွေ မဟုတ်ဘူး။ ဒီနိုင်ငံအတွက်၊ ကမ္ဘာအတွက်၊ လူသားတွေအတွက် လူ့အခွင့်အရေးနဲ့ လူ့ဂုဏ်သိက္ခာကို မြှင့်တင်ပေးတဲ့ ခေါင်းဆောင်အနေနဲ့ တကယ့်နိုင်ငံရေးသုခမိန်အဖြစ် ရောက်လာတော့ အများကြီးချီးမြှောက်ရမယ့်သဘော ဖြစ်တာပေါ့"ဟုပြောသည်။

ဆက်လက်၍ သူရဦးတင်ဦးက "အသက် (၇၁)နှစ်ပြည့်တဲ့နှစ်မှသည် ရှေ့ဆက်ပြီး နှစ် (၁၀၀) ကျော်တိုင်သည်အထိနိုင်ငံအကျိုးအတွက် ဆက်လက်ပြီးတော့ တိုးပွားအောင်မြင်စွာ ဆောင်ရွက်နိုင်ပါစေကြောင်း၊ လောကီကိစ္စအရပ်ရပ်သာမက လောကုတ္တရာကိစ္စအဝဝ တို့ကိုလည်း တိုးတက်ကောင်းမွန်စွာ ဆောင်ရွက်နိုင်သော ခေါင်းဆောင်တစ်ယောက်ဖြစ်နေကြောင်း၊ သည်ထက်ပိုပြီးအောင်မြင်စွာ ဆောင်ရွက်နိုင်ရန်၊ စိတ်ချမ်းသာရန်၊ ကိုယ်ကျန်းမာရန် အားလုံးဝိုင်းဝန်းပြီး မင်္ဂလာဆုမွန်ကောင်းများ ပြုလုပ်လိုက်ရပါကြောင်း လေးလေးစားစား ထပ်မံပြောကြားပါကြောင်း" ဒေါ်အောင်ဆန်းစုကြည်အတွက် မွေးနေ့ဆုတောင်းစကားဆိုသည်။

ယနေ့ ရန်ကုန် NLD ရုံးချုပ်တွင် ပြုလုပ်သည့် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်မွေးနေ့အခမ်းအနားသို့ ပန်းရဲ့လမ်း အဖွဲ့မှလည်း မွေးနေ့အဖြစ် ဂုဏ်ပြုသီချင်းများဖြင့် ဖျော်ဖြေပေးခဲ့သည်။ ပန်းရဲ့လမ်းသည် ပြည့်သူ့ဌာန၊ ပြည်သူ့ဌာနေဆိုသည့် ဆောင်ပုဒ်ဖြင့် ပရဟိတအလုပ်များ ဆောင်ရွက်လျက်ရှိပြီး ဒုက္ခရောက်နေသူများနှင့် ဆင်းရဲသူများအား ငွေကြေး၊ အသုံးအဆောင်များကို ကူညီမှုများ ပြုလုပ်ကာ သီချင်းများဖြင့်လည်း နှစ်သိမ့်ပေးသည့် အဖွဲ့ဖြစ်သည်။

ပန်းရဲ့လမ်းအဖွဲ့မှ ဦးရဲလွင်(မဖ္စိမလှိုင်း)က "အခုဒါက ဒေါ်အောင်ဆန်းစုကြည်တို့ အစိုးရဖွဲ့တဲ့အချိန်မှာ ပထမဆုံးကျရောက်တဲ့ သူ့ရဲ့မွေးနေ့ပါ။ သူ့ကို အားလုံးသိတယ်။ ကမ္ဘာကလည်းသိတယ်။ သူ့ကို ကျွန်တော်က ဒီမိုကရေစီမိခင်လို့ပဲ ခေါ်တယ်။ ဒီတော့ ဒီမိုကရေစီမိခင် နှစ်သစ်မှာရွှင်လန်းပါစေ။ ဒါဟာ ကိုရဲလွင် (မဖ္စိမလှိုင်း)ရဲ့ ဆုတောင်းစကားလေးပါ၊ ပန်းရဲ့လမ်းအဖွဲ့က သူ့ကို မွေးနေ့လက်ဆောင်လည်း ပေးမှာပါ။ တစ်ယောက်ချင်းကိုယ်နှစ်သက်တဲ့ မွေးနေ့လက်ဆောင်လေးတွေ ပေးမှာပါ"ဟု ဒေါ်အောင်ဆန်းစုကြည်အတွက် မွေးနေ့ဆုတောင်းစကားဆိုသည်။

**(ရဲခေါင်ညွန့်)**



အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နာယက သူရဦးတင်ဦးက မွေးနေ့ကိတ်လှီး၍ ဆုမွန်ကောင်းတောင်းစဉ်။ (ဖိုးထောင်)

# ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွင်း ဘဏ်ခွဲပေါင်း ၁၀၀ နှင့် အေတီအမ်စက်များတိုးချဲ့ရန် စီစဉ်ထားပြီး ပြည်ပတွင် ဘဏ်ခွဲသွားရောက်ဖွင့်လှစ်ရန် ဆောင်ရွက်နေ

**ရန်ကုန် ဇွန် ၁၉**
၂၀၁၆ ခုနှစ် ဧပြီလမှ ၂၀၁၇ ခုနှစ် မတ်လအထိ ဘဏ္ဍာရေးနှစ် တစ်နှစ်အတွင်း ပြည်တွင်း၌ ထပ်မံ၍ ဘဏ်ခွဲပေါင်း ၁၀၀ နှင့် အေတီအမ်စက်များ တိုးချဲ့သွားမည်ဖြစ်ပြီး ပြည်ပတွင်လည်း ဘဏ်ခွဲဖွင့်လှစ်ရန် ဆောင်ရွက်လျက်ရှိကြောင်း ဧရာဝတီဘဏ်မှ သိရသည်။ လက်ရှိတွင် ပြည်တွင်း၌ ဘဏ်ခွဲပေါင်း ၁၅၅ ခုကျော် ဖွင့်လှစ်ခဲ့ပြီး ထပ်မံ၍ တစ်နှစ်အတွင်းတွင် မြန်မာနိုင်ငံ၏ တိုင်းဒေသကြီးနှင့် ပြည်နယ်များအနှံ့ ဘဏ်ခွဲပေါင်း ၁၀၀ ဖွင့်လှစ်သွားရန် ဆောင်ရွက်နေသည်ဟု ဧရာဝတီဘဏ်မှ သိရသည်။ ယင်းအပြင် အေတီအမ်စက်များကိုလည်း တစ်နှစ်တာကာလအတွင်း စုစုပေါင်းစက်အရေအတွက် ၅၅၀ မှ ၆၀၀ ခန့် အထိထားရှိနိုင်ရန် မျှော်မှန်းထားသည်ဟု သိရသည်။

"ကျွန်တော်တို့ဘဏ်အနေနဲ့က ၂၀၁၆ ခုနှစ် မတ် ၃၁ ရက်မှာ ဘဏ်ခွဲပေါင်း ၁၅၀ ဖွင့်လှစ်ပြီး ဖြစ်ပါတယ်။ ၂၀၁၆ ခုနှစ် ဧပြီလကနေ ၂၀၁၇ ခုနှစ် မတ်လအထိ တစ်နှစ်အတွင်း ဘဏ်ခွဲပေါင်း ၁၀၀ ထပ်မံတိုးချဲ့ ဖွင့်လှစ်ဖို့ စီစဉ်ထားတယ်။ ဘဏ်ခွဲ ၁၀၀ အတွက် နေရာ ၁၀၀ ဝယ်ရတာ၊ ငှားရတာ၊ ဆောက်ရတာတွေ အများကြီးပဲ၊ အခုစနေပါပြီ။ ၂၀၁၇ ခုနှစ် မတ်လမှာဆိုရင်တော့ ဘဏ်ခွဲပေါင်း ၂၅၀ ဖြစ်သွားပါမယ်။ မြန်မာတစ်နိုင်ငံလုံးနေရာအနှံ့အပြားပါပဲ။ လုံးဝမဖွင့်ရသေးတဲ့ မြို့တွေမှာလည်း ဖွင့်သွားဖို့ စီစဉ်ထားပါတယ်"ဟု ဧရာဝတီဘဏ် IT & Banking Operations ဌာနမှ Deputy Managing Director ဦးမင်းဝင့်ဦးက ပြောသည်။

ပြည်တွင်းပုဂ္ဂလိကဘဏ်တစ်ခုဖြစ်သည့် ဧရာဝတီဘဏ်အနေဖြင့် ဗဟိုဘဏ်မှခွင့်ပြုချက်ရရှိထားသော ဘဏ်လုပ်ငန်းဝန်ဆောင်မှုများကို ဆောင်ရွက်ပေးလျက်ရှိပြီး ယခုလက်ရှိတွင် အကြွေးဝယ်ကတ်စနစ်ကိုလည်း ဝန်ဆောင်မှုပေးလျက်ရှိရာ အသုံးပြုသူပေါင်း နှစ်ထောင်နီးပါးခန့် ရှိပြီဖြစ်ကြောင်း သိရသည်။ အဆိုပါ အကြွေးဝယ်ကတ်ကိုလည်း သတ်မှတ်ခွင့်ပြုချက်နှင့်အညီ ကတ်အရေအတွက် သန်းနဲ့ချီ ထုတ်ပေးသွားမည်ဟု အဆိုပါဘဏ်မှ သိရသည်။ အကြွေးဝယ်ကတ်စနစ် ဆောင်ရွက်နေခြင်းအပြင် ပြည်ပတွင်လည်း ဘဏ်ခွဲဖွင့်လှစ်ရန်အတွက် ဘဏ်စတင်ထူထောင်စဉ်ကတည်းက ဆောင်ရွက်လျက်ရှိသည်ဟု သိရသည်။

"လက်ရှိမှာ ကျွန်တော်တို့ ဆောင်ရွက်ပေးနေတာ အမ်ပီယူခရက်ဒစ်ကတ်ပါ။ နိုင်ငံတကာကပါ လက်ခံတဲ့အဆင့်ရောက်လာရင် ဒီကတ်တွေ နိုင်ငံတကာအထိရောက်လာမယ်။ နိုင်ငံတကာအထိသွားလို့မရသေးတဲ့အချိန်မှာ နိုင်ငံတကာကကတ်တွေကို ခွင့်ပြုချက်ရတယ်ဆိုရင် ဗီဇာ၊ မာစတာကတ်လိုဟာမျိုးကိုပြောင်းပြီးခရက်ဒစ်ကတ်ပေးပါမယ်။ နောက်ပြီး ကျွန်တော်တို့အနေနဲ့ ပြည်ပမှာဘဏ်ခွဲသွားရောက်ဖွင့်ဖို့ ဆောင်ရွက်နေပါတယ်။ ဘဏ်ခွဲမရခင်မှာ အနည်းဆုံးတော့ ရုံးခန်းဖွင့်ဖို့ အစီအစဉ်ရှိပါတယ်။ ပြင်ဆင်ထားတာသုံးနှစ်လောက်ရှိပါပြီ။ ကျွန်တော်တို့ဘဏ်က သက်တမ်းအားဖြင့် နုနယ်သေးတော့ နိုင်ငံတကာမှာခွင့်ပြုချက်ရဖို့ ကြိုးစားဆောင်ရွက်နေပါတယ်။ ဒီအတွက်လည်း အဘက်ဘက်က စီစဉ်ထားပြီးဖြစ်ပါတယ်။ ကျွန်တော်တို့လည်းဖွင့်လှစ်ဖို့ စောင့်နေတာကြာပါပြီ။ ဦးစားပေးအနေနဲ့ မြန်မာအများစုရှိတဲ့ ထိုင်း၊ စင်ကာပူနိုင်ငံတို့မှာပါ။ သူတို့နိုင်ငံရဲ့ စည်းမျဉ်း၊စည်းကမ်း ကြပ်မတ်မှုတွေရှိတဲ့အတွက် ဒီအပေါ်မှာခွင့်ပြုချက်ရဖို့ ဆောင်ရွက်နေတာပါ။ စင်ကာပူကတော့ စည်းမျဉ်း၊ စည်းကမ်းပိုကျပ်တယ်။ ထိုင်းကအရင်ရဖို့ များပါတယ်"ဟု ၎င်းက ရှင်းပြသည်။

ဧရာဝတီဘဏ်အနေဖြင့် ဘဏ်၌ စုငွေလက်ခံခြင်းနှင့် အတိုးပေးခြင်း၊ စီးပွားရေးလုပ်ငန်းများကို ဘဏ်ချေးငွေပြန်ချပေးခြင်းတို့အပြင် ယခုနောက်ပိုင်းတွင် ကတ်စနစ်သုံးဘဏ်စနစ်၊ Internet Banking, Mobile Banking, International Banking များကို ဆောင်ရွက်လျက်ရှိပြီး ဗဟိုဘဏ်၏ သတ်မှတ်ချက်အတိုင်း ခွင့်ပြုချက်ပေးသည့်အပေါ် ထုတ်ကုန်အသစ်များကိုလည်း မိတ်ဆက်သွားမည်ဖြစ်ကြောင်း သိရသည်။ ဧရာဝတီဘဏ်အနေဖြင့် နည်းပညာပိုင်းဆိုင်ရာများကို အဓိကထား ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်ခဲ့ပြီး ဘဏ်နှင့်လက်တွဲဆောင်ရွက်နေသော အများပြည်သူများအပေါ် အလေးထားသည့် ဝန်ဆောင်မှုစနစ်ကို ဘဏ်ဝန်ထမ်းအားလုံးက တစ်နေရာတည်းတွင် အဆင်ပြေချောမွေ့စေရန် အပြီးအစီး ဝန်ဆောင်မှုပေးသည့်စနစ်တို့ကိုလည်း ပြောင်းလဲသုံးစွဲလျက်ရှိသည်ဟု သိရသည်။

"ဘဏ်အနေနဲ့ ထူးထူးခြားခြားစီစဉ်ဆောင်ရွက်သွားတာကတော့ အဓိကက နည်းပညာပါပဲ။ ပုံမှန်သမားရိုးကျဘဏ်စနစ်တွေ မသုံးဘူး။ ဘဏ်ခွဲတွေမှာအလုပ်လုပ်တဲ့ လုပ်ငန်းစဉ်တွေက အကုန်နည်းပညာနဲ့ ပြောင်းလဲလိုက်ပါတယ်။ အရင်တုန်းက ဘဏ်ခွဲတွေသွားရင် ငွေလွှဲကောင်တာ၊ ငွေစုကောင်တာ၊ ငွေထုတ်ကောင်တာ အစရှိသည့် ကောင်တာတွေခွဲထားတယ်။ အဲဒီတော့ ငွေထုတ်ငွေလွှဲ ဟိုသွားဒီသွား သွားနေရတယ်။ အခုကညေ့်သည်လာရင် ကောင်တာကို သတ်မှတ်ခွဲပေးလိုက်တယ်။ တစ်နေရာတည်းအဆင်ပြေအောင် လုပ်ပေးလိုက်တယ်။ အဲဒီစနစ်ကအကြီးဆုံးပဲ။ အဲဒါဖြစ်ပေါ်လာဖို့ နည်းပညာတွေ အကုန်ပြင်ရတယ်။ စာရင်းမှတ်ရတာ၊ စာရွက်တွေ အလွန်များတယ်။ အခု အဲဒါမျိုးတွေ မရှိတော့ဘူး။ အဓိကပြောင်းလဲမှုက နည်းပညာနဲ့ Customer Services ပါပဲ။ ကျွန်တော်တို့ဆီမှာ Customer Services ကို ဝန်ထမ်းအားလုံးလုပ်ရတယ်"ဟု ဦးမင်းဝင့်ဦးကရှင်းပြသည်။

လက်ရှိတွင် ဧရာဝတီဘဏ်သည် ရန်ကုန်ရုံးချုပ်အပါအဝင် မြန်မာနိုင်ငံ မြို့ကြီးပေါင်း ၆၃ မြို့တွင် ဘဏ်ခွဲပေါင်း ၁၅၉ ဘဏ် ဖွင့်လှစ်ဆောင်ရွက်လျက်ရှိပြီး ဘဏ်နှင့်ချိတ်ဆက်ထားသည့် စတော့အိတ်ချိန်းဝန်ဆောင်မှုဖြစ်သော Securities Account ဖွင့်လှစ်ခြင်းနှင့် အာမခံဝန်ဆောင်မှုပေးခြင်းတို့ကိုလည်း ဆောင်ရွက်လျက်ရှိကာ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွင်း ဘဏ်ခွဲပေါင်း ၁၀၀ ထပ်မံဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

**(ကြေးမုံ)**

# မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲတော် ကျင်းပ

**ရန်ကုန် ဇွန် ၁၉**
ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် သစ်တောဦးစီးဌာနနှင့် မြန်မာ့ဆေးဝါးလုပ်ငန်းသုတေသနဌာန(ရန်ကုန်)တို့ပူးပေါင်း၍ သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးအတွက် မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲတော်ကို ဇွန် ၁၉ ရက်က အင်းစိန်မြို့နယ် ရန်ကုန်အင်းစိန်လမ်းမကြီးဘေး ကြို့ကုန်းအနောက်စက်မှုဝန်ကြီးဌာန မြန်မာ့ဆေးဝါးလုပ်ငန်းသုတေသနဌာနဝင်း၌ ကျင်းပခဲ့သည်။

အဆိုပါသစ်ပင်စိုက်ပျိုးပွဲတော်သို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် နာယကသူရဦးတင်ဦး၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ တိုင်းဒေသကြီးတရားသူကြီးချုပ်နှင့် ခရိုင်/မြို့နယ်ဌာနဆိုင်ရာများ၊ မြန်မာ့ဆေးဝါးလုပ်ငန်းသုတေသနဌာနမှ ဝန်ထမ်းများ၊ သစ်တောဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ပြည်သူများက ကျွန်း၊ ပျဉ်းကတိုး၊ ပိတောက်၊ မဟော်ဂနီ၊ ပျဉ်းမ၊ ကံ့ကော် စသည့် ပျိုးသစ်ပင် ၈၀၀ တို့အား စိုက်ပျိုးခဲ့ကြသည်။

**(ကြေးမုံ)**

# ရက် ၁၀၀ စီမံချက်လုပ်ငန်း ကွင်းဆင်းစစ်ဆေး

**ကျိုက်မရော ဇွန် ၁၉**
မော်လမြိုင်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ခရိုင်ကွပ်ကဲမှုအောက်ရှိ ကျိုက်မရောမြို့နယ်အတွင်း ဆောင်ရွက်လျက်ရှိသော မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အစ လည်ပတ်နေမှုအခြေအနေ၊ ငွေစာရင်းထိန်းသိမ်းထားရှိမှုအခြေအနေကို မော်လမြိုင်ခရိုင်ကျေးလက်ဦးစီးဌာနမှ ဦးစီးအရာရှိ ဦးမင်းသန့်ဇော်ထွန်းက ဇွန် ၁၅ ရက်တွင် ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထို့အတူ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ပထမ ရက် ၁၀၀ စီမံချက် မော်လမြိုင်ခရိုင်အတွင်း ဆောင်ရွက်သော လမ်း၊ တံတား ဆောင်ရွက်မှုအခြေအနေကို ခရိုင်ဦးစီးမှူး ဦးရဲဝင်းက ဇွန် ၁၅ ရက်တွင် ဆောင်ရွက်နေဆဲ လုပ်ငန်းနှင့် ဆောင်ရွက်ပြီးလုပ်ငန်းတို့အား ကွင်းဆင်းစစ်ဆေးခဲ့သည်။ **(မင်းသန့်)**

# ကိုရီးယားသမ္မတနိုင်ငံတွင် အာရှ-ဥရောပ သက်ကြီးရွယ်အို လူ့အခွင့်အရေးဆိုင်ရာ အဆင့်မြင့် ပုဂ္ဂိုလ်များဆွေးနွေးပွဲကျင်းပ




**နေပြည်တော် ဇွန် ၁၉**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးသည် ကိုရီးယားသမ္မတနိုင်ငံ ဆိုးလ်မြို့ Four Seasons Hotel တွင် ဇွန် ၁၅ ရက်မှ ၁၆ ရက်အထိ ကျင်းပခဲ့သည့် အာရှ-ဥရောပ သက်ကြီးရွယ်အိုများ လူ့အခွင့်အရေးဆိုင်ရာ အဆင့်မြင့်ပုဂ္ဂိုလ်များဆွေးနွေးပွဲ ဖိုရမ်သို့တက်ရောက်ပြီး သက်ကြီးရွယ်အိုများ ဆင်းရဲမှုလျှော့ချရေး၊ ကျန်းမာရေးမြှင့်တင်ရေး၊ သက်ကြီးရွယ်အိုဆိုင်ရာအခွင့်အရေးနှင့် လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ စံ၊ မူဝါဒ၊ လုပ်ထုံးလုပ်နည်းများကို အာရှ-ဥရောပ ASEM အဖွဲ့ဝင်နိုင်ငံများမှ တက်ရောက်လာကြသည့် အဆင့်မြင့်ပုဂ္ဂိုလ်များ၊ ကျွမ်းကျင်သူများနှင့် ဆွေးနွေးဖလှယ်ခဲ့ပြီး ဖိုရမ်ပိတ်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားသည်။

ယင်းသို့ပြောကြားရာ၌ မြန်မာနိုင်ငံတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၏ အကောင်အထည်ဖော်ဆောင်ရွက်သွားမည့် လူမှုကာကွယ်စောင့်ရှောက်ရေးအစီအစဉ်နှင့် ရက် ၁၀၀ စီမံကိန်းတွင် ပါဝင်သည့် သက်ကြီးရွယ်အို စောင့်ရှောက်ရေးဆိုင်ရာ လက်ရှိဦးစားပေးဆောင်ရွက်မှုများကို အသိပေးပြောကြားသည်။ ဆွေးနွေးပွဲတက်ရောက်စဉ်အတွင်း HelpAge Korea မှ ဥက္ကဋ္ဌ Mr. Cho Myung က လာရောက်တွေ့ဆုံ၍ မြန်မာနိုင်ငံတွင် ၂၀၀၄ ခုနှစ်က စတင်သည့် သက်ကြီးရွယ်အိုများ စောင့်ရှောက်ရေးဆိုင်ရာ လုပ်ငန်းစဉ်များတွင် ၎င်းတို့၏ပူးပေါင်းဆောင်ရွက်နေမှုနှင့် ရရှိခဲ့သည့် အောင်မြင်မှုများကို ရှင်းလင်းဆွေးနွေးတင်ပြခဲ့ပြီး မြန်မာနိုင်ငံ၏ လက်ရှိသက်ကြီးရွယ်အိုဆိုင်ရာ မူဝါဒရေးဆွဲရာတွင် အမြန်ဆုံးပေါ်ပေါက်နိုင်ရေး အတူပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဆွေးနွေးသည်။

ကိုရီးယားသမ္မတနိုင်ငံ လူ့အခွင့်အရေးကော်မရှင်က ဦးဆောင်ကျင်းပခဲ့သည့် အဆိုပါဖိုရမ်သို့ အာရှ-ဥရောပ ၂၉ နိုင်ငံမှ ကိုယ်စားလှယ် ၂၁၉ ဦး တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

**✱ ကျောဖုံးမှ**

**ဒေါက်တာချမ်းသာ(လူမှုရေးဝန်ကြီး)**
**ရခိုင်ပြည်နယ်အစိုးရအဖွဲ့**

ကျွန်တော်တို့ဆီမှာ သဘာဝဘေးအန္တရာယ်တွေ အင်မတန်မှဖြစ်တတ်ပါတယ်။ ရေကြီးတာတို့၊ ဆိုင်ကလုန်းမုန်တိုင်းတိုက်ခတ်တာတို့၊ နောက်ပြီးတော့ လူတွေပေါ့ဆမှုကြောင့် မီးလောင်တာတို့ မကြာခဏဖြစ်တဲ့အတွက်ကြောင့် အဲဒီလိုသဘာဝဘေးအန္တရာယ်ဖြစ်လာရင် အချိန်နဲ့တစ်ပြေးညီသွားရောက်ပြီး ကူညီဆောင်ရွက်ပေးနိုင်ဖို့အတွက် ကယ်ဆယ်ရေးဌာနက အမြဲတမ်းအသင့်ပြင်ထားရပါတယ်။ ဥပမာပြောရမယ်ဆိုရင် သံတွဲမြို့ ရွှေလီကျေးရွာမှာဖြစ်ခဲ့တဲ့ ရေလွှမ်းမိုးမှုမှာ အိမ် ၂၁၀ လောက် ရေထဲမျောပါသွားတယ်။ ဝန်ကြီးဌာန၊ အစိုးရအဖွဲ့တွေနဲ့ တပ်မတော်သားတွေ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့တွေ အားလုံးဝိုင်းပြီးဆောင်ရွက်ခဲ့လို့ ရေလွှမ်းမိုးခံရတဲ့လူတွေကို နေရာချထားပေးနိုင်ခဲ့ပါတယ်။ အဲဒီနောက်ပိုင်း လိုအပ်တဲ့ပျက်စီးသွားတဲ့စာသင်ကျောင်းတွေ ပြန်ဆောက်ပေးဖို့၊ အိမ်နေရာပြန်ချပေးဖို့ကိစ္စတွေ စီစဉ်ဆောင်ရွက်နေပါတယ်။

**ဦးကျော်မင်း(ညွှန်ကြားရေးမှူး)**
**(ရခိုင်ပြည်နယ်ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန)**

ပြည်နယ်အတွင်းမှာ သဘာဝဘေးတစ်ခု ကြုံတွေ့လာပြီဆိုတာနဲ့ ကယ်ဆယ်ရေးအနေနဲ့ လတ်တလောစားနပ်ရိက္ခာတွေကို အမြန်ဆုံးထောက်ပံ့နိုင်ဖို့ ပြည်နယ်အစိုးရအဖွဲ့နဲ့ပေါင်းစပ်ပြီးတော့ သွားရောက်ထောက်ပံ့ပါတယ်။ ရှာဖွေကယ်ဆယ်ရေးအနေနဲ့ကတော့ မီးသတ်မှာရှိနေတဲ့ ရှာဖွေကယ်ဆယ်ရေးအဖွဲ့တွေနဲ့ ပူးပေါင်းပါဝင်ဆောင်ရွက်ပါတယ်။ ဘေးဒုက္ခကြုံသွားလို့ ပြည်သူတွေ ဒုက္ခရောက်တဲ့အချိန်မှာ သူတို့တွေကို ဘေးလွတ်ရာကို ခဏတာ ယာယီအခိုအကာတွေရရှိအောင် ဆောင်ရွက်ပေးတယ်။ ပြန်လည်ထူထောင်ရေးအနေနဲ့ကတော့ မူလနေရာကို ပြန်ပြီးရွှေ့လို့ရတဲ့ ဒုက္ခသည်တွေလည်း ရှိပါတယ်။ မူလနေရာကို ပြန်လည်ရွှေ့ပြောင်းလို့မရတဲ့ ဘေးဒုက္ခမျိုးဆိုရင်တော့ ပြည်နယ်အစိုးရအဖွဲ့နဲ့ ပူးပေါင်းညှိနှိုင်းပြီးတော့မှ သူတို့အတွက် ဘေးကင်းရာနေရာကို ရွှေ့ပြောင်းဖို့ ပြန်လည်နေရာချတာကို ဆောင်ရွက်ပါတယ်။



ဒေါက်တာချမ်းသာ
(လူမှုရေးဝန်ကြီး)
ရခိုင်ပြည်နယ်အစိုးရအဖွဲ့



ဦးကျော်မင်း(ညွှန်ကြားရေးမှူး)
(ရခိုင်ပြည်နယ် ကယ်ဆယ်ရေးနှင့်
ပြန်လည်နေရာချထားရေးဦးစီးဌာန)

တချို့ကိစ္စရပ်တွေမှာ နိုင်ငံတကာအဖွဲ့အစည်းတွေနဲ့ ပူးပေါင်းဆောင်ရွက်ပါတယ်။ နိုင်ငံတကာအဖွဲ့အစည်းတွေနဲ့ ပူးပေါင်းဆောင်ရွက်တဲ့အခါမှာလည်း သဘာဝဘေးလျှော့ချရေးလုပ်ငန်းတွေအတွက် အဓိကထားပြီးတော့ MoU ထိုးပါတယ်။ ထိုးပြီးတော့ သူတို့ရဲ့ သဘောတူညီမှုစာချွန်လွှာအတိုင်းပဲ ပူးပေါင်းဆောင်ရွက်ပါတယ်။ ရခိုင်မှာ အဖွဲ့ ၁၈ ဖွဲ့ရှိပါတယ်။ ရခိုင်ပြည်နယ် ဦးစီးမှူးရုံးအနေနဲ့ အယ်နီညိုရာသီဥတုမှာ သောက်သုံးရေပြတ်လပ်နေတဲ့ ကျေးရွာတွေကို ကျွန်တော်တို့ ရခိုင်ပြည်နယ် ဦးစီးမှူးရုံးကရော၊ ကျောက်ဖြူခရိုင်ဦးစီးမှူးရုံးရော၊ မောင်တော၊ မြောက်ဦးခရိုင်ရုံးတွေရဲ့ အင်အားလေးတွေနဲ့ ပေါင်းစပ်ပြီးတော့ သောက်သုံးရေပြတ်လပ်တဲ့ကျေးရွာတွေအထိ သွားရောက်ပြီးတော့ သောက်သုံးရေထောက်ပံ့ပေးပါတယ်။ နောက်တစ်ချက်က ရက် ၁၀၀ စီမံကိန်းမှာပါတဲ့ အသိပညာပေးတဲ့လုပ်ငန်းတွေလုပ်ပါတယ်။ ဟောပြောပွဲတွေလုပ်ပါတယ်။ ရက် ၁၀၀ အတွင်းမှာ အမြစ်ကျွန်းမှာ တစ်ကြိမ်၊ ပိုက်စိပ်ရွာမှာ တစ်ကြိမ်၊ ဒီအပြင်ပဲ မုတ်သုံရာသီဥတုအတွက် မိုး/ဇလရဲ့သတင်းအရ ပြည်သူတွေကို အန္တရာယ်တွေ ကြုံတွေ့ရတဲ့အခါမှာ ရှောင်ရှားနိုင်အောင်လို့ ဆက်တိုက်လေ့ကျင့်ခန်းတွေလည်း လုပ်ပါတယ်။

ဧပြီ ၂၄ ရက်မှာတစ်ကြိမ် ပေါက်တောမြို့နယ်မှာ ဆောင်ရွက်ပါတယ်။ ၂၆ ရက်မှာ မြေပုံမြို့နယ်မှာ မုန်တိုင်းဖြစ်စဉ် သဏ္ဌာန်တူလေ့ကျင့်ခန်းဆောင်ရွက်ခဲ့ပါတယ်။ ပြည်သူလူထု ၅၀၀ ကျော် ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ပါတယ်။ ဒီအပြင်ပဲ မကြာခင် ပြည်သူတွေကို ရက် ၁၀၀ စီမံချက်မှာပါတဲ့အတိုင်း သင်တန်းပေးဖို့ရှိပါတယ်။ နိုင်ငံတော်မှာ လူငယ်အင်အားတွေဟာ အများကြီးရှိပါတယ်။ လူငယ်အင်အားကို အသုံးချပြီးတော့ သဘာဝဘေးအန္တရာယ်လျှော့ချရေးသင်တန်းတွေ အကောင်အထည်ဖော်မယ်ဆိုတဲ့ မူဝါဒပေါ်လစီနဲ့အညီ ရခိုင်ပြည်နယ်မှာရှိတဲ့ လူငယ်တွေကိုစုစည်းပြီးတော့မှ သဘာဝဘေးလျှော့ချရေး စေတနာ့ဝန်ထမ်းလူငယ်သင်တန်းဆင့်ပွားကို ဖွင့်မှာဖြစ်ပါတယ်။ သင်တန်းစီမံချက်ကို ကျောက်ဖြူဘက်မှာလည်း ဖွင့်ပါမယ်။ မောင်တောဘက်မှာလည်း ဖွင့်ပါမယ်။ မြောက်ဦးဘက်မှာလည်းဖွင့်ဖို့ လျာထားတာတွေရှိပါတယ်။

**(သတင်းအဖွဲ့)**

■

# ပျော်မဆုံးမော်မဆုံး ဘောလုံးကစားကြသည်

**နံပါတ် (၁၂) ကစားသမား**

ဘောလုံးပွဲတွေမှာ ကွင်းထဲဝင်ကစားတဲ့သူ ၁၁ ယောက်နဲ့ တန်းတူအရေးကြီးတဲ့ ကစားသမားတစ်ယောက်ရှိသေးသတဲ့ဗျ။ ဘယ်နေရာက ကစားတဲ့ ကစားသမားပါလိမ့်။ ကျောနံပါတ် (၁၂) နဲ့လူလို့ တင်စားခေါ်ကြတဲ့ ပွဲကြည့်ပရိသတ်ကြီးပေပေါ့ဗျာ။ တချို့အသင်းတွေက သူတို့ထက်ခြေသာတဲ့ အသင်းကြီးတွေကို ပရိသတ်အားနဲ့ အနိုင်ကစားခဲ့တာ ဘောလုံးရာဇဝင်မှာ သာဓကတွေ တစ်ပုံတစ်ပင်ရှိနေတယ်လေ။ ပရိသတ်မြှောက်စားလို့ တောက်ကြွားတာ ဘာမှအပြစ်ဖွဲ့စရာမရှိပေဘူး။ ကိုယ့်လူကိုယ်အားပေးတာ ဘာပြဿနာရှိလဲ။ သည်းသည်းသန်သန် အားပေးဖို့လိုရင် သည်းသည်းသန်သန်အားပေးရမှာပေါ့။ သို့သော်လည်း အားပေးတာက သည်းသည်းသန်သန် ကနေသည်းသည်းထန်ထန်ဖြစ်လာပြီဆိုရင်တော့ ပြဿနာရှိလာပြီပေါ့။ ဘောလုံးသမားအချင်းချင်း ပြဿနာတက်တာက နည်းနည်း ပရိသတ်ချင်း ပြဿနာတက်တာက များများ။ ဘောလုံးပွဲက မစရသေးဘူး။ အပြင်မှာ ပရိသတ်ချင်းချနေကြပြီ။ ဘောသမားတွေက ကွင်းထဲတင်ကန်နေကြတာ။ (မန်နေဂျာတွေပွဲအပြီးမှာ ပါးစပ်နဲ့ဆက်ကန်တာတော့ရှိရဲ့) ပရိသတ်က ကွင်းထဲမရှောင် ကွင်းပြင်မရှောင် ကန်ကြတာလေ။ ဒီလိုနဲ့ ပျော်စရာကောင်းတဲ့၊ တက်ကြွစရာကောင်းတဲ့၊ အချိန်ဖြုန်းလို့ကောင်းတဲ့ ဘောလုံးပွဲတွေက ဒဏ်ရာဒဏ်ချက်တွေ၊ သွေးကွက်တွေ၊ မျက်ရည်ယိုဗုံးတွေနဲ့ ပေကျံခဲ့ရတယ်ဆိုပါစို့။

**အနီကတ်ထိသွားတဲ့ မာဆေး**

ပြင်သစ်နိုင်ငံ မာဆေးမြို့ဆိုတာ ကျွန်တော်တို့နဲ့ ရင်းနှီးနေတာကြာပါပြီ။ ကင်းဝန်မင်းကြီး ၁၈၇၄ ခုနှစ် ဇူလိုင် ၁၂ ရက်ကနေ ၁၅ ရက်အထိ နေထိုင်ခဲ့၊ လှည့်လည်ကြည့်ရှုခဲ့တဲ့မြို့။ ပြင်သစ်နိုင်ငံသွား နေ့စဉ်မှတ်တမ်းများမှာ မပျက်မကွက်မှတ်တမ်းတင်ခဲ့တဲ့မြို့။ လက်ရှိ ယူရို ၂၀၁၆ ဘောလုံးပြိုင်ပွဲလက်ခံကျင်းပတဲ့ ပြင်သစ်မြို့တွေထဲက မြို့တစ်မြို့။ ဒီမြို့ဟာ အခုတော့ ဘောလုံးပွဲကြောင့် အနာတရဖြစ်သွားခဲ့ပြီ။

ဇွန် ၁၁ ရက် အင်္ဂလန်-ရုရှားပွဲမတိုင်မီ တစ်ရက်၊ နှစ်ရက်ကတည်းက မာဆေးမှာ အင်္ဂလိပ်ဘောသရဲတွေနဲ့ ဌာနေသရဲတွေ မသိမသာရော သိသိသာသာရော ရန်စောင်နေပြီ။ အရက်ဆိုင်တွေနားဖြစ်ကြတာ။ သောက်ကြစားကြ၊ အော်ကြဟစ်ကြရင်း ငြိကြတာ။ ဒီကြားထဲက ရုရှားဘောသရဲတွေပါလာတော့ အခြေအနေတွေက ပိုလို့ရှုပ်ထွေးသွားခဲ့။ အင်္ဂလိပ်က ဘောသရဲတွေထဲသူကဆရာကြီး။ ဘောသရဲဇာတ်ကို သူတို့စတီထွင်ခဲ့တာ။ ရုရှားဘောသရဲတွေက နောက်မှလာတဲ့ မောင်ပုလဲတွေ။ ဒါပေမယ့် သူတို့က စနစ်တကျပြင်ဆင်ထားတယ်။ အထိုးအကြိတ်နဲ့ ကိုယ်ခံပညာတတ်တယ်။ နောက်ကွယ်က ငွေရေးကြေးရေးအရရော စိတ်ဓာတ်အရပါ ထောက်ပံ့သူတွေ တောင့်တောင့်တင်းတင်း ရှိတယ်လို့ အနံ့ထွက်တယ်။

ပွဲမဝင်ခင် အပြင်မှာကျင်းပတဲ့ ရန်ပွဲတွေမှာ အင်္ဂလိပ်တွေခံလိုက်ရသတဲ့။ ဘောပွဲနေ့မှာလည်း ပွဲပြီးတဲ့အချိန် ရုရှားဘောသရဲတချို့က ပရိသတ်ချင်း စည်းခြားထားတာတွေကို ခုန်ပေါက်ကျော်လွှားပြီး အင်္ဂလိပ်ပရိသတ်ကို ကိုယ်ထိလက်ရောက် တိုက်ခိုက်မှုတွေလုပ်သတဲ့။ ရန်ပွဲလူစုခွဲဖို့ရာ ပြင်သစ်ရဲတွေက ရေပိုက်တွေနဲ့ပက်ရ၊ ငရုတ်ကောင်းငွေ့ဖျန်းရ၊ မျက်ရည်ယိုဗုံးသုံးရသတဲ့။ ဘောသရဲတွေကလည်း ရရာလက်နက်နဲ့ တုံ့ပြန်တိုက်ခိုက်ကြသတဲ့။ ဘောကွင်းပြင်ပဖြစ်တဲ့ပွဲတွေမှာ ရဲတွေကို ပုလင်းတွေနဲ့ပစ်ပေါက်သတဲ့။ ပရိသတ်တချို့ လူနာအဖြစ်ဆေးရုံရောက်သွားခဲ့။ ဒီလိုနဲ့ ဘောပွဲရဲ့အနှစ်သာရပျက်စီးသွားခဲ့။

**တာဝန်ရှိသူတွေ တုံ့ပြန်ပုံ**

ဒီမရှုမလှပွဲကြီးမှာ ပါဝင်ပတ်သက်ခဲ့တဲ့နိုင်ငံတွေက တာဝန်ရှိသူတွေရဲ့တုံ့ပြန်ပုံက စိတ်ဝင်စားဖို့ကောင်းသဗျ။ အင်္ဂလန်က အားကစားဝန်ကြီးဟောင်းရော ပြည်ထဲရေးဝန်ကြီးကပါ ဒီအဖြစ်အပျက်ကို ရှုတ်ချတယ်။ ကျူးလွန်သူတွေကို ဥပဒေအရ အရေးယူမယ်။ ဒီဘောသရဲတွေ အသက်ပြန်ဝင်လာတာ သူတို့မနှစ်မြို့ဘူး။ အင်္ဂလန်ဘောလုံးဂုဏ်သိက္ခာ ရွှံ့တောထဲဆွဲအနှစ်ခံရပြန်ပြီလို့ ပြောတယ်။ အင်္ဂလန်ပွဲကြည့်ပရိသတ်တချို့ အဖမ်းခံရတယ်။ တချို့ထောင်ကျတယ်။ တချို့ပြည်နှင်ခံရတယ်။ ထောင်သုံးလကျခံရတဲ့အထဲ အင်္ဂလန်စိတ်ရောဂါကုဆေးရုံကြီးတစ်ခုက အမျိုးသားသူနာပြုတစ်ဦးပါတယ်။ ရဲကို ပုလင်းနဲ့ပစ်ပေါက်မှု။ ပြင်သစ်ဝင်ခွင့် နှစ်နှစ်အပိတ်ခံရတယ်။ သူ့ဌာနက ဒီကိစ္စကို ဆက်လက်စုံစမ်းအရေးယူမယ်ဆိုတယ်။

ရုရှားဘက်က ဘယ်လိုတုံ့ပြန်သလဲ။ ရုရှားဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌဖြစ်တဲ့ ရုရှားအားကစားဝန်ကြီးက ဥရောပဘောလုံးအဖွဲ့ချုပ်ရဲ့ အပြစ်ပေးဆုံးဖြတ်ချက်ကို လိုက်နာမယ်။ ဖြစ်ရတဲ့ကိစ္စအပေါ် စိတ်မကောင်းဖြစ်မိတယ်။ ဒီရမ်းကားမှုမှာ ပါဝင်ခဲ့သူတွေဟာ နိုင်ငံအတွက် သိက္ခာကျစေတယ်လို့ ပြောကြားသွားတယ်။ သမ္မတပူတင်ကတော့ ရုရှား ၂၀၀ ကျော်က အင်္ဂလိပ်ဘောလုံးဝါသနာအိုး ထောင်ပေါင်းများစွာကို ရိုက်နှက်တယ်ဆိုတာဖြစ်နိုင်ပါ့မလားဆိုပြီး ဟာသလုပ်တယ်။ အဆင့်မြင့်အရာရှိတချို့ကတော့ ဒီရုရှားဘောသရဲတွေကို တကယ့်ယောကျ်ားတွေဆိုပြီးချီးကျူးတယ်။ ဒီပွဲဝင်နွှဲခဲ့တဲ့ ဘောသရဲတချို့က နောင်တမရတဲ့အပြင် ဂုဏ်တောင်ယူနေလေရဲ့တဲ့။

**အကောင်းဆုံးတုံ့ပြန်မှု**

ပွဲထွက်ကြမ်းခဲ့တဲ့ ယူရိုပွဲကြီးကို ဇွန် ၁၃ ရက်မှာ ကျင်းပခဲ့တဲ့ ဆွီဒင်-အိုင်ယာလန်ပွဲက ပရိသတ်တချို့ရဲ့ အပြုအမူက ငွေနားကွပ်ပေးလိုက်တယ်လို့ ဆိုချင်တယ်။ ဆွီဒင်နဲ့ အိုင်ယာလန်က ဘောဝါသနာအိုးတွေဟာ ပွဲအပြီးမှာ လူစုပြီး ABBA သီချင်းတစ်ပုဒ်(ကနေတဲ့ဘုရင်မ)နဲ့ ပျော်ပျော်ပါးပါး ဝိုင်းဝန်းသီဆိုခဲ့ကြသတဲ့။ ဒီဗီဒီယိုကို ဖေ့စ်ဘွတ်ပေါ် တင်ခဲ့တဲ့ အိုင်ယာလန်လူမျိုး အင်ဒရူးလင့်ချ်က အခုလိုရေးလိုက်သေးတယ်။

"အိုင်ယာလန်နဲ့ ဆွီဒင်ဘောဝါသနာအိုးတွေက အင်္ဂလိပ်နဲ့ ရုရှားကို ပြလိုက်တာ။ ပျော်ဖို့အတွက်က တစ်ယောက်ကိုတစ်ယောက် ပုလင်းနဲ့ ပစ်ပေါက်စရာ၊ ထိုင်ခုံနဲ့ရိုက်စရာ မလိုဘူးဆိုတာကို"။ မတူကွဲပြားခြားနားတဲ့ နိုင်ငံပေါင်းစုံကလူတွေ ဒီမှာလာစုဝေးပြီး ဒီလိုပျော်လို့ရတယ်ဆိုတာ ပြလိုက်တာ။

ပြဿနာတစ်ခုကို အကြောက်နဲ့ တုံ့ပြန်မလား။ ဒေါသနဲ့ တုံ့ပြန်မလား။ ကြမ်းကြုတ်မှုနဲ့ တုံ့ပြန်မလား။ ချစ်ခင်မှုနဲ့ တုံ့ပြန်မလား။ ရွေးစို့။

ရန်ကုန်-မန္တလေးဘောပွဲတွေမှာ ရန်ကုန်အသင်းရှုံးနိမ့်ခဲ့ရင် နှစ်ဖက်ဘောပရိသတ်ကြီးက ဆရာရွှေတိုင်ညွန့်ရဲ့ နဂါးနီသီချင်းထဲက သံပြိုင်ပိုဒ်ကို သီဆိုပြီး ရန်ကုန်အသင်းရဲ့အားထုတ်မှုကို ဂုဏ်ပြုရအောင်။ မန္တလေးအသင်း ရှုံးနိမ့်ခဲ့ရင် ဆရာမြို့မငြိမ်းရဲ့ လူချွန်လူကောင်း သီချင်းထဲက သံပြိုင်ပိုဒ်ကို သီဆိုပြီး မန္တလေးအသင်းရဲ့ အားထုတ်မှုကို ဂုဏ်ပြုရအောင်။ ငါတို့တစ်တွေဟာ ယဉ်ကျေးတဲ့နိုင်ငံကြီးသားတွေဖြစ်ကြောင်း ပြရအောင်။ ။

ဒေါက်တာအောင်ကြီး

# ဇမ္ဗူသီရိအထူးကုဆေးရုံကြီး၌ နိုင်ငံတကာမှ အထူးကုဆရာဝန်ကြီးများဖြင့် နှလုံးသွေးကြောကျဉ်းရောဂါဆိုင်ရာကုသမှုများ သုံးရက်တိုင် ပြုလုပ်ပေးလျက်ရှိ

**နေပြည်တော် ဇွန် ၁၉**
နေပြည်တော်စည်ပင်သာယာရေးကော်မတီလက်အောက်ရှိ ဇမ္ဗူသီရိအထူးကုဆေးရုံကြီး၌ နိုင်ငံတကာမှ အထူးကုဆရာဝန်ကြီးများနှင့် စဉ်ဆက်မပြတ် ဆေးပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုအစီအစဉ်အရ ဂျပန်နိုင်ငံရှိ Tenyoukai Central Hospital မှ နှလုံးရောဂါအထူးကုဆရာဝန်ကြီး Dr.Takashi Kajiya နှင့် ဇမ္ဗူသီရိအထူးကုဆေးရုံကြီးမှ နှလုံးရောဂါ အထူးကုဆရာဝန်ကြီး ဒေါက်တာသက်ဟိန်း ဦးဆောင်သောအဖွဲ့တို့ပူးပေါင်း၍ Biplane CathLab (Allura Xper FD10/10 Biplane) စက်ကြီးဖြင့် နှလုံးသွေးကြောကျဉ်း ရောဂါဝေဒနာရှင်များကို ရောဂါရှာဖွေခြင်း (Coronary Angiogram) နှင့် နှလုံးသွေးကြောထောက်ကိရိယာ (Stent) ထည့် ကုသခြင်းကို ယမန်နေ့နံနက်ပိုင်းမှ စတင်ကုသပေးလျက်ရှိသည်။

ယနေ့ နံနက်ပိုင်းတွင် နှလုံးသွေးကြောရောဂါ ဝေဒနာရှင်များအား နှလုံးသွေးကြောထောက်ကိရိယာ (Stent) ထည့် ကုသပေးနေမှုများကို နေပြည်တော်စည်ပင်သာယာရေးကော်မတီ ကော်မတီဝင်(၁)ဦးအေးမြင့်နှင့် တာဝန်ရှိသူများက အထူးကုဆရာဝန်ကြီးများနှင့် လူနာရှင်များအား လာရောက်တွေ့ဆုံအားပေးစကား ပြောကြားခဲ့သည်။ ထို့အပြင် တာဝန်ရှိသူများအနေဖြင့်လည်း ဆေးပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုအစီအစဉ်အပြင် နိုင်ငံတကာမှ ဆရာဝန်ကြီးများကို ဖိတ်ခေါ်၍ ယခုကဲ့သို့ ကုသမှုဆောင်ရွက်ပြီး ဆေးပညာဖလှယ်နိုင်ရေး စီစဉ်ပေးမည်ဖြစ်ပြီး နိုင်ငံခြား ဆရာဝန်ကြီးများနှင့် သာမဟုတ်ဘဲ မိမိတို့ ဇမ္ဗူသီရိအထူးကုဆေးရုံကြီးမှ နှလုံးအထူးကုဆရာဝန်ကြီးဖြင့် နှလုံးသွေးကြောကျဉ်းရောဂါရှာဖွေခြင်း (Coronary Angiogram) နှင့် နှလုံးသွေးကြော ထောက်ကိရိယာ (Stent) ထည့် ကုသခြင်းကို အချိန်မရွေး အောင်မြင်စွာကုသပေးလျက်ရှိကြောင်းကို ပြည်သူလူထုသိရှိနိုင်ရေး ဆောင်ရွက်သွားရန် လိုအပ်ကြောင်း မှာကြားခဲ့သည်။

ဇမ္ဗူသီရိအထူးကုဆေးရုံကြီး၌ နိုင်ငံတကာမှ အထူးကုဆရာဝန်ကြီးများနှင့် နှလုံးသွေးကြောကျဉ်းရောဂါဆိုင်ရာကုသမှု တတိယအကြိမ်မြောက်အဖြစ် ဇွန် ၁၈ ရက်မှ ၂၀ရက်အထိ ကုသမှုပေးမည်ဖြစ်ပြီး ဝေဒနာရှင် ၁၂ ဦးအနက် ယမန်နေ့တွင် ခြောက်ဦးအား အောင်မြင်စွာ ကုသပေးနိုင်ခဲ့ပြီး ကျန်ရှိသည့် ဝေဒနာရှင်များအား ဆက်လက်ကုသပေးမည်ဖြစ်ကြောင်း သိရသည်။

**(ကြေးမုံ)**

❑





## ဟိုတယ်၊ မိုတယ်၊ ဧည့်ရိပ်သာများလုံခြုံရေးဆိုင်ရာ အသိပညာပြန့်ပွားရေးဟောပြော

**ပဲခူး ဇွန် ၁၉**
ပဲခူးမြို့ ဥသာမြို့သစ် ရပ်ကွက်ကြီး (၂) Hotel Mariner (2) ၌ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနနှင့် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းရဲတပ်ဖွဲ့တို့ပူးပေါင်း၍ ဟိုတယ်၊ မိုတယ်၊ ဧည့်ရိပ်သာများ လုံခြုံရေးဆိုင်ရာ အသိပညာပြန့်ပွားရေးဟောပြောပွဲကို ယနေ့နံနက်ပိုင်းက ကျင်းပသည်။

ရှေးဦးစွာ ပဲခူးမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးတင်ထွေးက ရဲတပ်ဖွဲ့ဝင်များ လှည့်ကင်းအသီးသီးဖြင့် လုံခြုံရေးဆောင်ရွက်လျက်ရှိရာ ဟိုတယ်၊ မိုတယ် တာဝန်ရှိသူများနှင့် ပြည်သူများက ပူးပေါင်းပါဝင်ဆောင်ရွက်ရန် ကိစ္စများကိုလည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး ဟိုတယ်လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးဆန်းလွင်က ဟိုတယ်များ အစစ်ဆေးခံနိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိရန်၊ သင်တန်းများဖွင့်လှစ်ပို့ချရာတွင်လည်း ပါဝင်တက်ရောက်ရန်တို့ကိုလည်းကောင်း၊ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းညွှန်ကြားမှုဌာန ပဲခူးရုံးခွဲ ဦးစီးအရာရှိ ဦးသန်းဌေးက ဟိုတယ်၊ မိုတယ် ဆောက်လုပ်ခြင်း၊ တိုးချဲ့ခြင်း၊ ပြင်ဆင်ခြင်းများဆောင်ရွက်ရာတွင် သက်ဆိုင်ရာဌာနများ၏ ခွင့်ပြုချက်ရယူပြီးမှ ဆောင်ရွက်ရန်၊ ဧည့်သည်အမှန်ဝင်ရောက်မှုစာရင်းမှန်ကန်စွာတင်ပြရန်နှင့် သင်တန်းတက်ရောက်ပြီးသူများကိုသာ ဝန်ထမ်းခန့်အပ်ရန်ကိစ္စများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ပဲခူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ကျန်းမာရေးတာဝန်ခံ ဦးသက်လွင်က ဟိုတယ်၊ မိုတယ်တို့၌ သန့်ရှင်းရေးအဓိကထား ဆောင်ရွက်ထားရှိရန်၊ လုပ်ငန်းလိုင်စင်နှင့် စည်းကမ်းချက်များ ချိတ်ဆွဲထားရှိရန် ကိစ္စများကိုလည်းကောင်း၊ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ပဲခူးမြို့နယ် ဒုတိယဦးစီးမှူး ဦးစန်းယုက နိုင်ငံခြားသားများ တည်းခိုလာပါက ၂၄ နာရီအတွင်း လဝက သို့တင်ပြရန်၊ နိုင်ငံခြားသားများတည်းခိုလက်ခံမည်ဆိုပါက ပါရှိရမည့်အချက်များနှင့် ပတ်သက်၍လည်းကောင်း၊ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း လုံခြုံရေးရဲတပ်ဖွဲ့(ပဲခူး) တပ်ဖွဲ့စိတ်မှူး ရဲအုပ်မင်းဇော်က ရက် ၁၀၀ အတွင်းပြုလုပ်မည့် ဝန်ဆောင်မှု ၁၀ ခုနှင့် ပတ်သက်၍လည်းကောင်း အသီးသီးရှင်းလင်းဟောပြောကြသည်။

လူမှုရေးဗီဇာဖြင့် နိုင်ငံခြားသားများ ရပ်ကွက်/ကျေးရွာများအတွင်း အလည်အပတ် လာရောက်နေထိုင်မည်ဆိုပါက အိမ်ရှင်နှင့် ဆက်စပ်သူဖြစ်ရမည့်အပြင် အိမ်ရှင်ကတာဝန်ယူရမည်။ ဗီဇာရှိရမည်။ နေခွင့်သက်တမ်းရှိရမည်။ ပတ်စ်ပို့ရှိရမည်။ အိမ်ရှင်က လဝကသို့ လျှောက်လွှာတင်ရမည်ဖြစ်သည်။

ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း ရဲတပ်ဖွဲ့မှ ရက် ၁၀၀ အတွင်း သာမန်လုံခြုံရေးဆောင်ရွက်ခြင်း၊ ကျန်းမာရေးကူညီစောင့်ရှောက်ခြင်း၊ ပစ္စည်းပျောက်/ပြန်ရမှု ကူညီပေးခြင်း၊ အပျော်စီးသင်္ဘောခရီးစဉ်လုံခြုံရေး ကူညီဆောင်ရွက်ခြင်း၊ မော်တော်ယာဉ် အုပ်စုလိုက်ခရီးစဉ် ကူညီစောင့်ရှောက်ခြင်း၊ မော်တော်ဆိုင်ကယ်၊ စက်ဘီးခရီးစဉ်ကူညီစောင့်ရှောက်ခြင်း၊ ခြေကျင်လမ်းလျှောက်ခရီးစဉ်ကူညီစောင့်ရှောက်ခြင်း၊ မီးပုံးပျံခရီးစဉ် ကူညီစောင့်ရှောက်ခြင်း၊ လူပုဂ္ဂိုလ်လုံခြုံရေးဆောင်ရွက်ခြင်းနှင့် အထွေထွေကူညီစောင့်ရှောက်ခြင်းများ ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။ **ရွှေဘုန်းအောင်(ပဲခူး)**




## သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် ရခိုင်ပြည်နယ် ဖွံ့ဖြိုးရေးလိုအပ်မှု ဆောင်ရွက်ရန် ငွေကျပ်သိန်း ၁၀၀၀ လှူဒါန်း

**ရန်ကုန် ဇွန် ၁၉**
မြန်မာနိုင်ငံအတွင်း သဘာဝဘေးအန္တရာယ်ကျရောက်ခြင်း ကြုံတွေ့လာပါက သက်ဆိုင်ရာဒေသများအလိုက် အများပြည်သူအတွက် ကယ်ဆယ်ရေးလုပ်ငန်းများ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားနိုင်ရန်အတွက် ကမ္ဘောဇအနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်းက ဇွန် ၁၇ ရက် ညနေ ၅ နာရီတွင် ရခိုင်ပြည်နယ် အစိုးရအဖွဲ့သို့ ငွေကျပ်သိန်း ၁၀၀၀ လှူဒါန်းခဲ့သည်။ **(အပေါ်ပုံ)**

အလှူငွေကို ဖောင်ဒေးရှင်းမှ တာဝန်ရှိသူ ဦးစံမြက ရခိုင်ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူး ဦးတင်မောင်ဆွေထံ ပေးအပ်ခဲ့ပြီး အဆိုပါအခမ်းအနားသို့ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု၊ တာဝန်ရှိသူများနှင့် မြို့မိမြို့ဖများ တက်ရောက်ခဲ့သည်။

အလှူငွေပေးအပ်ပွဲတွင် ဖောင်ဒေးရှင်းမှ ဦးစံမြက ယမန်နှစ် ရေကြီးရေလျှံ၊ မြေပြိုမှုစသည့် သဘာဝဘေးအန္တရာယ်များဖြစ်ပွားချိန်အတွင်း ဖောင်ဒေးရှင်းအနေဖြင့်သော်လည်းကောင်း၊ အခြားပရဟိတအဖွဲ့များနှင့် အလှူရှင်များအနေဖြင့်လည်းကောင်း လူအား၊ ငွေအားနှင့် ကယ်ဆယ်ရေး၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ခက်ခဲပင်ပန်းစွာ ဆောင်ရွက်ခဲ့ကြရကာ လမ်းပန်းဆက်သွယ်ရေးပြတ်တောက်ပြီး ဝေးလံသောအချို့ဒေသများသို့ ကယ်ဆယ်ရေးပစ္စည်းများရောက်ရှိရန် နှောင့်နှေးကြန့်ကြာမှုများ ကြုံတွေ့ခဲ့ကြရကြောင်း၊ ထိုအတွေ့အကြုံတို့ကိုအခြေခံ၍ ဖောင်ဒေးရှင်းဥက္ကဋ္ဌ ဒေါ်နန်းလိုင်းခမ်း၏ စီစဉ်ညွှန်ကြားမှုဖြင့် သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်နိုင်ရေးအတွက် ယခုကဲ့သို့ လှူဒါန်းရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

ကမ္ဘောဇအနာဂတ်အလင်းတန်း မြန်မာဖောင်ဒေးရှင်း (BFM)သည် နိုင်ငံတစ်ဝန်း သဘာဝဘေးအန္တရာယ်ကျရောက်သည့်အခါတိုင်း ငွေအား၊ လူအားဖြင့် ကူညီဆောင်ရွက်ပေးလျက်ရှိပြီး ၂၀၀၈ ခုနှစ် နာဂစ်မုန်တိုင်းတိုက်ခတ်မှုကြောင့် သဘာဝဘေးဒဏ်သင့်ပြည်သူများအား ကူညီထောက်ပံ့ခြင်း၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ခြင်းမှ အစပြုကာ တရားဝင်ဖောင်ဒေးရှင်းတည်ထောင်ပြီး ဥက္ကဋ္ဌ ဒေါ်နန်းလိုင်းခမ်းဦးဆောင်၍ ဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။

၂၀၁၅ ခုနှစ်တွင် နိုင်ငံတော်သမ္မတ၏ နိုင်ငံ့စွမ်းဆောင်ရည်ဆု (နိုင်ငံတော်နှင့် ပြည်သူတို့၏ လူမှုရေးအကျိုးပြုမှု အကောင်းဆုံးလူမှုရေးအသင်းအဖွဲ့ဆု)နှင့် နိုင်ငံတကာ အဖွဲ့အစည်းဖြစ်သော အင်္ဂလန်နိုင်ငံ Euromoney အဖွဲ့အစည်း၏ လူမှုရေးအကျိုးပြုလုပ်ငန်းဆိုင်ရာ အကောင်းဆုံးဆု (Euromoney Achievement Award for CSR)တို့ ရရှိခဲ့ကြောင်း သိရသည်။

**(ဝ၁၀)**



## ပြည်တွင်းရေးရာ

# မိုးကုတ်တွင် ဒေါ်အောင်ဆန်းစုကြည်၏ (၇၁)နှစ်မြောက် မွေးနေ့အထိမ်းအမှတ် ကျင်းပ



**မိုးကုတ် ဇွန် ၁၉**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ (၇၁) နှစ်မြောက်မွေးနေ့ပွဲ အထိမ်းအမှတ် အနေဖြင့် ကျင်းပသည့် တိုင်းရင်းသားများ ရိုးရာပဒေသာကပွဲနှင့် ကဗျာဂီတပွဲတော်အား မိုးကုတ်မြို့ ဖောင်တော်ဦးမြတ်စွာဘုရားဝင်း အတွင်းရှိ မဏိရတနာခန်းမ၌ ဇွန် ၁၉ ရက် မွန်းလွဲပိုင်းတွင် ကျင်းပသည်။

အဆိုပါအခမ်းအနားကို အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၊ မန္တလေးတိုင်းဒေသကြီး လူငယ်လုပ်ငန်းအဖွဲ့၊ ပြင်ဦးလွင်ခရိုင်လူငယ်လုပ်ငန်းအဖွဲ့နှင့် မိုးကုတ်၊ မတ္တရာ၊ စဉ့်ကူး၊ သပိတ်ကျင်း၊ ပြင်ဦးလွင်မြို့နယ်များမှ လူငယ်လုပ်ငန်းအဖွဲ့တို့က ဦးဆောင်ကျင်းပခြင်းဖြစ်ကာ မိုးကုတ်မြို့၊ ကျပ်ပြင်မြို့၊ မိုးမိတ်မြို့နှင့် ပတ်ဝန်းကျင်ဒေသများရှိ တိုင်းရင်းသားမိဘပြည်သူအပေါင်းတို့ လာရောက်အားပေးဂုဏ်ပြုကြသည်။ တိုင်းရင်းသားများ ရိုးရာပဒေသာကပွဲနှင့် ကဗျာဂီတပွဲတော်တွင် ကချင်၊ ကရင်၊ ချင်း၊ ရှမ်း၊ ဗမာ၊ လီဆူ၊ ပလောင်တိုင်းရင်းသားတို့၏ ရိုးရာပဒေသာကပွဲများ၊ အထူးအစီအစဉ်အဖြစ် ဂေါရခါးလူမျိုးများ၏ ယဉ်ကျေးမှုကပွဲ၊ မြန်မာ့သိုင်းအလှပြပွဲ၊ စာရေးဆရာ၊ ကဗျာ ဆရာတို့၏ မွေးနေ့ဂုဏ်ပြုဟောပြောပွဲများ၊ လက်သစ်ကလောင်ရှင်များ၏ ကဗျာများနှင့်အတူ The Winner Music Band, Micro Music Band, KB Ko Myo San Oo Group Song တို့မှ သီဆိုဖျော်ဖြေမှုများဖြင့် ဧည့်ခံကြသည်။

အခမ်းအနားသို့ လာရောက်ကြသူ မိဘပြည်သူများအတွက် နိဗ္ဗာန်ဈေးပွဲတော်ကိုလည်း ဖွင့်လှစ်ပေးထားပြီး စားသောက်ခွင့် လက်မှတ်များကို အခမဲ့ဝေငှကြောင်းသိရသည်။

**(ဘဦး)**

**❖ ရန်ကုန်မှ**

လက်ရှိအစီအစဉ်အရ ရန်ကုန်မြို့ပတ်ရထားလမ်း အဆင့်မြှင့်တင်ရေးလုပ်ငန်းများကို ဆောင်ရွက်သွားမည်ဟု JICA မြန်မာရုံး၏ ထုတ်ပြန်ချက်အရ သိရသည်။

"ရန်ကုန်မြို့ရဲ့ သယ်ယူပို့ဆောင်ရေးကဏ္ဍကို ပြုပြင်ပြောင်းလဲရာမှာ ဘတ်စ်ကားလိုင်းတွေကို စနစ်တကျဖြစ်စေဖို့ ဆောင်ရွက်ရပါမယ်။ အခုတည်ထောင်ထားတဲ့ အများပိုင်ဘတ်စ်ကားလိုင်းကို စနစ်တကျနဲ့တိုးချဲ့သွားပြီး ရထားပို့ဆောင်ရေးကိုလည်း အများပြည်သူပိုမိုအသုံးပြုလာအောင် ဆောင်ရွက်ရမှာပါ။ မြို့ပြပို့ဆောင်ရေးကဏ္ဍနဲ့ ယာဉ်ကြောပိတ်ဆို့မှု ပြဿနာတွေဟာ တစ်နေရာတည်းဖြေရှင်းလို့မရဘဲ ဘက်ပေါင်းစုံက ဆောင်ရွက်ရမှာဖြစ်ပါတယ်"ဟု ရန်ကုန်ဘတ်စ်ကား အများပိုင်ကုမ္ပဏီဥက္ကဋ္ဌ ဒေါက်တာမောင်အောင်က သုံးသပ်သည်။

JICA နှင့် ပူးပေါင်းဆောင်ရွက်မည့် ရန်ကုန်မြို့ပတ်ရထားလမ်း အဆင့်အတန်းမြှင့်တင်ရေးလုပ်ငန်းရပ်များ၏ တစ်စိတ်တစ်ပိုင်းဖြစ်သော တည်ဆောက်ရေးလုပ်ငန်းများကို မြန်မာ့မီးရထား၏ ဘတ်ဂျက်ဖြင့် ၂၀၁၇ ခုနှစ်မှ စတင်ကာ ဆောင်ရွက်သွားမည်ဖြစ်ပြီး အဆိုပါ ရန်ကုန်မြို့ပတ်ရထားလမ်း အဆင့်မြှင့်တင်ရေးလုပ်ငန်း၏ အခြားကဏ္ဍများဖြစ်သော အကြံပေးလုပ်ငန်းများ၊ အချက်ပြစနစ်ဝယ်ယူမှုနှင့် တပ်ဆင်မှု၊ ရထားတွဲဝယ်ယူမှုများအတွက် JICAမှ အတိုးနှုန်း သက်သာသော ချေးငွေဖြင့်ဆောင်ရွက်ရန် ချေးငွေစာချုပ် (Loan Agreement) ကို ၂၀၁၅ ခုနှစ်တွင် လက်မှတ်ရေးထိုးခဲ့ပြီးဖြစ်သည်။ ယင်းကြောင့် JICA အနေဖြင့် အဆိုပါ YUTRA Project ၏ ပြုပြင်မွမ်းမံမှု(Update) အတွက် သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်းကူညီဆောင်ရွက်ရန် အစီအစဉ်ရှိကြောင်း JICA မြန်မာမှ သိရသည်။

**(ဆုနှင်းလဲ့)**

# မိတ္ထီလာတွင် ယာဉ်/လမ်းစည်းကမ်း အသိပညာပေး အရှိန်အဟုန်မြှင့်ဆောင်ရွက်ရန် လိုအပ်သည့်ငွေကြေးကို တိုင်းဒေသကြီးအစိုးရအဖွဲ့ထံ တင်ပြတောင်းခံမည်

**မိတ္ထီလာ ဇွန် ၁၉**

မိတ္ထီလာတွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ရန်အတွက် လိုအပ်သည့်ငွေကြေးကို တိုင်းဒေသကြီးအစိုးရအဖွဲ့ထံ တင်ပြတောင်းခံမည်ဖြစ်ကြောင်း ဇွန် ၁၈ ရက် နံနက် ၉ နာရီက မိတ္ထီလာခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသော တွေ့ဆုံပွဲတွင် တိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဒေါက်တာစိုးသန်းက ပြောကြားသည်။



မိတ္ထီလာခရိုင်အတွင်းရှိ ဌာနဆိုင်ရာများ၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဝင်များ၏ အခက်အခဲများကို ဖြေရှင်းဆောင်ရွက်ပေးရန် ရည်ရွယ်ပြုလုပ်ခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် ဒေသဖွံ့ဖြိုးရေး ဆောင်ရွက်ရာတွင် အခက်အခဲများရှိပါက တာဝန်ရှိသူများက တင်ပြရန်ဖြစ်ကြောင်း ပြောကြားရာ မိတ္ထီလာမြို့နယ်အတွင်း ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေး လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်သူများမှာ ပညာပေးလုပ်ငန်းဆောင်ရွက်သူများရှေ့တွင် စည်းကမ်းလိုက်နာသော်လည်း မျက်ကွယ်ရာတွင် စည်းကမ်းလိုက်နာမှု အားနည်းဆဲဖြစ်ကြောင်း၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးလုပ်ငန်းများ ထိရောက်အောင်မြင်အောင် ဆောင်ရွက်နိုင်မှသာ ဒေသခံပြည်သူများ၏ ယာဉ်မတော်တဆဖြစ်၍ အသက်အန္တရာယ်ဆုံးရှုံးနေရမှုများကို ကာကွယ်စောင့်ရှောက်ပေးရာရောက်မည်ဖြစ်ကြောင်း၊ မိတ္ထီလာတွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးလုပ်ငန်းများ အရှိန်အဟုန်မြှင့်ဆောင်ရွက်သွားရန် စီစဉ်ရာတွင် လူကူးမျဉ်းကြားများနှင့် လိုအပ်သည့် မျဉ်းများရေးဆွဲရန်၊ အသိပညာပေးဆိုင်းဘုတ်များ တပ်ဆင်ရန် စသည်တို့အတွက် ငွေကြေးအခက်အခဲဖြစ်နေကြောင်း၊ မြို့နယ်စည်ပင်သာယာအဖွဲ့အနေဖြင့်လည်း ယင်းလုပ်ငန်းအတွက် သီးခြားခွင့်ပြုငွေမရှိဖြစ်နေပါကြောင်း၊ ထို့ကြောင့် အဆိုပါ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ရန် လိုအပ်သည့်ငွေကြေးကို ထောက်ပံ့ပေးနိုင်ရန် တင်ပြလိုပါကြောင်း ခရိုင်အုပ်ချုပ်ရေးမှူး ဦးတင့်ဝေသုံးက တင်ပြသည်။

ထို့နောက် ဝန်ကြီးက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေး လုပ်ငန်းများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ လိုအပ်လျက်ရှိသည့် ငွေကြေးအတွက် တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီးဌာနကဖြစ်စေ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ ဒေသဖွံ့ဖြိုးရေးရန်ပုံငွေကဖြစ်စေ ပေးနိုင်ရန်အတွက် တိုင်းဒေသကြီး အစိုးရအဖွဲ့ထံ တင်ပြတောင်းခံပေးမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

အဆိုပါတွေ့ဆုံပွဲတွင် ခရိုင်အတွင်းရှိ မိတ္ထီလာ၊ ဝမ်းတွင်း၊ မလှိုင်မြို့နယ်တို့မှ မြို့နယ်အုပ်ချုပ်ရေးမှူးများ၊ သာစည်မြို့နယ် ဒုတိယမြို့နယ် အုပ်ချုပ်ရေးမှူး၊ မြို့နယ်စီမံခန့်ခွဲမှု ကော်မတီဝင်များ၊ ခရိုင်၊ မြို့နယ် အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြပြီး စိုက်ပျိုးရေးအတွက် လိုအပ်ချက်များကိုလည်း တင်ပြခဲ့ပြီး တိုင်းဒေသကြီးဝန်ကြီးနှင့် တာဝန်ရှိသူများက ရှင်းလင်းဖြေကြားခဲ့ကြောင်း သိရသည်။

**ချမ်းသာ(မိတ္ထီလာ)**

# သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေးနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး ဆောင်ရွက်

**ဘားအံ ဇွန် ၁၉**

ကရင်ပြည်နယ် ဘားအံမြို့ အမှတ်(၁)ရပ်ကွက်တွင် သွေးလွန်တုပ်ကွေးရောဂါနှိမ်နင်းရေးနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးအတွက် ဇွန် ၁၇ ရက် နံနက်ပိုင်းမှစ၍ ရပ်ကွက်အတွင်းရှိ အိမ်ထောင်စုများတွင် တစ်အိမ်တက်ဆင်း ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းများ ဆောင်ရွက်ခဲ့ကြသည်။

ထိုသို့ဆောင်ရွက်ရာတွင် ပြည်နယ်ကျန်းမာရေးဦးစီးဌာနနှင့် မြို့နယ်ကျန်းမာရေးဦးစီးဌာနတို့မှ ကျန်းမာရေးဝန်ထမ်းများ၊ ကျန်းမာရေးကြီးကြပ်(၂)များ၊ စည်ပင်သာယာရေးအဖွဲ့မှ ဝန်ထမ်းများ၊ ကြက်ခြေနီ၊ မီးသတ်၊ မိခင်နှင့်ကလေးအစရှိသည့် လူမှုရေးအသင်းအဖွဲ့များ စုစုပေါင်းအင်အား ၁၀၉ ဦးခန့်သည် အဖွဲ့ငယ်များခွဲ၍ အမှတ်(၁)ရပ်ကွက်အတွင်းရှိ အိမ်ခြေ ၁၂၀၀ ကျော်တွင် ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းများ ဆောင်ရွက်ခဲ့ကြသည်။

ထို့နောက် ပြည်နယ်ကျန်းမာရေးဦးစီးဌာနမှ ငှက်ဖျားတိုက်ဖျက်ရေးတာဝန်ခံဆရာဝန် ဒေါက်တာသီဟမြင့်စိုးက အမှတ်(၁)ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၌ သွေးလွန်တုပ်ကွေးရောဂါကာကွယ်နှိမ်နင်းရေးနှင့် ပတ်သက်ပြီး ကျန်းမာရေးအသိပညာပေး ဟောပြောဆွေးနွေးခဲ့ကြောင်း သိရသည်။

အဆိုပါ သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေးနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးလုပ်ငန်းများကို ဘားအံမြို့ပေါ်တွင် အပတ်စဉ်ဆောင်ရွက်လျက်ရှိရာ ဇွန် ၁၀ ရက်က ဘားအံမြို့ အမှတ်(၉)ရပ်ကွက်တွင် ဆောင်ရွက်ခဲ့ပြီး ဇွန် ၂၄ ရက်တွင် အမှတ် (၄) ရပ်ကွက်၌ ဆောင်ရွက်မည်ဖြစ်ကာ အပတ်စဉ်သောကြာနေ့တိုင်း ဖုံး၊ သွန် လဲ၊ စစ်နှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးကို ဒေသခံပြည်သူများနှင့်ပူးပေါင်း၍ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# ပြည်သူများလေ့လာသိရှိနိုင်ရေး မြေစိုက်နံရံကပ်ဘုတ်များဖြင့် အသိပညာပေးမှုများ ဘားအံ၌ ပြုလုပ်

**ဘားအံ ဇွန် ၁၉**

ကရင်ပြည်နယ် ဘားအံခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအနေဖြင့် ရက် ၁၀၀ စီမံချက်ဖြင့် ပြည်သူလူထုအတွင်း သတင်းစီးဆင်းမှု မှန်ကန်မြန်ဆန်စေရေးအတွက် ဆောင်ရွက်လျက်ရှိရာ နိုင်ငံတော်အစိုးရ၏ မူဝါဒများနှင့် အကောင်အထည်ဖော် ဆောင်ရွက်နေမှုများကိုလည်းကောင်း၊ ကရင်ပြည်နယ်အစိုးရအဖွဲ့၏ ဖွံ့ဖြိုးရေးလုပ်ငန်းများအားလည်းကောင်း ပြည်သူများ သိရှိစေရန်အတွက်ရည်ရွယ်၍ မြေစိုက်နံရံကပ်ဘုတ်များကို ဘားအံခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးရှေ့၌ ပြသထားလျက်ရှိကြောင်း သိရသည်။

ထိုသို့ပြသဆောင်ရွက်ရာတွင် ပြည်ထောင်စုအစိုးရ၊ ကရင်ပြည်နယ်အစိုးရ၏ လှုပ်ရှားမှုများနှင့် ဖွံ့ဖြိုးတိုးတက်မှုများ၊ ပြည်သူများ စိတ်ဝင်စားသော သဘာဝဘေးအန္တရာယ်များဖြစ်ပွားနေပုံ တားဆီးကာကွယ်ရေးပညာပေး၊ ယာဉ်အန္တရာယ်ပညာပေးနှင့် အလုပ်အကိုင်အခွင့်အလမ်း အသိပေးမှုများအား ၁၅ ရက်လျှင်တစ်ကြိမ် အသစ်လဲလှယ်ပြသလျက်ရှိရာ ပြည်သူများ၊ ကျောင်းသား ကျောင်းသူများ စိတ်ပါဝင်စားစွာ လာရောက်ကြည့်ရှု လေ့လာကြကြောင်းနှင့် ဒေသအတွင်းပြည်သူများ၏ လိုအပ်ချက်များနှင့် အကြံပြုတင်ပြချက်များ၊ ထင်မြင်ယူဆချက်များကို ပြည်သူများသိရှိအောင် သတင်းထုတ်ပြန် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**နေမျိုးလွင်(ပြန်/ဆက်)**




# ရွှေဘိုဒေသ၌ မိုးစပါးဈေးကျဆင်းလာမှုကြောင့် နွေစပါးဈေးနည်း၍ အရှုံးပေါ်မည်ကို လယ်သမားများစိုးရိမ်

**ရွှေဘို ဇွန် ၁၉**

နိုင်ငံတော်အစိုးရသစ်လက်ထက် ရက်ပေါင်း ၈၀ အတွင်း ရွှေဘိုဒေသ၌ မိုးစပါးဈေးတည်ငြိမ်နေပြီး အေးစက်လာကာ ဈေးနှုန်းများကျဆင်းလာမှုကြောင့် နွေစပါးလည်းဈေးနည်း၍ အရှုံးပေါ်မည်ကို လယ်သမားများ စိုးရိမ်နေကြကြောင်း ဒေသခံလယ်သမားများထံမှ သိရသည်။

အဆိုပါရွှေဘိုဒေသတွင် သကြ်န်မတိုင်မီ၌ ရွှေဘိုပေါ်ဆန်းမွှေးစပါးသည် စပါးတင်း ၁၀၀ လျှင် ငွေကျပ် ၁၂ သိန်း ဈေးနှုန်းဝန်းကျင်ဖြစ်ပေါ်နေရာမှ တဖြည်းဖြည်းအေးစက်လာကာ ဈေးနှုန်းများကျဆင်းလာမှုကြောင့် ယနေ့အချိန်ကာလတွင် စပါးတင်း ၁၀၀ လျှင် ငွေကျပ် ၁၁ သိန်း ဈေးနှုန်းဝန်းကျင်ဖြင့် အရောင်းအဝယ်ဖြစ်နေကြသည်။

နိုင်ငံတော်အစိုးရသစ်လက်ထက် ရက်ပေါင်း ၈၀ အတွင်း ရွှေဘိုဒေသ၌ မိုးစပါးဈေးနှုန်းသည် ငွေကျပ်တစ်သိန်းဝန်းကျင်ခန့် ကျဆင်းလျော့နည်းလာသည့်အပြင် ယခင်နှစ်ကာလတူထက် ငွေကျပ်တစ်သိန်းကျော် နည်းပါးသေးကြောင်း သိရသည်။

ယင်းရွှေဘိုဒေသသည် နွေစပါးဧကသုံးသိန်းကျော် စိုက်ပျိုးထားရာ အောင်မြင်ဖြစ်ထွန်းနေပြီး မကြာမီကာလဇူလိုင်လဆန်းတွင် စတင်ရိတ်သိမ်းတော့မည်ဖြစ်ကြောင်း၊ နွေစပါးများ လှိုင်လှိုင်ရိတ်သိမ်းလာမှုကြောင့်လည်းကောင်း၊ ယခုအချိန် မိုးစပါးများဈေးနှုန်း ကျဆင်းလာနေမှုကြောင့်လည်းကောင်း၊ နွေစပါးများရိတ်သိမ်းနေချိန် အခါအားလျော်စွာမိုးများ အဆက်မပြတ် ရွာသွန်းလေ့ရှိမှုကြောင့်လည်းကောင်း မကြာမီရိတ်သိမ်းတော့မည့် နွေစပါးများဈေးနည်း၍ အရှုံးပေါ်မည်ကို လယ်သမားများစိုးရိမ်နေကြသည်။

"ဒီအစိုးရသစ်လက်ထက် ရက်ပေါင်း ၈၀ အတွင်းမှာ မိုးစပါးဈေးနှုန်းကတော့ ယခင်နှစ်ကထက် ပိုမိုမြင့်မားလိမ့်မယ်လို့ ထင်မြင်ယူဆခဲ့ပါတယ်။ ဒါပေမဲ့ ယခုတော့ ဈေးတက်ဖို့နေနေသာသာ ပြန်ပြီးတောင် ကျဆင်းသွားနေပါသေးတယ်။ ဒါကြောင့် မကြာခင် ရိတ်သိမ်းတော့မယ့် နွေစပါးလည်း ဈေးနည်းပြီးအရှုံးပေါ်မှာကို ကျွန်တော်တို့လယ်သမားတွေ စိုးရိမ်ပူပန်နေကြပါတယ်"ဟု ခင်ဦးမြို့နယ် ပေါက်တောရွာမှ လယ်သမားကြီး ဦးထွန်းလှက ပြောသည်။

**(ရောင်နီတင်ဝင်း)**

# ဗြိတိန်ရုပ်သံလိုင်းတစ်ခု၏ဇာတ်လမ်းတွဲတွင် ပါဝင်သရုပ်ဆောင်ရန် ကမ်းလှမ်းခံထားရသည့် မင်းသားကြီး ရိုဝမ်အတ်ကင်ဆန်



ဟာသဇာတ်ရုပ်တစ်ခုဖြစ်သည့် မစ္စတာဘင်းဇာတ်ရုပ်ဖြင့် ကမ္ဘာတစ်ဝန်းတွင် လူသိများကျော်ကြားခဲ့သည့် မင်းသားကြီး ရိုဝမ်အတ်ကင်ဆန်အား ဗြိတိန်ရုပ်သံလိုင်းတစ်ခု၏ ရုပ်သံဇာတ်လမ်းတွဲ နှစ်ခု သို့မဟုတ် နှစ်ခုထက်ပိုသည့် Maigret ဇာတ်လမ်းတွဲတွင် ပါဝင်သရုပ်ဆောင်ပေးရန် ကမ်းလှမ်းထားကြောင်း သိရသည်။

Maigret ဇာတ်လမ်းတွဲ၏ ပထမဆုံးသောအပိုင်းကို ယခုနှစ် မတ်လကုန်ပိုင်းက ဗြိတိန်ရုပ်သံလိုင်း ITV မှ စတင်ထုတ်လွှင့်ပြသလျက်ရှိပြီး စိတ်ကူးယဉ်ဆန်ဆန်ဖန်တီးထားသော ယင်းဇာတ်ကားတွင် မင်းသားကြီး ရိုဝမ်အနေဖြင့် ပြင်သစ်စုံထောက်ကြီး Jules Maigret အဖြစ် ပါဝင်သရုပ်ဆောင်သွားမည်ဖြစ်သည်။

ယင်းဇာတ်လမ်းတွဲ၏ နောက်ဆက်တွဲအပိုင်းများဖြစ်သည့် Night at the Crossroads နှင့် Maigret in Montmartre ကိုမူ လာမည့်ဆောင်းဦးရာသီတွင် ဆက်လက်ရိုက်ကူးသွားမည်ဖြစ်ကြောင်းသိရသည်။

"မင်းသား ရိုဝမ်ကို ITV ရုပ်သံလိုင်းမှာ ပြသမယ့်ဇာတ်ကားအတွက် ကမ်းလှမ်းခွင့်ရတာ တကယ့်ကိုကံထူးပါတယ်။ သူ့ကို စကမ်းလှမ်းတုန်းက အဆင်ပြေပါ့မလားဆိုပြီး စိုးရိမ်ခဲ့သေးတယ်။ သူရဲ့ ပြောင်မြောက်တဲ့ သရုပ်ဆောင်မှုတွေနဲ့ ရိုက်ကူးရေးပိုင်းဆိုင်ရာကျွမ်းကျင်သူတွေရဲ့ အတတ်ပညာတွေနဲ့ပေါင်းလိုက်ရင် ဒီဇာတ်ကားရဲ့ ပထမအပိုင်းမှာပဲ ပရိသတ်တွေကို အထူးဆွဲဆောင်နိုင်လိမ့်မယ်လို့ ယုံကြည်ပါတယ်"ဟု အဆိုပါရုပ်သံလိုင်းမှ တာဝန်ရှိသူ တစ်ဦးက ဆိုသည်။

အသက်(၆၁)နှစ်အရွယ်ရှိ မင်းသား ရိုဝမ်အတ်ကင်ဆန်သည် ဗြိတိန်နိုင်ငံ၏ အထင်ရှားဆုံးသော ဟာသသရုပ်ဆောင်များစာရင်းတွင် ထိပ်ဆုံးက ပါဝင်ခဲ့ပြီး ၎င်း၏ လူကြိုက်များပြီး ထင်ရှားခဲ့သောဇာတ်ကားများမှာ မစ္စတာဘင်းဇာတ်ကားများအပြင် Blackadder ဇာတ်လမ်းတွဲ၊ ၂၀၀၃ ခုနှစ်က ထွက်ရှိခဲ့သည့် Johnny English ဇာတ်ကားနှင့် ၂၀၁၁ ခုနှစ်ကထွက်ရှိခဲ့သည့် Johnny English Reborn ဇာတ်ကားများမှာလည်း လူကြိုက်များလှသည်။ ❐

## ဟောလိဝုဒ်ရုပ်ရှင်များ တရုတ်ရုပ်ရှင်လောကထဲသို့ ပိုမိုစီးဝင်လာနိုင်ဖွယ်ရှိ

ဟောလိဝုဒ်ရုပ်ရှင်များ ယခုထက်ပို၍ တရုတ်ရုပ်ရှင်လောကထဲသို့ ပိုမိုစီးဝင်လာနိုင်ဖွယ်ရှိကြောင်း တရုတ်နိုင်ငံ၌လက်ရှိ ကျင်းပနေသည့် (၁၉)ကြိမ်မြောက် ရှန်ဟိုင်းနိုင်ငံတကာရုပ်ရှင်ပွဲတော်ရှိ ဖိုရမ်တစ်ခုတွင် Warcraft ဇာတ်ကား၏ ထုတ်လုပ်သူတစ်ဦးဖြစ်သည့် အဲလက်စ်ဂေါ့တ်နာက ပြောသည်။

လူငယ်ထုအတွင်း ရေပန်းစားနေသည့် ဗီဒီယိုဂိမ်းတစ်ခုကို အခြေခံထားသည့် Warcraft ဇာတ်ကားကို ဇွန်လဆန်းပိုင်းတွင် စတင်ဖြန့်ချိပြသခဲ့ပြီး တရုတ်နိုင်ငံတွင် ကျင်းပနေသည့် (၁၉)ကြိမ်မြောက် ရှန်ဟိုင်းနိုင်ငံတကာရုပ်ရှင်ပွဲတော်တွင် ပါဝင်ပြသခဲ့သည်။

ယင်းဇာတ်ကားသည် တရုတ်နိုင်ငံ၌ စတင်ဖြန့်ချိပြီး ငါးရက်အတွင်းမှာပင် ရုံဝင်ငွေ ယွမ်တစ်သန်းကျော်ဝင်ငွေရရှိခဲ့သည်။ မြောက်အမေရိကရှိ ရုပ်ရှင်ရုံများ၌ စတင်ပြသပြီး တစ်ပတ်အတွင်းတွင် ရုံဝင်ငွေ အမေရိကန်ဒေါ်လာ ၂၄ သန်းကျော် သာရရှိခဲ့သည်။

နယ်စပ်ရုပ်ရှင်ဈေးကွက်ဖိုရမ်တစ်ခုတွင် ရှန်ဟိုင်းအခြေစိုက်ကုမ္ပဏီတစ်ခုမှ လာမည့်ငါးနှစ်အတွင်း ဟောလိဝုဒ်ရုပ်ရှင်ကားပေါင်း ၂၃ ကားတွင် ဝင်ရောက်ရင်းနှီးမြှုပ်နှံသွားရန်စီစဉ်ထားကြောင်း ပြောကြားခဲ့သည်။

တရုတ်နိုင်ငံရှိ ဂိမ်းချစ်သူများအနေဖြင့် အခြားသောနိုင်ငံများနှင့်နှိုင်းယှဉ်ပါက အားပေးမှုပိုမိုအားကောင်းသည်ကိုတွေ့ရကာ ယင်းကို ရုပ်ရှင်အဖြစ်ပြောင်းလဲထားသည့်အတွက် အနောက်နိုင်ငံအချို့ထက် Warcraft ဇာတ်ကားကို ပိုမိုအားပေးကြသည်ကိုတွေ့ရပါကြောင်း အဲလက်စ်ကဆိုသည်။

## Jellyfish အင်န်တာတိန်းမန့်မှ ပွဲထုတ်မည့် အမျိုးသမီးကေပေါ့ပ်အဖွဲ့ အား ယခုလကုန်ပိုင်းတွင် စတင်မိတ်ဆက်မည်




တောင်ကိုရီးယားအနုပညာအေဂျင်စီတစ်ခုဖြစ်သည့် Jellyfish အင်န်တာတိန်းမန့်အနေဖြင့် ဇွန် ၁၇ ရက်က ၎င်းတို့၏ အမျိုးသမီးအနုပညာအဖွဲ့သစ်၏ အမည်ကို ထုတ်ဖော်ကြေညာခဲ့ပြီး ယခုအခါ ယင်းအဖွဲ့၏ အနုပညာလှုပ်ရှားမှုများကို ပရိသတ်နှင့်စတင်မိတ်ဆက်ပေးမည့် ရက်စွဲများကို ထုတ်ပြန်ပေးခဲ့ကြောင်းသိရသည်။

Gugudan ဟု အမည်ပေးထားသည့် အမျိုးသမီးကိုးဦးဖြင့် ဖွဲ့စည်းထားသည့် အဆိုပါအဖွဲ့၏ ပထမဆုံးသောဇာတ်ကားကို ဇွန် ၂၀ ရက်တွင်လည်းကောင်း၊ ဒုတိယမြောက်ဇာတ်ကားကို ဇွန် ၂၂ ရက်တွင်လည်းကောင်း စတင်မိတ်ဆက်ပေးသွားမည်ဖြစ်ပြီး ဂီတပိုင်းဆိုင်ရာလှုပ်ရှားမှုများကို ဇွန် ၂၄ ရက်တွင် စတင်လှုပ်ရှား ဆောင်ရွက်သွားမည်ဖြစ်ကြောင်း Jellyfish အင်န်တာတိန်းမန့်၏ ထုတ်ပြန်ချက်အရ သိရသည်။

ကေပေါ့ပ်အဖွဲ့ဟု အမည်ပေးထားသော်လည်း အဆိုပါအဖွဲ့တွင်ပါဝင်သည့် အဖွဲ့ဝင်အများစုသည် တောင်ကိုရီးယားရုပ်သံဇာတ်လမ်းတွဲနှင့် ဇာတ်ကားများတွင် ပါဝင်သရုပ်ဆောင်ဖူးကြသူများဖြစ်သဖြင့် ရုပ်ရှင်ပိုင်းဆိုင်ရာလှုပ်ရှားမှုများကိုလည်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**မျိုးစန္ဒာမောင် စုစည်းသည်**

## ရုပ်မြင်သံကြားအစီအစဉ်များ

[၂၀- ၆ -၂၀၁၆ (တနင်္လာနေ့)]

### မြန်မာ့ရုပ်မြင်သံကြား Entertainment Channel

**ညပိုင်း**

| | |
|---|---|
| ၆း၀၀ | အဖွင့် -မိုးလေဝသအစီအစဉ် -ပြည်သူ့နီတိ"တူသောအကျိုး" |
| ၆း၂၀ | ကာတွန်းအစီအစဉ် "Minions"(အပိုင်း-၁) |
| ၇း၁၀ | နိုင်ငံခြားရုပ်သံဇာတ်လမ်းတွဲ "ရွှေရောင်လွှမ်းသော နေ့သစ်ဆီ" (အပိုင်း-၂၂) |
| ၇း၄၀ | နိုင်ငံခြားရုပ်သံဇာတ်လမ်းတွဲ "နင်. . . စေလိုရာစေ" (အပိုင်း-၂) |
| ၈း၅၀ | MRTV Entertainment Music |
| ၉း၀၀ | အိမ်မက်မြို့တော်ဆီသို့ (အပိုင်း-၂) |
| ၉း၂၀ | နိုင်ငံတကာရုပ်ရှင် ဇာတ်ဝင်တေးများ |
| ၉း၃၀ | သူ၏အနုပညာ |
| ၉း၄၀ | တေးဂီတအစီအစဉ် |
| ၁၀း၀၀ | ထန်းထွက်ပစ္စည်းအရောင်းဆိုင် |
| ၁၀း၁၀ | မြန်မာဗီဒီယိုဇာတ်လမ်း "သစ္စာပြိုင်ရှင်းတမ်း" |
| ၁၂း၀၀ | အစီအစဉ်ပြီး၏ |

**နံနက်(၀၁း၃၀)နာရီ- Live:EURO 2016 "Russia Vs Wales"**
**တစ်နေ့ ၆ နာရီစာ ၄ ကြိမ်ပြသပါမည်။**

### MRTV- 4

| | |
|---|---|
| ၅း၀၀ | ပဌာန်းပါဠိတော်+ရတနသုတ် |
| ၅း၄၀ | "အသက်ရှည်လေ ပိုကောင်းလေ" တရားတော် (ပါမောက္ခချုပ်ဆရာတော် ဒေါက်တာဘဒ္ဒန္တနန္ဒ မာလာဘိဝံသ) |
| ၈း၀၀ | "မင်္ဂလာပါ" The Morning Show |
| ၁၀း၁၅ | ခေတ်သစ်ပျိုမေ |
| ၁၁း၁၅ | သွားမယ် စားမယ် (Ayam Penyet-AP) |
| ၁၁း၄၀ | ဆရာကြီးသခင်ကိုယ်တော်မှိုင်း၏ ကိုယ်ရေးအတ္ထုပ္ပတ္တိ စာအုပ်လျှုဒါန်းပွဲအခမ်းအနား |
| ၁၂း၃၀ | အနုပညာမိုးကောင်းကင် |
| ၆း၁၀ | Health Fix |
| ၆း၁၅ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ထာဝရချစ်သူသည်သာ" (အပိုင်း-၉၉) |
| ၇း၂၀ | မြန်မာရုပ်သံဇာတ်လမ်းတွဲ "လူရည်ချွန်" (အပိုင်း-၄၉) |
| ၇း၂၀ | Drive It |
| ၈း၄၀ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အချစ်သစ္စာတည်စေသော်" (အပိုင်း-၂၆) |
| ၉း၂၅ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နက္ခတ်ပညာရှင် (ဂျန်းယောလ်ရှီးလ်)" (အပိုင်း-၂၀) |
| ၉း၅၀ | အနုပညာမိုးကောင်းကင် |
| ၁၀း၁၅ | MRTV-4 Stage |
| ၁၀း၄၅ | World of Knowledge (Megafactories Learjet) |

### မြန်မာ့ရုပ်မြင်သံကြား News Channel

| | |
|---|---|
| ၆း၀၀ | မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော် |
| ၆း၁၅ | မန္တလေးမြို့မဟာအောင်မြေမြို့နယ် သံလျက်မှော်အရှေ့ ရပ်ကွက် အဝေရာရာမ ရန်ကင်းကျောင်းတိုက်ပဓာနနာယက နိုင်ငံတော်သံဃမဟာ နာယက ဆရာတော်အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသြဝါဒသိရီဘိဝံသ ဟောကြားတော်မူသော မဟာသမယနေ့ (ငြိမ်းချမ်းရေးနေ့တရားတော်) |
| ၇း၃၅ | ပြည်သူတို့ရဲ့စကားသံများ |
| ၈း၃၅ | မြန်မာ့အသိုက်အဝန်းထဲမှ အမျိုးသမီးများ |
| ၉း၃၅ | "သီတဂူဆရာတော်အရှင်ဉာဏိဿရ၏ နယုန်လပြည့် မဟာသမယကြီးကျယ်ထူးမြတ်သည့်အခါတော်နေ့" |
| ၁၀း၃၅ | The Farmer (ကြက်သွန်နီစိုက်ပျိုးခြင်းအကြောင်း) |
| ၁၁း၁၅ | ရှုဖွယ်စုံလင်အာဆီယံအစီအစဉ် |
| ၁၁း၃၅ | မြန်မာ့ရုပ်မြင်သံကြားလူငယ်အစီအစဉ် |
| ၁၂း၃၅ | နိုင်ငံခြားဇာတ်လမ်းတွဲ "မကြွေတဲ့နှင်းဆီ" (အပိုင်း-၁၇) |
| ၁း၃၀ | "တစ်ခါကအနုပညာမှတ်တမ်းများ" (နေရီရီပြဇာတ်) |
| ၁း၅၀ | "မှိုခိုရာ"(သီလ) |
| ၂း၄၀ | ခြေခြေမြစ်မြစ်နှစ်နှစ်ကာကာချစ်တဲ့ ကာလပေါ်တေး အရသာ(ဂီတရိပ်သာ) |
| ၃း၃၅ | Tasty Trip |
| ၄း၁၅ | အဝေးသင်တက္ကသိုလ်ပညာရေးရုပ်မြင်သံကြား သင်ခန်းစာတတိယနှစ် (သတ္တဗေဒအထူးပြု) (သတ္တဗေဒ) |
| ၄း၃၅ | လူမှုစီးပွားမြင်ကွင်းများ |
| ၅း၃၅ | Yes or No Talk Show (Season-2, Part-2) |
| ၆း၃၅ | ဥပဒေရေးရာအဖြာဖြာ (အားလည်းနာတယ်ခင်လည်းခင်တယ်) |
| ၇း၁၅ | နိုင်ငံခြားဇာတ်လမ်းတွဲ "မင်္ဂလာပါ ဂင်ချီ" (အပိုင်း-၄၄) |
| ၈း၀၀ | ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ |
| ၉း၀၀ | ပြည်တွင်းသတင်း၊ -မျက်မှောက်ရေးရာသုံးသပ်စရာ -နိုင်ငံခြားဇာတ်လမ်းတွဲ "မကြွေတဲ့နှင်းဆီ" (အပိုင်း-၁၈) နိုင်ငံခြားဇာတ်လမ်းတွဲ "အချစ်တဲ့လား" (အပိုင်း-၃) "နေမဝင်အလှများ" (ဒေါ်တင်တင်နွဲ့၏ နေမဝင်အလှများ) (အပိုင်း-၁) |

**မှတ်ချက်။ နာရီစဉ်တိုင်းတွင် ပြည်တွင်းသတင်းနှင့် နိုင်ငံတကာသတင်းများ ထုတ်လွှင့်ပေးပါသည်။**

### mitv

| | |
|---|---|
| 07:27 | Myanmar Delicate Artistic Handy Creations- The Making Procedure Of Goldsmith |
| 07:43 | A Tea Business: Pankwan (Part-2) |
| 07:53 | Myanmar Puppet |
| 08:26 | Myanmar Childhood Games (Episode-I) |
| 08:35 | Reflected Glory |
| 09:26 | A Chance to Change Their Future |
| 09:44 | Products Of Myanmar - Pottery Business |
| 10:26 | Myanmar Traditional Thached Roofs: IN-LEAF |
| 10:43 | Natural Mineral Water |
| 07:27 | Food Trip (Ep-10) (Part -1) |
| 08:26 | Taste Of Myanmar (Rice Salad with Vegetables) |
| 08:44 | Director: Thiha Kyaw Soe |

# မက္ကဆီကိုအား ခုနစ်ဂိုးပြတ်နိုင်ပြီး လက်ရှိချန်ပီယံ ချီလီ ဆီမီးဖိုင်နယ်အဆင့် တက်လှမ်း




အမေရိကန်နိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပလျက်ရှိသည့် ကိုပါအမေရိကဖလားပြိုင်ပွဲ၏ ကွာတားဖိုင်နယ်အဆင့်တွင် မက္ကဆီကိုအသင်းနှင့် လက်ရှိချန်ပီယံချီလီအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ချီလီအသင်းက မက္ကဆီကိုအသင်းအား ခုနစ်ဂိုးပြတ်ဖြင့် အနိုင်ရရှိခဲ့ပြီး ဆီမီးဖိုင်နယ်အဆင့်သို့ တက်လှမ်းသွားခဲ့ပြီဖြစ်သည်။

မက္ကဆီကိုအသင်းနှင့် ချီလီအသင်းတို့၏ အဆိုပါကွာတားဖိုင်နယ်ပွဲစဉ်သည် ချီလီအသင်းအတွက် ကိုပါအမေရိကဖလားပြိုင်ပွဲသမိုင်းတွင် မှတ်တမ်းဝင်ပွဲစဉ်တစ်ပွဲဖြစ်ခဲ့ရပြီး မက္ကဆီကိုအသင်းအတွက်လည်း ခုနစ်ဂိုးပြတ်ရှုံးနိမ့်မှုကြောင့် အရှက်ရခဲ့သည့် ပွဲစဉ်တစ်ပွဲလည်းဖြစ်ခဲ့ရသည်။

ယင်းပွဲစဉ်တွင် ချီလီအသင်းအတွက် သွင်းဂိုးများကို ကွင်းလယ်ကစားသမား ပွတ်ချ်က နှစ်ဂိုး၊ ကွင်းလယ်ကစားသမား ဗားဂတ်က လေးဂိုးနှင့် ကွင်းလယ်ကစားသမား ဆန်းချက်ဇ်က တစ်ဂိုးအသီးသီးသွင်းယူပေးခဲ့ကြခြင်းဖြစ်သည်။ ဗားဂတ်သည် ယခုပွဲစဉ်တွင် လေးဂိုးသွင်းယူနိုင်ခဲ့ခြင်းကြောင့် ကိုပါအမေရိကဖလားပြိုင်ပွဲ၏ ပွဲစဉ်နှစ်ပွဲတွင် ခြောက်ဂိုးအထိသွင်းယူနိုင်ခဲ့သည့် ကစားသမားလည်းဖြစ်လာခဲ့သည်။

၂၀၁၆ ကိုပါအမေရိကဖလားပြိုင်ပွဲတွင် ခုနစ်ဂိုးအထိသွင်းယူနိုင်သည့်ပွဲစဉ်နှစ်ပွဲအထိရှိခဲ့ပြီး အုပ်စုအဆင့်တွင် ဘရာဇီးအသင်းက ဟေတီအသင်းကို ခုနစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။ သို့ရာတွင် ဘရာဇီးအသင်းမှာ ကိုပါအမေရိကဖလားပြိုင်ပွဲကို အုပ်စုအဆင့်နှင့်ပင် လက်ပြနှုတ်ဆက်ခဲ့ရသည်။

ကိုပါအမေရိကဖလားပြိုင်ပွဲ၏ ဆီမီးဖိုင်နယ်အဆင့်တွင် အိမ်ရှင်အမေရိကန်အသင်းနှင့် အာဂျင်တီးနားအသင်း၊ လက်ရှိချန်ပီယံချီလီအသင်းနှင့် ကိုလံဘီယာအသင်းတို့ ထိပ်တိုက်တွေ့ဆုံလျက်ရှိကြောင်းသိရသည်။ **(အလင်းသစ်)**

## ဇွန်လ ၂၀ ရက် ညကစားမည့် ယူရို ၂၀၁၆ အုပ်စုပွဲများ

# အင်္ဂလန်နဲ့ ဝေလတို့ရလဒ်ကောင်းမယ့်ယူရို

**ယူရို ၂၀၁၆ ပြိုင်ပွဲရဲ့အုပ်စုအဆင့် နောက်ဆုံးပွဲစဉ်တွေကို ဇွန် ၂၀ ရက်က စတင်ယှဉ်ပြိုင်ကစားနေခဲ့ရာမှာ အုပ်စု(B) နောက်ဆုံးပွဲစဉ်တွေ ဇွန် ၂၁ ရက်မှာ ဆက်လက်ယှဉ်ပြိုင်ကစားသွားကြဖို့ ရှိနေပါတယ်။ အဆိုပါအုပ်စု (B) ဟာ လက်ရှိအချိန်မှာ အသင်းလေးသင်းစလုံးမျှော်လင့်ချက်ရှိနေကြပါသေးတယ်။ ဒါကြောင့်လည်း အခုယှဉ်ပြိုင် ကစားမယ့် အုပ်စု(B)ရဲ့ နောက်ဆုံးပွဲစဉ်တွေဟာ စိတ်ဝင်စားဖို့ကောင်းနေကာ အကြိတ်အနယ်ရှိလာမှာ သေချာနေပါတယ်။**

### ဆလိုဗက်ကီးယား - အင်္ဂလန်

၂၁-၆-၁၆ နံနက် ၁း၃၀

လက်ရှိအချိန်မှာ အင်္ဂလန်ဟာ နှစ်ပွဲကစား တစ်ပွဲနိုင် တစ်ပွဲသရေကျကာ လေးမှတ်နဲ့ အုပ်စုထိပ်ဆုံးမှာရှိနေပေမယ့်လည်း ဒီပွဲမှာရင်ဆိုင်ရမယ့် ဆလိုဗက်ကီးယားဟာလည်း သုံးမှတ်ရယူထားနိုင်တာကြောင့် ဆလိုဗက်ကီးယားအနေနဲ့ ဒီပွဲမှာသာအနိုင်ရခဲ့ရင် စုစုပေါင်း ၆ မှတ် ရယူနိုင်မှာဖြစ်သလို အခြားပွဲမှာလည်း ဝေလကသာ နိုင်ပွဲရယူနိုင်ခဲ့ရင် ၆ မှတ်ရသွားမှာဖြစ်တာကြောင့် အင်္ဂလန်အနေနဲ့တောင် ဒီပွဲမှာရှုံးနိမ့်ခဲ့ရင် နောက်တစ်ဆင့် တိုက်ရိုက်တက်နိုင်ခွင့်ကို ဆုံးရှုံးသွားမှာဖြစ်ပါတယ်။

ဒါကြောင့်လည်း အင်္ဂလန်တို့ဒီပွဲစဉ်မှာ အနိမ့်ဆုံးသရေလောက်ရယူနိုင်ဖို့ အားစိုက်ကစားမှာဖြစ်သလို လက်ရှိအချိန်မှာ အင်္ဂလန်ရဲ့အသင်းလိုက်ကစားအားကလည်း ကောင်းမွန်မှုရှိနေပါတယ်။ ဒါပေမယ့် အင်္ဂလန်ဟာ ဒီပြိုင်ပွဲမှာ တိုက်စစ်ပိုင်းက အဆုံးသတ်ထင်သလောက်ကောင်းမွန်မှုမရှိခဲ့ဘဲ ထိုးစစ်ပိုင်းကို စမ်းသပ်ဆဲအခြေအနေမှာသာရှိပါတယ်။ ဒ့ါအပြင် လက်ရှိအချိန်မှာ ဆလိုဗက်ကီးယားဟာ ဒီပွဲနိုင်ခဲ့မယ်ဆိုရင် နောက်တစ်ဆင့်တက်ရောက်နိုင်မှာဖြစ်တာကြောင့် အားစိုက်ကစားလာမှာသေချာနေပါတယ်။ ဆလိုဗက်ကီးယားဟာ အုပ်စုဒုတိယပွဲဖြစ်တဲ့ ရုရှားနဲ့ပွဲမှာလည်း ကစားပုံကောင်းမွန်ခဲ့ကာ တိုက်စစ်ပိုင်းက လျင်မြန်မှုရှိသလို ထိုးဖောက်အားလည်း ကောင်းမွန်မှုရှိနေပါတယ်။ ဒါကြောင့်လည်း အင်္ဂလန်ရဲ့ ခံစစ်ပိုင်းကို ဆလိုဗက်ကီးယားတို့ ဖိအားပေးကစားသွားနိုင်ဖို့ ရှိနေပါတယ်။ အထူးသဖြင့် ဂယ်ရီကာဟေးလ်၊ စမောလင်းတို့နဲ့အထိုင်ချထားတဲ့ အင်္ဂလန်ရဲ့ခံစစ်ပိုင်းက ဒီပြိုင်ပွဲမှာ ထင်သလောက်ကျစ်လျစ်မှုမရှိခဲ့ဘဲ ကစားခဲ့ပြီးသမျှ နှစ်ပွဲစလုံးပြိုင်ဘက်တွေရဲ့ ဂိုးသွင်းယူမှုကိုခံခဲ့ရတာကို တွေ့ရပါတယ်။ ဆလိုဗက်ကီးယားမှာကလည်း ဟမ်ဆစ်၊ ဒူဒါ၊ ရောဘတ်မက်ချ်တို့လို ထိုးဖောက်ကစားပုံကောင်းမွန်တဲ့ တိုက်စစ်ကစားသမားတွေရှိနေတဲ့အတွက်ကြောင့်လည်း အင်္ဂလန်ခံစစ်အနေနဲ့ ဒီပွဲမှာလည်း ဆလိုဗက်ကီးယားတိုက်စစ်ကို ခက်ခက်ခဲခဲထိန်းရဖို့ရှိနေပါတယ်။

ဒါပေမယ့်လည်း အင်္ဂလန်အနေနဲ့ ဒီပွဲစဉ်မှာ အနိမ့်ဆုံးသရေကစားနိုင်ခဲ့မယ်ဆိုရင်တောင်မှ နောက်တစ်ဆင့်တက်နိုင်ဖို့ သေချာသွားမှာဖြစ်နေတာကြောင့် အားစိုက်ကစားလာမှာဖြစ်သလို ကွင်းလယ်ပိုင်းလည်းကောင်းမွန်တာကြောင့် ဆလိုဗက်ကီးယားကို ကွင်းလယ်ကစားပုံ အသာရယူနိုင်ခြေရှိနေသလို နိုင်ပွဲကပ်ရနိုင်ပါတယ်။

### ရုရှား - ဝေလ

၂၁-၆-၁၆ နံနက် ၁း၃၀

ဝေလဟာ အုပ်စုအဖွင့်ပွဲမှာနိုင်ပွဲရယူနိုင်ခဲ့ပေမယ့်လည်း ဒုတိယပွဲစဉ်မှာတော့ အင်္ဂလန်ကို ကပ်ပြီးရှုံးနိမ့်ခဲ့ရတာကြောင့် နောက်တစ်ဆင့်တက်နိုင်ဖို့အတွက် ဒီပွဲစဉ်မှာ နိုင်ပွဲရယူနိုင်ဖို့ လိုအပ်နေပါတယ်။ ဒါကြောင့်လည်း ဝေလတို့ ဒီပွဲစဉ်မှာ နိုင်ပွဲရယူနိုင်အောင် အားစိုက်ကစားလာမှာသေချာနေပါတယ်။ ရုရှားကလည်း လက်ရှိအချိန်မှာ အုပ်စုအဖွင့်ပွဲမှာ အင်္ဂလန်ကို သရေသာကစားနိုင်ခဲ့ပြီး ဒုတိယပွဲမှာ ဆလိုဗက်ကီးယားကို ရှုံးနိမ့်ခဲ့ရတာကြောင့် ရမှတ်တစ်မှတ်သာ ရယူထားနိုင်တယ်ဆိုပေမယ့်လည်း ဒီပွဲစဉ်မှာဝေလကို အနိုင်ရခဲ့မယ်ဆိုရင် စုစုပေါင်း ၄ မှတ်ရယူနိုင်မှာဖြစ်လို့ အနိမ့်ဆုံး အုပ်စုတတိယနေရာ မျှော်လင့်နိုင်မှာဖြစ်ပါတယ်။ တကယ်လို့ ရုရှားအနေနဲ့ ဒီပွဲစဉ်မှာသာနိုင်ပွဲရယူနိုင်ခဲ့ပြီး အခြားပွဲစဉ်မှာလည်း ဆလိုဗက်ကီးယားက အင်္ဂလန်ကို ရှုံးနိမ့်ခဲ့မယ်ဆိုရင် ရုရှားဟာ နောက်တစ်ဆင့်ကို အုပ်စုဒုတိယနေရာနဲ့တောင် တိုက်ရိုက်တက်ရောက်ခွင့်ရနိုင်ပါသေးတယ်။

ဒါကြောင့်လည်း ရုရှားဟာ ဒီပွဲစဉ်မှာ နိုင်ပွဲရယူနိုင်ဖို့ အားစိုက်ကစားလာမှာ သေချာနေပါတယ်။ ဒါပေမယ့် လက်ရှိအချိန်မှာ ရုရှားရဲ့ခြေစွမ်းပိုင်းက အားနည်းမှုတွေရှိနေပါတယ်။ အထူးသဖြင့် ရုရှားဟာ ဒီပြိုင်ပွဲမှာ ကိုကိုရင်၊ ဒီဇူဘာတို့လို တိုက်စစ်မှူးကောင်းတွေကို ခေါ်ယူလာခဲ့ပေမယ့် အဆိုပါတိုက်စစ်မှူးတွေဟာ ဒီပြိုင်ပွဲမှာခြေစွမ်းပြသနိုင်မှု မရှိသေးပါဘူး။ ကစားခဲ့ပြီးတဲ့နှစ်ပွဲစလုံး အဆိုပါတိုက်စစ်မှူးနှစ်ဦးစလုံးဟာ ဂိုးသွင်းယူနိုင်မှုမရှိခဲ့ကြတာကြောင့်လည်း ရုရှားဟာ ထိုးဖောက်ကစားပုံကောင်းမွန်မှုရှိတဲ့ကြားက ဂိုးရယူနိုင်ဖို့ရုန်းကန်နေရပြီး နှစ်ပွဲစလုံးမှာ တစ်ဂိုးစီသာ သွင်းယူနိုင်ခဲ့တာလည်းဖြစ်ပါတယ်။

ဒါကြောင့်လည်း ရုရှားအနေနဲ့ ဝေလကိုအသာရယူနိုင်ဖို့ဆိုတာ ခက်ခဲလာနိုင်ပါတယ်။ အထူးသဖြင့် ဝေလဟာ ဒီပြိုင်ပွဲမှာ အသင်းလိုက်ကစားပုံကောင်းမွန်မှုရှိသလို ဘေးလ်ခြေစွမ်းပြနေသနေတာကြောင့်လည်း တိုက်စစ်က အဆုံးသတ်အားမဆိုးသလို ထိုးဖောက်ကစားပုံလည်း ကောင်းမွန်နေပါတယ်။ နောက်ဆုံးပွဲစဉ်မှာ အင်္ဂလန်ကို ရှုံးနိမ့်ခဲ့ရတယ်ဆိုပေမယ့်လည်း ခြေရည်တူကစားနိုင်ခဲ့ကာ အကောင်းဆုံးတုံ့ပြန်ကစားနိုင်ခဲ့သလို ပွဲပြီးဆုံးကာနီးမှသာအနိုင်ဂိုးပေးခဲ့ရပြီး ရှုံးပွဲကြုံတွေ့ခဲ့ရတာဖြစ်ပါတယ်။ ဒါကြောင့်လည်း ဝေလအနေနဲ့ဒီပွဲစဉ်မှာ ရုရှားကို ထိန်းချုပ်ကစားနိုင်ဖို့ သေချာနေပါတယ်။ အထူးသဖြင့် ဝေလကွင်းလယ်မှာ ရမ်ဆေ၊ ဂျိုးအယ်လန်၊ နေးလ်တေလာတို့လို ကစားသမားကောင်းတွေရှိနေတာကြောင့်လည်း ရုရှားကို ထိန်းချုပ်ကစားနိုင်ဖို့ရှိနေကာ နိုင်ပွဲရယူသွားနိုင်ဖို့ရှိနေပါတယ်။

ရှိုင်းမင်းမင်း




# ယူရိုပြိုင်ပွဲတွင် စပိန်နှင့်အတူ ခြေစွမ်းပြနိုင်ခဲ့သည့် နိုလီတိုးအား မန်စီးတီးခေါ်ယူမည်

မန်စီးတီးအသင်းနည်းပြ ဂွါဒီယိုလာသည် ပြင်သစ်မြေ၌ ကျင်းပလျက်ရှိသည့် ယူရို ၂၀၁၆ ပြိုင်ပွဲတွင် စပိန်အသင်းတွင် ခြေစွမ်းပြကစားလျက်ရှိသည့် တိုက်စစ်မှူးနိုလီတိုးအား စာချုပ်ချုပ်ဆိုခေါ်ယူသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

အသက်(၂၉)နှစ်အရွယ်ရှိ ဆယ်လ်တာဗီဂိုတိုက်စစ်မှူး နိုလီတိုးသည် စပိန်နိုင်ငံ လက်ရွေးစင်အသင်းနှင့်အတူ နိုင်ငံတကာပွဲစဉ် ၁၂ ပွဲပါဝင်ကစားပေးထားပြီး လေးဂိုးဖန်တီးပေးနိုင်ခဲ့သည့်အပြင် သွင်းဂိုးငါးဂိုးအထိလည်း သွင်းယူပေးထားနိုင်သည့် တိုက်စစ်မှူးတစ်ဦးဖြစ်သည်။

ထို့ကြောင့် တိုက်စစ်မှူး နိုလီတိုးအား စပိန်လာလီဂါပြိုင်ပွဲ၏ ထိပ်တန်းအသင်းဖြစ်သည့် ဘာစီလိုနာအသင်းက ခေါ်ယူရန်ပြင်ဆင်လျက်ရှိပြီး မန်စီးတီးအသင်းနည်းပြ ဂွါဒီယိုလာကလည်း နိုလီတိုးအား အီတီဟက်ဒ်သို့ အရောက်ခေါ်ယူနိုင်ရေးအတွက် ဘာစီလိုနာအသင်းနှင့်အပြိုင်ကြိုးပမ်းသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

တိုက်စစ်မှူးနိုလီတိုးအား ခေါ်ယူမည်ဆိုပါက ပြောင်းရွှေ့ကြေးပေါင် ၁၄ ဒသမ ၁ သန်းကုန်ကျမည်ဖြစ်ကြောင်းလည်း သိရသည်။ ယူရိုလက်ရှိချန်ပီယံ စပိန်အသင်းသည် ယူရို ၂၀၁၆ ပြိုင်ပွဲ၏ အုပ်စုအဆင့်တွင် ရမှတ်ခြောက်မှတ်ရရှိထားပြီး ခရိုအေးရှားအသင်းကိုအနိုင်ရရှိပါက အုပ်စုပထမနေရာဖြင့် နောက်တစ်ဆင့်သို့ တက်လှမ်းနိုင်မည်ဖြစ်သည်။

စပိန်အသင်းသည် တိုက်စစ်ပိုင်းတွင် ဒေးဗစ်ဆေးလ်ဗား၊ မိုရက်တာနှင့် နိုလီတိုးတို့ကို တွဲဖက်ကစားစေကာ ရလဒ်ပိုင်းကောင်းမွန်လျက်ရှိခြင်းကြောင့် မန်စီးတီးအသင်း၏ တိုက်စစ်ပိုင်းတွင်လည်း ဒေးဗစ်ဆေးလ်ဗား၊ အဂူရိုတို့နှင့်အတူ နိုလီတိုးကို တွဲဖက်ကစားစေရန်ဆန္ဒရှိနေကြောင်း နည်းပြဂွါဒီယိုလာက ပြောကြားခဲ့သည်။

ဘာစီလိုနာအသင်းက နိုလီတိုးအားခေါ်ယူရန် စိတ်ဝင်စားနေသော်လည်း ဘာစီလိုနာအသင်း၏ တိုက်စစ်ပိုင်းတွင် မက်ဆီ၊ နေမာနှင့် ဆွာရက်ဇ်တို့ရှိနေခြင်းကြောင့် မန်စီးတီးအသင်းတွင်သာ နိုလီတိုးအတွက် အခွင့်အရေးကောင်းများ ရရှိနိုင်မည်ဖြစ်ကြောင်းလည်း သတင်းများတွင် ဖော်ပြထားသည်။ **(ငွေကြယ်)**

# ပုသိမ်မြို့ဆိပ်ကမ်းလျှပ်စစ်အန္တရာယ်စိုးရိမ်နေရ



**ပုသိမ် ဇွန် ၁၉**

ပုသိမ်မြို့သည် ဧရာဝတီတိုင်းဒေသကြီး၏ မြို့တော်ဖြစ်သကဲ့သို့ ပြည်တွင်းပြည်ပ ခရီးသွားများ ဝင်ထွက်သွားလာမှု အများဆုံး ဖြစ်သည်။ တိုင်းဒေသကြီး အစိုးရအဖွဲ့က မြို့တော်တစ်ခွင်သန့်ရှင်းသာ ယာလှပရေး၊ ပြည်သူများ စိတ်လက်ကြည်သာ အပန်းဖြေအနားယူနိုင်ရေးနှင့် ကျန်းမာရေးလေ့ကျင့် ခန်းယူနိုင်ရေးတို့အတွက် ရည်ရွယ်၍ ပုသိမ်ဆိပ်ကမ်းတစ်လျှောက် မြို့တော်ခန်းမရှေ့ ရှုခင်းသာရင်ပြင်တို့၌ ရောင်စုံအလှအပမီးဆိုင်းမီးတွဲများ ရေပေါ်ရေအောက်ဆက် သွယ်ထွန်းညှိထားမှုကို မသမာသူတို့က သောက်စားမူးယစ်ပြီး လျှပ်စစ်မီးကြိုး/မီးခလုတ်၊ ဘုတ်ခုံ၊ မီးသီး၊ မီးတွဲများ ဖျက်ဆီးမှုကြောင့် ပြည်သူများ အပန်းမပြေနိုင်ဘဲ မိုးထဲရေထဲ နေ့နေ့ညည လျှပ်စစ်အန္တရာယ် စိုးရိမ်နေရကြောင်း သိရသည်။

**(ပုသိမ်လှကြည်)**

# ပုလဲမြို့နယ်တွင် မိုးရာသီ စိုက်ပျိုးစရိတ် ချေးငွေကျပ် သိန်း ၃၀၀၀ကျော် ထုတ်ချေး

**ပုလဲ ဇွန် ၁၉**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ပုလဲမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု၅၆အုပ်စုမှ တောင်သူများအား မိုးရာသီ စိုက်ပျိုးစရိတ် ချေးငွေများကို မြန်မာ့လယ်ယာစိုက်ပျိုးရေးဘဏ်က မေ ၂၄ရက်မှ စတင်၍ ထုတ်ချေးပေးလျက်ရှိရာ ဇွန် ၁၇ ရက်အထိ ချေးငွေကျပ်သိန်း ၃၀၀၀ကျော်ကို ထုတ်ချေးပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

ပုလဲမြို့ မြန်မာ့လယ်ယာစိုက်ပျိုးရေးဘဏ်မန်နေဂျာ ဦးတင်အောင်မြင့်က "မေလထဲမှာ မိုးစတင် ရွာသွန်းခဲ့ပြီဖြစ်လို့ မိုးသီးနှံ စိုက်ပျိုးရာသီအမီ ငွေထုတ်ချေးပေးနိုင်ရေးကို ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ဒီနှစ်မှာတော့ ကျေးရွာအုပ်စုအလိုက် မိမိတို့ဆန္ဒသဘောအရ ပါဝင်တဲ့တောင်သူ သုံးဦးတစ်ဖွဲ့စနစ်နဲ့ စပါးတစ်ဧကငွေကျပ် တစ်သိန်းခွဲနှုန်း၊ အခြားသီးနှံကိုတော့ တစ်ဧက ငွေကျပ်နှစ်သောင်းနှုန်းနဲ့ ထုတ်ချေးပေးလျက်ရှိပါတယ်။ မိုးရာသီ စိုက်ပျိုးစရိတ် ချေးငွေတွေ ထုတ်ချေးပေးတဲ့အခါ အဓိကအနေနဲ့ လယ်ယာမြေလုပ်ပိုင်ခွင့်လက်မှတ် ပုံစံ( ၇ ) ရရှိပြီး အစောဆုံး ချေးငွေအပြေအကျေပေးဆပ်ခဲ့တဲ့ ကျေးရွာအုပ်စုတွေကို ဦးစားပေးအနေနဲ့ ထုတ်ချေးပေးလျက်ရှိပါတယ်"ဟု ပြောသည်။

ပုလဲမြို့နယ်အတွင်းရှိ တောင်သူများ၏ ဝင်ငွေနှင့် လူမှု စီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး၊ မြန်မာ့လယ်ယာထုတ်ကုန်များကို နိုင်ငံတကာဈေးကွက်သို့ ယှဉ်ပြိုင်တင်ပို့နိုင်ရေး ရည်ရွယ်ချက်တို့ဖြင့် မိုးရာသီ စိုက်ပျိုးစရိတ်ချေးငွေများကို မေ ၂၄ ရက်မှ စတင်၍ ထုတ်ချေးပေးခဲ့ရာဇွန် ၁၄ရက်အထိ ကျေးရွာအုပ်စု ၂၂အုပ်စုမှ အစုအဖွဲ့ ၂၉၈ဖွဲ့၊ အဖွဲ့ဝင် ၈၇၁ ဦး၏ စပါးစိုက်ဧက ၁၁၈၆ ဧက၊ ပဲစင်းငုံ ၇၈၆ ဧက၊ ပဲတီစိမ်း ၇၆၇ ဧက၊ နှမ်း၁၅၃၈ ဧကနှင့် ဝါဧက ၁၁၀ အတွက် မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေ ကျပ် ၃၄၆၉ ဒသမ ၂၀ သိန်းကို ထုတ်ချေးပေးခဲ့ပြီးဖြစ်ကြောင်း ပုလဲမြို့ မြန်မာ့လယ်ယာစိုက်ပျိုးရေးဘဏ်မှ သိရသည်။

**မင်းခန့်စိုး( ဧယျာမြေ)**

❖

# ကျောက်မဲမြို့တွင် မိုင်းပေါက်ကွဲမှုဖြစ်ပွား

**ကျောက်မဲ ဇွန် ၁၉**

ရှမ်းပြည်(မြောက်ပိုင်း) ကျောက်မဲ-မိုင်းငေါ့သွားကားလမ်းမကြီးဘေးတွင် ဇွန် ၁၈ ရက် ည၁၀ နာရီခွဲခန့်က မိုင်းပေါက်ကွဲမှုတစ်ကြိမ်ဖြစ်ပွားခဲ့ကြောင်း ကျောက်မဲမြို့မရဲစခန်းမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

မိုင်းပေါက်ကွဲမှု သတင်းအရ ကျောက်မဲခရိုင်ရဲတပ်ဖွဲ့မှူးဦးစီးသော ရဲတပ်ဖွဲ့ဝင်များနှင့် စစ်မြေပြင်အင်ဂျင်နီယာတပ်ရင်း၊ တပ်ခွဲ(၂)မှ တာဝန်ရှိသူများပူးပေါင်းကာ အခင်းဖြစ်ပွားရာ နေရာသို့ သွားရောက်စစ်ဆေးခဲ့ရာ ကျောက်မဲမြို့ အမှတ်(၇)ရပ်ကွက် နယ်မြေ(၁) ကျောက်မဲ-မိုင်းငေါ့သွားကားလမ်းဘေး ကြက်ဆူပင်အောက်တွင် PVC ပိုက်ဖြင့် ပြုလုပ်ထားသော ဒေသန္တရလက်လုပ်ချိန်ကိုက်မိုင်း ပေါက်ကွဲမှုဖြစ်ပွားခဲ့ပြီး အနီးဝန်းကျင်၌ ဝါယာကြိုး၊PVC ပိုက်အပိုင်းအစတစ်ခု၊ ဘောစေ့တစ်စေ့၊ ခေတ်ခဲအပိုင်းအစ တစ်ခုတို့ကို တွေ့ရှိခဲ့ပြီး ပေါက်ကွဲမှုကြောင့် လူ/ တိရစ္ဆာန်ထိခိုက်ဒဏ်ရာ ရရှိမှု မရှိကြောင်း ၎င်းကဆက်လက်ပြောပြသည်။



"ည ၁၀ နာရီခွဲလောက်မှာပေါက်ကွဲသံကြီးကြားလိုက်ရတယ်။ လူတွေလည်း အတော်လန့်သွားကြတယ်။ ပေါက်ကွဲတဲ့နေရာက မြို့ထဲနဲ့အဝေးကြီးမဟုတ်ဘူး။ တစ်ဆက်တည်းပါ။ စစ်တပ်တွေရှိတဲ့ဘက်ပဲ။ အခုမြို့ထဲမှာတော့ လုံခြုံရေးတင်းကျပ်ထားတယ်"ဟု ကျောက်မဲမြို့နေ မြို့မိမြို့ဖတစ်ဦးက ပြောပြသည်။

အဖျက်အမှောင့် လုပ်ငန်းများပြုလုပ်လိုသူများက ဇွန် ၁၅ ရက်နေ့မှစ၍ သုံးရက်အတွင်း မိုင်းများဖောက်ခွဲသွားမည်ဟူသော သတင်းရရှိသည့်အတွက် ရှမ်းပြည်နယ်(မြောက်ပိုင်း) အတွင်း လုံခြုံရေး တိုးမြှင့်ထားကြောင်းနှင့် မိုင်းရှာဖွေရေးလုပ်ငန်းများကိုလည်း ဆောင်ရွက်နေကြောင်း ရှမ်းပြည်နယ် ဒုတိယရဲတပ်ဖွဲ့မှူးရုံးမှ အဆင့်မြင့် အရာရှိကြီးတစ်ဦးက ပြောသည်။

**ဇာဏီအောင်(လားရှိုး)**

# ကျောင်းဆောင်သစ်ဆောက်လုပ်ရန် ရတနာအုတ်မြစ်စီအခမ်းအနားကျင်းပ

**လားရှိုး ဇွန် ၁၉**

ရှမ်းပြည်နယ်(မြောက်ပိုင်း)လားရှိုးမြို့ သီရိမင်္ဂလာမန်ဆူရှမ်းကျောင်းတိုက်တွင် နှစ်ထပ်ကျောင်းဆောင်သစ်နှင့်သံဃနာယကဆရာတော်ကြီးများ သီတင်းသုံးနားနေဆောင်ဆောက်လုပ်ရန်အတွက် ဇွန် ၁၈ ရက် နံနက် ၉နာရီက ရတနာအုတ်မြစ်စီအခမ်းအနားကျင်းပခဲ့သည်။

ရှေးဦးစွာမတည်အလှူရှင်များဖြစ်ကြသော တန့်ယန်းမိုင်းကောင်မှစိုင်းနွံ၊ နန်းမြစိန်မိသားစုက အလှူငွေကျပ်သိန်း ၃၀၀၊ ရန်ကုန်မြို့မှ ဦးစိုင်းအိုက်ဖုန်း၊ ဒေါ်နန်းအီဆောင်မိသားစုက အလှူငွေကျပ် သိန်း၅၀တို့ကိုလှူဒါန်းကြသည်။

ဆက်လက်၍ မန်ဆူရှမ်းကျောင်းဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇဘဒ္ဒန္တပုညနန္ဒနှင့် သံဃာတော်များဦးဆောင်ပြီး အဆိုပါကျောင်းဆောင်သစ်ဆောက်လုပ်မည့်နေရာတွင် အလှူရှင်များက ရတနာအုတ်မြစ်စီပေးကြသည်။ ယခုကျောင်းဆောင်သစ်ကြီးဆောက်လုပ်ရန်တန်ဖိုးငွေကျပ် သိန်း ၃၀၀၀ ကုန်ကျမည်ဖြစ်ရာ မည်သူမဆိုတတ်အားသရွေ့ပါဝင်လှူဒါန်းနိုင်ကြကြောင်းသိရသည်။။

**သီပေါကိုလတ်**

# မိုးစပါးစိုက်ပျိုးစရိတ်ချေးငွေ ကျပ်သိန်းပေါင်း ၅၅၅၀၀ ထုတ်ချေးရန်လျာထား

**ထီးချိုင့် ဇွန် ၁၉**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ထီးချိုင့်မြို့နယ် မြန်မာ့လယ်ယာစိုက်ပျိုးရေးဘဏ်မှ တောင်သူလယ်သမားများအတွက် စိုက်ပျိုးစရိတ်ချေးငွေများကိုနှစ်စဉ်ထုတ် ချေးလျက်ရှိရာ ၂၀၁၆ မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေကျပ် သိန်း ၅၅၅၀၀ လျာထားကြောင်း သိရသည်။

ထီးချိုင့်မြို့နယ်တွင် အုပ်စုပေါင်း ၂၄ အုပ်စု၊ တောင်သူဦးရေ ၇၅၀၀၊ စိုက်ဧကပေါင်း ၃၇၀၀၀ ကို ၂၀၁၅ ခုနှစ်က စပါးတစ်ဧကကို ငွေကျပ်တစ်သိန်းနှုန်းဖြင့် ငွေကျပ်သိန်းပေါင်း ၃၇၇၁၉ ထုတ်ချေးခဲ့သော်လည်း ယခုနှစ်တွင် တစ်ဧကကို တစ်သိန်းခွဲနှုန်းတိုးမြှင့်ပြီး ငွေကျပ်သိန်းပေါင်း ၅၅၅၀၀ ကို ထုတ်ချေး သွားရန်လျာထားကြောင်း၊ ဇွန်လနောက်ဆုံးပတ်တွင်စတင်ထုတ်ချေးပေးနိုင်ရန် ကြိုးစားဆောင်ရွက်နေကြောင်း မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မန်နေဂျာ ဦးတင်အုန်းက ပြောကြားသည်။

**ဇွဲမာန်(ထီးချိုင့်)**

# စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**နေပြည်တော် ဇွန် ၁၉**

မူးယစ်တပ်ဖွဲ့စု(၂၄)လားရှိုးမှ တပ်ဖွဲ့ဝင်များသည် ဇွန် ၁၈ ရက်က နောင်ချိုမြို့အဝင် အိုရီယမ်တယ်တိုးဂိတ်အနီးတွင် တင်မောင်ဝင်းမောင်းနှင်လာသည့် ဆိုင်ကယ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၅၂၀ ကို လည်းကောင်း၊ အလားတူ ယင်းနေ့က ကျောက်မဲမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် ကျောက်မဲမြို့နယ် နမ့်ဟူးတောင်းကျေးရွာအုပ်စု ပန်မောင်ကျေးရွာ နှင်းတောင်တန်း(၂) ထမင်းဆိုင်ရှေ့တွင် ရပ်ထားသည့် ယာဉ်ပေါ်တွင် ထိုင်နေသည့် ခရီးသည် မစန်းယုမော်အား ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၅၉၅ ပြားကိုလည်းကောင်း၊ ရမည်းသင်းမြို့နယ် တူးကုန်းရဲကင်းစခန်းမှ တပ်ဖွဲ့ဝင်များသည် ရမည်းသင်းမြို့နယ် ဝါးဖြူတောင်ကျေးရွာမြောက်ဘက် လေးလမ်းဆုံရဲကင်းရှေ့ကားလမ်းမပေါ်တွင် ဟန်တင်စိုး မောင်းနှင်လာသည့် ဆိုင်ကယ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၃၈၄ ပြားကိုလည်းကောင်း၊ မူးယစ်တပ်ဖွဲ့စု(၃၀) တာချီလိတ်မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် တာချီလိတ်မြို့နယ် မိုင်းကိုးကျေးရွာအုပ်စု မယ်လိပါကော် (အပေါ်)ကျေးရွာနေ အားကူ၏ နေအိမ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၆၆ ပြားကိုလည်းကောင်း၊ ဘားအံမြို့နယ် ထုံးအိုင်နယ်မြေ ရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် ဘားအံမြို့နယ် ကော့ရမ်းသော်ကျေးရွာနေ စောချစ်မြိုင်၏ နေအိမ်ကိုရှာဖွေရာ မော်တော်ယာဉ်ဘေးတွင် အောင်မြင့်နှင့် ကျော်ဒူတို့ကို တွေ့ရပြီး ကျော်ဒူမှာ ခါးပတ်အိတ်တစ်လုံးကို ပစ်ချထွက်ပြေးသွားသဖြင့် ကောက်ယူစစ်ဆေးရာ လွယ်အိတ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၂၂၀ သိမ်းဆည်းရမိပြီး နေအိမ်အပေါ်မှ စိတ်ကြွရူးသွပ်ဆေးပြား ၅၀ တို့ကိုလည်းကောင်း သိမ်းဆည်းရမိသဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



တင်မောင်ဝင်းကို သိမ်းဆည်းရမိ မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။



နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့ အထက(၁) ရတနာမွန် ခန်းမ၌ ဇွန် ၁၈ ရက်က အမှတ် (၁)ယာဉ်ထိန်းရဲ(နေပြည်တော်) အမှတ် (၆) ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှူး(ပျဉ်းမနား)မှ ဒုရဲမှူးမင်းသူက ယာဉ်တိုက်မှု မဖြစ်ပွားစေရေး၊ ယာဉ်အန္တရာယ်ကင်းရှင်းရေးတို့ကို ဟောပြောစဉ်။

ကိုကိုရှုပ(နေပြည်တော်)

၂၁ ရာစု ပင်လယ်ရေကြောင်း ပိုးလမ်းမဟု လူသိများပြီး နိုင်ငံပေါင်းစုံကျယ်ကျယ်ပြန့်ပြန့်ပါဝင်သော စီးပွားရေးလမ်းကြောင်းတစ်ခုကို တရုတ်ပြည်သူ့သမ္မတနိုင်ငံသမ္မတ ရှီကျင့်ဖျင်က စတင်အဆိုပြုခဲ့ပြီး တောင်တရုတ်ပင်လယ်၊ တောင်ပစိဖိတ်သမုဒ္ဒရာ၊ အိန္ဒိယသမုဒ္ဒရာများနှင့် တစ်ဆက်တစ်စပ်တည်းရှိနေသည့် အရှေ့တောင်အာရှဒေသနိုင်ငံများ၊ ပင်လယ်သမုဒ္ဒရာကျွန်းနိုင်ငံများ၊ အရှေ့အာဖရိကနိုင်ငံများ၊ မြေထဲပင်လယ်မြောက်ပိုင်းနိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်သွားမည့် အစီအစဉ်ဖြစ်ပါသည်။ အဆိုပါ ပိုးလမ်းမကြီးအကြောင်းကို စာရေးဆရာ တက္ကသိုလ်ဟန်စိုးဦးက ရပ်ဝန်းတစ်ခု လမ်းကြောင်းတစ်ခုအမည်ဖြင့် ရေးသားထားသည်များကို ကြေးမုံစာဖတ်ပရိသတ်များအတွက် အခန်းဆက်ဆောင်းပါးများအဖြစ် ဖော်ပြလိုက်ပါသည်။

(စာတည်း)

# ရပ်ဝန်းတစ်ခု လမ်းကြောင်းတစ်ခု (၁၄)



(တက္ကသိုလ် ဟန်စိုးဦး)

တဲ့ တရုတ်-အာဆီယံကုန်စည်ပြပွဲ (China-ASEAN Expo) ရဲ့ ၂၀၁၄ ခုနှစ် စက်တင်ဘာလအတွင်း ကျင်းပခဲ့တဲ့ (၁၁)ကြိမ်မြောက် ကုန်စည်ပြပွဲရဲ့ ဆောင်ပုဒ်က "၂၁-ရာစု ပင်လယ်ရေကြောင်း ပိုးလမ်းမကို တည်ဆောက်စို့" (Building the Maritime Silk Road of the 21st Century) ဖြစ်ပြီး ၂၀၁၅ ခုနှစ်၊ စက်တင်ဘာလအတွင်း ကျင်းပခဲ့တဲ့ (၁၂)ကြိမ်မြောက် ကုန်စည်ပြပွဲရဲ့ ဆောင်ပုဒ်က "၂၁-ရာစုရဲ့ ပင်လယ်ရေကြောင်းပိုးလမ်းမ" (Maritime Silk Road of the 21st Century) ဖြစ်ပြီး တရုတ်အစိုးရဟာ ၂၀၁၅ ခုနှစ်ကို တရုတ်-အာဆီယံ ပင်လယ်ရေကြောင်း ပူးပေါင်းဆောင်ရွက်မှုနှစ် (China-ASEAN Maritime Cooperation Year) အဖြစ် သတ်မှတ်ခဲ့တဲ့အချက်တွေဟာ တရုတ်အစိုးရရဲ့ အားထုတ်ကြိုးပမ်းမှုတွေကို ထင်ဟပ်ဖော်ပြလျက်ရှိပါတယ်။

ရပ်ဝန်းတစ်ခု လမ်းကြောင်းတစ်ခု အစီအစဉ်ဟာ အဓိကအားဖြင့် အာရှနဲ့ ဥရောပဒေသနှစ်ခုကို မြေပြင်အခြေစိုက် စီးပွားရေးစင်္ကြံနဲ့ ပင်လယ်ရေလမ်းကြောင်း စီးပွားရေးစင်္ကြံတွေကနေတစ်ဆင့် အဆင့်မြင့်မြင့် ပေါင်းစည်းဆက်စပ်လာစေဖို့၊ နီးကပ်စွာပူးပေါင်းဆောင်ရွက်လာနိုင်ဖို့နဲ့ အပြန်အလှန်အကျိုးဖြစ်ထွန်းစေဖို့ မျှော်မှန်းဆောင်ရွက်တဲ့ မဟာဗျူဟာတစ်ရပ်ဖြစ်ပါတယ်။




(AIIB ဘဏ်အား ၁၆-၁-၂၀၁၆ ရက်နေ့က တရားဝင်စတင်ဖွင့်လှစ်ခဲ့ရာ တရုတ်သမ္မတရှီကျင့်ဖျင် တက်ရောက်ဖွင့်လှစ်ပေးခဲ့သည်)

AIIB ဘဏ်ဟာ တရုတ်နိုင်ငံရဲ့ ရပ်ဝန်းတစ်ခု လမ်းကြောင်းတစ်ခု အစီအစဉ်မှာပါဝင်တဲ့ နိုင်ငံတစ်ခုချင်းစီရဲ့ ဖွံ့ဖြိုးတိုးတက်ရေးမဟာဗျူဟာတွေနဲ့အညီ ပေါင်းစပ်လုပ်ကိုင်ဆောင်ရွက်သွားဖို့လည်း ရှိပါတယ်။ အထူးသဖြင့် တရုတ်နိုင်ငံနဲ့ အိမ်နီးချင်းနိုင်ငံများအကြား ပင်လယ်ရေကြောင်းနဲ့ မြစ်တွင်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများ တိုးချဲ့တည်ဆောက်ရေး၊ အဝေးပြေးလမ်းမကြီးများ၊ မြန်နှုန်းမြင့်ရထားလမ်းများ တိုးချဲ့ဖောက်လုပ်ရေး၊ လေကြောင်းပို့ဆောင်ရေးနဲ့ ဖိုက်ဘာဆက်ကြောင်းဆက်သွယ်ရေးလုပ်ငန်းများ တိုးမြှင့်ရေး၊ တရုတ်-အာဆီယံဆိပ်ကမ်းမြို့များ ပူးပေါင်းဆောင်ရွက်ရေးကွန်ရက် (China-ASEAN Port Cities Cooperation Network) တည်ဆောက်သွားရေးတို့အတွက် ငွေကြေးထောက်ပံ့ပေးသွားဖို့ရှိပါတယ်။ တစ်နည်းအားဖြင့် အရှေ့တောင်အာရှအပါအဝင် အာရှဒေသမှာ ကုန်ပစ္စည်းသယ်ယူပို့ဆောင်ရေးနဲ့ ကုန်းလမ်းသယ်ယူပို့ဆောင်ရေးကဏ္ဍတွေမှာ အတားအဆီး ဖြစ်နေတာတွေ၊ ပိတ်ဆို့မှုဖြစ်နေတာတွေ နည်းပါးလာစေဖို့ ဖြစ်ပါတယ်။ ဒါကြောင့် AIIB ဘဏ်တရားဝင်စတင်ဖွင့်လှစ်နိုင်ခဲ့တာဟာ ရပ်ဝန်းတစ်ခု လမ်းကြောင်းတစ်ခု အစီအစဉ်အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် အင်အားတစ်ရပ်ဖြစ်စေခဲ့ပါတယ်။

AIIB ဘဏ်ဟာ တရုတ်နိုင်ငံရဲ့ရပ်ဝန်းတစ်ခု လမ်းကြောင်းတစ်ခု မဟာဗျူဟာအတွက် ငွေကြေးအထောက်အပံ့ပေးမယ့် အရင်းအမြစ်တစ်ခုဖြစ်သော်လည်း အဖွဲ့ဝင်နိုင်ငံပေါင်း ၅၇ နိုင်ငံပါဝင်တဲ့ ငွေကြေးအဖွဲ့အစည်းကြီးတစ်ခုဖြစ်တဲ့အတွက် တရုတ်နိုင်ငံအနေနဲ့ သူ့ရဲ့သံတမန်ရေးရာ ရည်မှန်းချက်တွေကို တွန်းတွန်းတိုက်တိုက်ဆောင်ရွက်နိုင်ဖို့ အကန့်အသတ်ရှိစေမှာဖြစ်ပါတယ်။ ဒါပေမယ့် တရုတ်နိုင်ငံရဲ့ ဖွံ့ဖြိုးတိုးတက်ရေးဘဏ် (China Development Bank-CDB)၊ ထုတ်ကုန်/သွင်းကုန်ဘဏ် (Export-Import Bank of China)၊ Bank of China နဲ့ အခြားငွေကြေးအဖွဲ့အစည်းတွေဟာ တရုတ်နိုင်ငံရဲ့ အမျိုးသားအကျိုးစီးပွားကို ထိရောက်စွာ အကောင်အထည်ဖော်နိုင်ခဲ့တဲ့ အတွေ့အကြုံတွေ အများကြီးရှိတဲ့အတွက် ရပ်ဝန်းတစ်ခု လမ်းကြောင်းတစ်ခုအစီအစဉ်အတွက် အဓိကငွေကြေးအဖွဲ့အစည်းတွေ ဖြစ်လာဖို့လည်း ရှိပါတယ်။

## သုံးသပ်ချက်

ရပ်ဝန်းတစ်ခု လမ်းကြောင်းတစ်ခု အစီအစဉ်ဟာ မစ္စတာရှီကျင့်ဖျင် တရုတ်နိုင်ငံရဲ့ သမ္မတတာဝန်ကို ၂၀၁၃ ခုနှစ် မတ်လမှာ စတင်ထမ်းဆောင်ပြီး ခြောက်လအတွင်းမှာ နိုင်ငံတကာကို ထုတ်ဖော်ချပြခဲ့တဲ့ မဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်ရေးစီမံကိန်းကြီး ဖြစ်ပါတယ်။ ဒီစီမံကိန်းကြီးမှာ အာရှ၊ ဥရောပနဲ့ အာဖရိက ကမ္ဘာ့တိုက်ကြီးသုံးတိုက်က နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနဲ့ယဉ်ကျေးမှုအရ ကွဲပြားခြားနားတဲ့ နိုင်ငံပေါင်း ၆၅ နိုင်ငံ ပါဝင်အကျုံးဝင်နေတဲ့ အနေအထားကိုကြည့်ရုံနဲ့ စီမံကိန်းရဲ့ ကျယ်ပြန့်နက်နဲမှုကို ခန့်မှန်းနိုင်ကြမှာဖြစ်ပါတယ်။ လူဦးရေအားဖြင့် သန်းပေါင်း ၄၄၀၀ ကျော်၊ စုပေါင်းဂျီဒီပီ ၂၁ ထရီလီယံ (ကမ္ဘာ့ဂျီဒီပီရဲ့ သုံးပုံတစ်ပုံ) ရှိတဲ့ စာရင်းဇယားအချက်အလက်တွေကို ကြည့်ခြင်းဖြင့် ဒီစီမံကိန်းဟာ တရုတ်နိုင်ငံရဲ့ သမိုင်းကြောင်းမှာ အကြီးမားဆုံးနဲ့ အကျယ်ပြန့်ဆုံး အဆိုပြုခဲ့တဲ့ စီမံကိန်းကြီးဖြစ်တာကို တွေ့မြင်နိုင်ပါတယ်။ ဒါကြောင့် ၁၉၇၈ ခုနှစ်က ပြင်ပကမ္ဘာကို စီးပွားရေးအရ တံခါးဖွင့်ပေးခဲ့တာကို တရုတ်နိုင်ငံရဲ့ ခေတ်ပေါ်သမိုင်းမှာ ပထမခြေလှမ်းလို့ သတ်မှတ်မယ်ဆိုရင် ရပ်ဝန်းတစ်ခု လမ်းကြောင်းတစ်ခု စီမံကိန်းဟာ တရုတ်နိုင်ငံပြင်ပကမ္ဘာကို ခြေလှမ်းတဲ့ဒုတိယမြောက် ခြေလှမ်းဖြစ်တယ်လို့ သုံးသပ်ကြပါတယ်။

ရပ်ဝန်းတစ်ခု လမ်းကြောင်းတစ်ခု အစီအစဉ်ဟာ တရုတ်သမ္မတ ရှီကျင့်ဖျင်ရဲ့ စီမံကိန်းဖြစ်တာနဲ့အညီ တရုတ်နိုင်ငံရဲ့ နိုင်ငံခြားရေးမူဝါဒမှာ အရေးပါတဲ့ အစိတ်အပိုင်းတစ်ရပ်ဖြစ်လာတာကိုလည်း တွေ့မြင်ကြရပါတယ်။ ဒီအချက်ကို ၂၀၁၅ ခုနှစ်အတွင်း ကျင်းပခဲ့တဲ့ အမျိုးသားပြည်သူ့ကွန်ဂရက်အစည်းအဝေးမှာ တရုတ်နိုင်ငံခြားရေးဝန်ကြီး ဝမ်ယီက ရပ်ဝန်းတစ်ခု လမ်းကြောင်းတစ်ခုအစီအစဉ်ဟာ တရုတ်နိုင်ငံရဲ့ သံတမန်ဆက်ဆံရေးလုပ်ငန်းစဉ်တွေမှာ အဓိကအာရုံစိုက် ဆောင်ရွက်သွားမယ့် လုပ်ငန်းစဉ်တစ်ရပ်ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့တဲ့အချက်က သက်သေပြနေပါတယ်။ ဒီစီမံကိန်းကြီးကို ကြီးကြပ်အကောင်အထည်ဖော်ဖို့ တရုတ်နိုင်ငံမှာ အာဏာအရှိဆုံးဖြစ်တဲ့ ကွန်မြူနစ်ပါတီ၊ ဗဟိုကော်မတီ၊ နိုင်ငံရေးဗျူရို အဖွဲ့ဝင်ခုနစ်ဦးမှာ ပါဝင်တဲ့ မစ္စတာကျန်းကောင်းလီကို တာဝန်ပေးအပ်ထားခြင်းကလည်း ထင်ရှားစေပါတယ်။ မစ္စတာကျန်းကောင်းလီဟာ ၂၀၀၈ ခုနှစ်မှ ၂၀၁၂ ခုနှစ်အထိ တီယန်ကျင်းမြို့ရဲ့ ပါတီအထွေထွေအတွင်းရေးမှူးတာဝန်ကို ထမ်းဆောင်စဉ်က တီယန်ကျင်းအထူးစီးပွားရေးဇုန်ကို အောင်မြင်စွာ ဦးဆောင်အကောင်အထည်ဖော်နိုင်ခဲ့တဲ့ ပုဂ္ဂိုလ်တစ်ဦးဖြစ်ပါတယ်။

ဒါကြောင့် ရပ်ဝန်းတစ်ခု လမ်းကြောင်းတစ်ခု မဟာဗျူဟာကို လက်တွေ့မှာ အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ဖို့ တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနအပါအဝင် နိုင်ငံရဲ့စီးပွားရေးမူဝါဒတွေကို ရေးဆွဲချမှတ်ပေးတဲ့ အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြုပြင်ပြောင်းလဲရေးကော်မရှင် (National Development and Reform Commission) တို့ဟာ ဆက်တိုက်ကြိုးပမ်းလာခဲ့ပါတယ်။ ကွမ်ရှီးကျွမ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နန်နင်းမြို့မှာ နှစ်စဉ်ကျင်းပ ဒီစီမံကိန်းရဲ့ မဟာဗျူဟာမြောက် ရည်မှန်းချက်တွေအနက် တစ်ခုသော ရည်မှန်းချက်က တရုတ်နိုင်ငံရဲ့အလယ်ပိုင်းနဲ့ အနောက်ဘက်ပိုင်းဒေသတွေ စီးပွားရေးအရ ဖွံ့ဖြိုးတိုးတက်မှု ပိုမိုရရှိလာစေရေး ဖြစ်ပါတယ်။ တရုတ်နိုင်ငံအရှေ့ဘက် ကမ်းရိုးတန်းဒေသတွေဟာ စီးပွားရေးအရ တစ်ဟုန်ထိုး ဖွံ့ဖြိုးတိုးတက်မှုတွေ ရရှိနေပြီး အနောက်ဘက်ပိုင်းဒေသတွေဟာ စီးပွားရေးအရ နောက်ကျကျန်နေတဲ့အပြင် ခွဲထွက်ရေးကြိုးပမ်းမှုတွေလည်းရှိနေတဲ့ ဒေသတွေဖြစ်ပါတယ်။ ဒီဒေသမှာ အများစုနေထိုင်ကြတဲ့ ဝီဂါတိုင်းရင်းသားလူမျိုးစုတွေအနက် အစွန်းရောက်သူအချို့ရဲ့ အကြမ်းဖက်လှုပ်ရှားမှုတွေလည်း ပြီးခဲ့တဲ့နှစ်ကာလတွေအတွင်းမှာ ပိုမိုအရှိန်မြှင့်ဆောင်ရွက်လာတာကိုလည်း တွေ့ရပါတယ်။ ဒါကြောင့် တရုတ်နိုင်ငံဟာ နိုင်ငံရဲ့အနောက်ဘက်ပိုင်းမှာ ရှိနေတဲ့ ဒေသတွေရဲ့ စီးပွားရေး၊ လူမှုရေးကဏ္ဍတွေမှာ ပိုမိုတိုးတက်မှုရရှိလာစေဖို့ စီးပွားရေးအရ ဖွံ့ဖြိုးတိုးတက်တဲ့ ကျန်ပြည်နယ်တွေနဲ့ ပိုမိုပေါင်းစည်းဆက်နွှယ်လာစေဖို့ မော်တော်ကားလမ်း၊ ရထားလမ်းများဖောက်လုပ်ခြင်းစတဲ့ အခြေခံအဆောက်အအုံကဏ္ဍအပါအဝင် ဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်များကို အလေးထားချမှတ်လာခဲ့ပါတယ်။ အခုဆိုရင် တရုတ်နိုင်ငံ ရှင်းကျန့်ဝေဂါကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ အူရွမ်ချီမြို့ (Urumqi) အထိ မြန်နှုန်းမြင့်ရထားတွေကို ၂၀၁၄ ခုနှစ် ဒီဇင်ဘာလကစပြီး ပြေးဆွဲနေပြီဖြစ်ပါတယ်။ ဒါကြောင့် တစ်ချိန်က စီးပွားရေးအရ နောက်ကျနေခဲ့တဲ့ တရုတ်နိုင်ငံအနောက်ဘက်ပိုင်းဒေသတွေဟာ ရပ်ဝန်းတစ်ခု လမ်းကြောင်းတစ်ခုအစီအစဉ်ကြောင့် ဥရောပဒေသနဲ့ ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှုအရ ပေါင်းကူးဆက်သွယ်ရာမှာ ရှေ့တန်းကနေပါဝင်လာဖို့ အခွင့်အလမ်းတွေ ဖြစ်ပေါ်လာစေခဲ့ပါတယ်။

ရပ်ဝန်းတစ်ခု လမ်းကြောင်းတစ်ခုအစီအစဉ်ဟာ တရုတ်နိုင်ငံရဲ့ စွမ်းအင်လုံခြုံမှုကိုလည်း အထောက်အကူပြုစေဖို့ ရည်မှန်းဖော်ဆောင်ခဲ့တာလည်း ဖြစ်ပါတယ်။ တရုတ်နိုင်ငံဟာ ကမ္ဘာပေါ်မှာ စွမ်းအင်အများဆုံးသုံးစွဲနေတဲ့ နိုင်ငံဖြစ်သလို စွမ်းအင်အများဆုံးတင်သွင်းတဲ့နိုင်ငံလည်း ဖြစ်ပါတယ်။ ၂၀၁၆ ခုနှစ်မှာ တရုတ်နိုင်ငံဟာ ရေနံစိမ်းတန်ချိန်ပေါင်သန်း ၅၅၀ လိုအပ်မှာဖြစ်သလို သဘာဝဓာတ်ငွေ့ဟာ ၂၀၅ ဘီလီယံကုဗမီတာ လိုအပ်မယ်လို့ ခန့်မှန်းတွက်ချက်ထားကြပါတယ်။ တရုတ်နိုင်ငံဟာ သူပြည်ပကနေ ဝယ်ယူတင်သွင်းနေတဲ့ စွမ်းအင်စုစုပေါင်းရဲ့ ၇၀ ရာခိုင်နှုန်းကို မလက္ကာရေလက်ကြားနဲ့ တောင်တရုတ်ပင်လယ်ကနေတစ်ဆင့် သယ်ယူပို့ဆောင်နေရတဲ့အတွက် အရေးပေါ်အခြေအနေမှာ ဒီလမ်းကြောင်းပိတ်ဆို့ခဲ့ရင် နိုင်ငံအပေါ်များစွာထိခိုက်နစ်နာမှာဖြစ်ပါတယ်။ ဒါကြောင့် နိုင်ငံရဲ့ အနောက်ဘက်ဒေသတွေကနေတစ်ဆင့် စွမ်းအင်ကို ပိုက်လိုင်းတွေနဲ့ ပိုမိုသွယ်တန်းတင်သွင်းနိုင်ခြင်းဖြင့် နိုင်ငံရဲ့ စွမ်းအင်လုံခြုံမှုကို များစွာအထောက်အကူဖြစ်စေမှာဖြစ်ပါတယ်။

■



## ဝန်ထမ်းပေါင်းစုံ မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲ ခိုလမ်မြို့တွင် ကျင်းပ

ခိုလမ် ဇွန် ၁၉
ရှမ်းပြည်နယ်တောင်ပိုင်း ခိုလမ်မြို့နယ်ခွဲရှိ ဝန်ထမ်းပေါင်းစုံ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၁၈ ရက် နံနက်ကအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရုံးဝင်း၌ကျင်းပရာ ခိုလမ်မြို့မရဲစခန်း နယ်မြေစခန်းမှူးရဲအုပ်သိန်းမြင့်ဦးက ဌာနဆိုင်ရာတာဝန်ရှိသူအသီးသီးအား ပျိုးပင်များပေးအပ်ခဲ့သည်။

ယင်းနောက် 'ပန်းမန်သစ်ပင် လေသန့်စင်၍ ဥယျာဉ်တောတန်း၊ စိတ်ရွှင်လန်း၏' ဆောင်ပုဒ်အတိုင်း ခိုလမ်မြို့မရဲစခန်းနယ်မြေစခန်းမှူးရဲအုပ်သိန်းမြင့်ဦးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဝန်ထမ်းများက ကျွန်း၊ ဝက်သစ်ချ၊ သရက်၊ ပိန္နဲ၊ ထောပတ်ပင်များကို စိုက်ပျိုးပေးခဲ့ကြောင်း သိရသည်။

ခိုလမ်(ပြန်/ဆက်)

## ဖာပွန်မြို့တွင် ကျန်ရှိသောရပ်ကွက်များအား မြေငှားဂရန်ထုတ်ပေးနိုင်ရေးညှိနှိုင်းဆွေးနွေး

ဖာပွန် ဇွန် ၁၉
ကရင်ပြည်နယ် ဖာပွန်ခရိုင်တွင် ပြည်သူ့အတွက် ရက် ၁၀၀ စီမံချက်ဖြင့် မြေငှားဂရန်များ ထုတ်ပေးနိုင်ရန်ကျန်ရှိသော ရပ်ကွက်များအား ဆက်လက်ထုတ်ပေးနိုင်ရေးအတွက် မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး၊ မြို့နယ်မြေစာရင်းလက်ထောက်ဦးစီးမှူး၊ မြို့နယ်စည်ပင်သာယာရေးဦးစီးအရာရှိ၊ ရပ်မိရပ်ဖများနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများသည် ဇွန် ၁၇ ရက် နံနက် ၁၀ နာရီက အမှတ် (၁) ရပ်ကွက် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး၌ တွေ့ဆုံညှိနှိုင်းခဲ့ကြကြောင်း သိရသည်။

ဖာပွန်မြို့နယ် အုပ်ချုပ်ရေးမှူးဦးသိန်းဇော်က ပြောကြားရာတွင် အများပြည်သူတို့၏ အခြေခံလိုအပ်ချက်တွေအဆင်ပြေစေရေးကိုရှေးရှုပြီး ဝန်ကြီးဌာနအသီးသီးရှိ ဌာနများအလိုက် ရက် ၁၀၀ အတွင်း ပြည်သူလူထုအတွက် ဆောင်ရွက်ပေးနိုင်မည့် လုပ်ငန်းစဉ်များနှင့် ဝန်ဆောင်မှုလုပ်ငန်းဆောင်ရွက်ပေးနေသလို ကျွန်တော်တို့ မြို့နယ်ထွေ/အုပ် ဦးစီးဌာနအနေဖြင့်လည်း အမှတ်(၁)ရပ်ကွက်ရှိ အိမ်ခြေများအား မြေငှားဂရန်များ ထုတ်ပေးခဲ့ပြီးဖြစ်ကြောင်း၊ ကျန်ရှိသော ရပ်ကွက်များကိုလည်း မြေငှားဂရန်များ ဆက်လက်ထုတ်ပေးခြင်း လုပ်ငန်းကို ရက် ၁၀၀ အတွင်း ကွင်းဆင်းပြီး ဆောင်ရွက်သွားမှာဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဖာပွန်မြို့နယ်အတွင်းရှိ အစိုးရစီမံခန့်ခွဲပိုင်ခွင့်ရှိသည့် မြေပေါ်တွင်နေထိုင်ကြသော ပြည်သူများအနေဖြင့် မြေငှားဂရန်ရရှိပါက လူနေထိုင်မှုခိုင်မာခြင်း၊ ပိုင်ဆိုင်မှုခိုင်မာခြင်း၊ စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ရန်အတွက် အတိုးနှုန်းသက်သာစွာဖြင့် အစိုးရဘဏ်နှင့် ပုဂ္ဂလိကဘဏ်များမှ အရင်းအနှီး ချေးငွေများ ချေးယူနိုင်ခြင်း၊ ပညာရေး၊ ကျန်းမာရေး ကိစ္စရပ်များတွင် အောင်မြင်စွာဆောင်ရွက်နိုင်ခြင်းနှင့် လူမှုစီးပွားဘဝ မြင့်မားတိုးတက်လာပြီး ကောင်းမွန်သော အကျိုးရလဒ်များ ရရှိနိုင်ကြောင်း သိရသည်။

သိန်းစိုးမြင့်(ပြန်/ဆက်)

## ကျွမ်းကျင်မှုအခြေခံပြု ကာလတို အခြေခံစက်ပြင်သင်တန်းဆင်းပွဲကျင်းပ

ပခုက္ကူ ဇွန် ၁၉
ပခုက္ကူမြို့ စက်မှုဝန်ကြီးဌာန အမှတ်(၄)စက်မှုသင်တန်းကျောင်း ကနောင်ခန်းမ၌ ကျွမ်းကျင်မှုအခြေပြု ကာလတို အခြေခံစက်ပြင်သင်တန်းဆင်းပွဲကို ဇွန် ၁၇ ရက် နံနက် ၉ နာရီက ကျင်းပခဲ့သည်။

အဆိုပါအခမ်းအနားတွင် ညွှန်ကြားရေးမှူးဦးအောင်သူကကာလတို သင်တန်းများကို အာရှဖွံ့ဖြိုးရေးဘဏ်၏ ထောက်ပံ့ကူညီမှုဖြင့် ဖွင့်လှစ်ခြင်းဖြစ်ကြောင်း၊ ဝင်ငွေနည်းပါးပြီး အသက်မွေးဝမ်းကျောင်းပညာရပ်များကိုလေ့လာခွင့်မရှိသော ကျေးလက်နေပြည်သူများနှင့် ဒေသခံပြည်သူများအား ကျွမ်းကျင်မှုအခြေပြုသော ကာလတိုသင်တန်းများဖွင့်လှစ်ပေးရခြင်းဖြစ်ကြောင်း၊ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုကောင်းမွန်လာပြီး ဆင်းရဲနွမ်းပါးမှုလျော့နည်းပပျောက်ရေးကို အထောက်အကူပြုနိုင်ရန် ရည်ရွယ်ကြောင်း၊ ကျွမ်းကျင်ရိုးသား စွမ်းရည်မြင့်မား ဆိုသည့်အတိုင်း နည်းပညာ၊ အတတ်ပညာအပြင် အသိအလိမ္မာရှိအောင်၊ အကျင့်စာရိတ္တဖွံ့ဖြိုးတိုးတက်အောင်ရိုးသားကြိုးစားကြစေလိုကြောင်း သင်တန်းဆင်းအမှာစကားတွင် ထည့်သွင်းပြောကြားခဲ့သည်။

ယင်းနောက် သင်တန်းဆင်း အောင်လက်မှတ်များအား ကျောင်းအုပ်ကြီးက သင်တန်းသားများကိုယ်စား သင်တန်းသားကိုယ်စားလှယ်တစ်ဦးအား ပေးအပ်ခဲ့သည်။

မြန်မာနိုင်ငံတွင် စက်မှုသင်တန်းကျောင်း ခြောက်ကျောင်းရှိပြီး ၎င်းကျောင်းများမှ သင်တန်းသား ၅၅၂၀၊ သင်တန်းသူ ၁၉၂၇ ဦး စုစုပေါင်း ၇၄၄၇ ဦး သင်တန်းဆင်းခဲ့သည်။

ယင်းသင်တန်းဆင်းများအနက် ၆၆၃၅ ဦးကို အလုပ်အကိုင် အခွင့်အလမ်းများဖန်တီးပေးနိုင်ခဲ့ကြောင်း ပခုက္ကူစက်မှုသင်တန်းကျောင်း အမှတ် (၄) မှ တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

ခရိုင်ပြန်/ဆက်

## ကျောင်းသား/သူများ ဗဟုသုတ တိုးပွားစေရန်နှင့် စာတတ်သူတိုင်း စာဖတ်ကြစေရန် ရည်ရွယ်၍ MobileLibrary ဆောင်ရွက်

လိပ်သို ဇွန် ၁၉
ကရင်ပြည်နယ် ဘားအံခရိုင် လိပ်သိုမြို့ သံမိုးတောင်ကျေးရွာတွင် ကျောင်းသား၊ ကျောင်းသူများ ဗဟုသုတတိုးပွားစေရေးနှင့် စာဖတ်သူတိုင်း စာဖတ်ကြစေရန်ရည်ရွယ်၍ အထက်တန်းကျောင်းခွဲ သံမိုးတောင်ကျေးရွာ၌ ဇွန် ၁၇ ရက် နံနက် ၁၀ နာရီတွင် MobileLibrary ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

ယင်းသို့ ဆောင်ရွက်ရာတွင် လိပ်သိုမြို့ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအနေဖြင့် သုတ၊ ရသစာအုပ်ပေါင်း ၁၅၀ ကို ယူဆောင်သွားခဲ့ရာ ကျောင်းသား၊ ကျောင်းသူများက ဖတ်ရှုလေ့လာကြပြီး သုတရသစာအုပ်စာပေ ၆၅ အုပ်ကို ငှားရမ်းခဲ့ကြသည်။

ဆက်လက်၍ Mobile Library ဆောင်ရွက်နေစဉ် အချိန်အတွင်း ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဌာနမှ ထုတ်ဝေသော သတင်းစကား လက်ကမ်းစာစောင်များကို ကျောင်းသူ၊ ကျောင်းသားများနှင့် ကျေးရွာရှိအိမ်များ၊ ဈေးဆိုင်များအရောက်ဖြန့်ဝေခဲ့ကြောင်းသိရသည်။

ကျောင်းသား/သူများကလည်း နောက်တစ်ကြိမ် လာရောက်၍ စာအုပ်ငှားပေးလျှင် စာစီစာကုံးစာအုပ်များနှင့် အင်္ဂလိပ်၊ မြန်မာနှစ်ဘာသာတွဲပါဝင်သော ပုံပြင်စာအုပ်များ ဖတ်လိုကြောင်း အကြံပြုပြောကြားခဲ့ကြောင်းသိရသည်။

မြို့နယ်(ပြန်/ဆက်)



## အသက်မွေးဝမ်းကျောင်း သင်တန်းဖွင့်

**သထုံ ဇွန် ၁၉**
မွန်ပြည်နယ် သထုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျိုက်ပါကျေးရွာတွင် ကျေးလက်လူငယ်များ အသိပညာဗဟုသုတတိုးစေပွားရန်အတွက် အသက်မွေးဝမ်းကျောင်း အထောက်အကူပြု အခြေခံဖုန်းပြုပြင်ခြင်းနှင့် ကွန်ပျူတာသင်တန်းကို ကျေးရွာဘုန်းတော်ကြီးကျောင်း၌ ဇွန် ၁၅ ရက်က ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

**(ကြေးမုံ)**

## သမဝါယမအသင်းစု နှစ်ပတ်လည်ဆိုင်ရာ အစည်းအဝေးကျင်းပ

ပွင့်ဖြူ ဇွန် ၁၉
မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ် သမဝါယမအသင်းစု၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွက် နှစ်ပတ်လည် အရပ်ရပ်ဆိုင်ရာအစည်းအဝေးကို ဇွန် ၁၇ ရက် နံနက် ၁၀ နာရီက မြို့နယ်သမဝါယမ ဦးစီးဌာနရုံး၌ ကျင်းပခဲ့ကြကြောင်းသိရသည်။

အစည်းအဝေးတွင် မြို့နယ်သမဝါယမအသင်းစုဥက္ကဋ္ဌ ဦးတင်အုံးက သဘာပတိအဖြစ်ဆောင်ရွက်၍ မကွေးတိုင်းဒေသကြီး သမဝါယမဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးကြည်လင်းက အမှာစကားပြောကြားခဲ့သည်။

ယင်းနောက် မြို့နယ်သမဝါယမအသင်းစု၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွက် နှစ်ချုပ်ဘဏ္ဍာရေးရှင်းတမ်းနှင့် အသားတင်အမြတ်ငွေစီမံခန့်ခွဲမှုအား ဦးစီးမှူး ဒေါ်နုနုအောင်က ဖတ်ကြားရှင်းလင်းခဲ့သည်။

ယင်းနောက် အသင်းဝင်များက မြို့နယ်သမဝါယမအသင်းစု၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွက် နှစ်ချုပ် ဘဏ္ဍာရေးရှင်းတမ်းနှင့် အသားတင်အမြတ်ငွေ စီမံခန့်ခွဲမှုအပေါ် အကြံပြုဆွေးနွေးကြပြီး ပြန်လည်ရှင်းလင်းဖြေကြားခြင်း၊ အတည်ပြုခြင်းတို့အား ဥက္ကဋ္ဌအပါအဝင် ဒါရိုက်တာအဖွဲ့ဝင်ငါးဦးက ဆောင်ရွက်ကြကာ တက်ရောက်လာသူများမှ အတည်ပြုဆောင်ရွက်ခဲ့ကြသည်။

အဆိုပါ အစည်းအဝေးတွင် တစ်မြို့နယ်လုံးရှိ အခြေခံသမဝါယမအသင်းများမှ ကိုယ်စားလှယ် ၇၅ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

သူရထွန်း(ပွင့်ဖြူ)

## ပြည်သူလူထုအခြေပြု စေတနာ့ဝန်ထမ်းများအတွက် တီဘီရောဂါတိုက်ဖျက်ရေး ဆင့်ပွားသင်တန်းဟိုပန်၌ ဖွင့်လှစ်

ဟိုပန် ဇွန် ၁၉
ရပ်ရွာအတွင်း ပြည်သူလူထုအား ကျန်းမာရေးစောင့်ရှောက်မှုပြုရာတွင် အထောက်အကူပြုစေရန်ရည်ရွယ်၍ ပြည်သူလူထုအခြေပြု စေတနာ့ဝန်ထမ်းများအတွက် တီဘီရောဂါတိုက်ဖျက်ရေး ဆင့်ပွားသင်တန်းကို ဇွန် ၁၅ ရက် နံနက် ၉ နာရီက ဟိုပန်မြို့ ပြည်သူ့ဆေးရုံအစည်းအဝေးခန်းမ၌ ပြုလုပ်ခဲ့သည်။

မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာသန့်လွင်ထွန်းက မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ အမျိုးသမီးရေးရာအဖွဲ့၊ ကြက်ခြေနီအသင်းစသည့် လူမှုရေးအသင်းအဖွဲ့များသည် ပြည်သူများနှင့် နီးစပ်သည့် အဖွဲ့အစည်းများဖြစ်ကြောင်း၊ တီဘီရောဂါသည် ရပ်ရွာအတွင်း အဖြစ်များသည့် ရောဂါဖြစ်သည့်အတွက် လူမှုရေးအသင်းအဖွဲ့များမှ ကျန်းမာရေးဌာနနှင့် စေတနာ့ဝန်ထမ်းပူးပေါင်းဆောင်ရွက်သွားနိုင်ရန် ဆင့်ပွားသင်တန်း ဖွင့်လှစ်ပေးရခြင်းဖြစ်ကြောင်း၊ ကျန်းမာရေးဌာနနှင့် ပူးပေါင်း၍ ပြည်သူများအား တစ်ဖက်တစ်လမ်းမှ ကျန်းမာရေးစောင့်ရှောက်ပေးသွားရန် ရှင်းလင်းပြောကြားခဲ့သည်။

အဆိုပါသင်တန်းသို့ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ တက်ရောက်ခဲ့ကြပြီး သင်တန်းကာလ နှစ်ရက်ကြာမြင့်ကြောင်း သိရသည်။

သိန်းအောင်(ဦးစီးအရာရှိ)

## ပြည်တွင်းရေးရာ

# ကျောက်ဆည်တက္ကသိုလ်တွင် အမျိုးသားပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေး လှုပ်ရှားမှုသစ်ပင် ၁၂၃၀ စိုက်ပျိုး

**စဉ့်ကိုင် ဇွန် ၁၉**
မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ် ကျောက်ဆည်တက္ကသိုလ်တွင် ကျောက်ဆည်ခရိုင် ကျောက်ဆည်မြို့နယ် သစ်တောဦးစီးဌာနနှင့် ကျောက်ဆည်တက္ကသိုလ်တို့၏ ၂၀၁၆ ခုနှစ် အမျိုးသားပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးလှုပ်ရှားမှု သစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၁၇ ရက် နံနက် ၈ နာရီက စဉ့်ကိုင်မြို့နယ် ကျောက်ဆည်တက္ကသိုလ်ကျောင်းဝင်းအတွင်း ကျင်းပခဲ့ကြောင်း သိရသည်။

သစ်ပင်စိုက်ပျိုးပွဲတွင် ကျောက်ဆည်ခရိုင်အုပ်ချုပ်ရေးမှူး ဦးမြင့်နိုင်၊ ခရိုင်ရဲတပ်ဖွဲ့မှူး၊ ကျောက်ဆည်တက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာမြင့်လွင်၊ ခရိုင်သစ်တောဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးတင်ဝင်း၊ စဉ့်ကိုင်မြို့နယ် အုပ်ချုပ်ရေးမှူး ဦးမင်းဆွေ၊ ခရိုင်/မြို့နယ်အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေး ဦးစီးဌာနမှ ဝန်ထမ်းများ၊ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကျောက်ဆည်တက္ကသိုလ်ဆရာ၊ ဆရာမများ ကျောင်းသား၊ ကျောင်းသူများသည် ကျောက်ဆည်တက္ကသိုလ်ဝင်းအတွင်း၌ လျှော်ဖြူပင် ၁၀၀၊ ပိတောက် ၁၆၂ ပင်၊ ကျွန်းပင် ၆၀၊ ငုရွှေဝါ ၁၉၆ ပင်၊ ခရေပင် ၁၁၀၊ မဟော်ဂနီပင် ၈၆၊ ရေတမာ ၇၅ ပင်၊ ကံ့ကော် ၁၅ ပင်၊ ယင်းမာ ၁၀၆ ပင်၊ မြန်မာကုက္ကိုပင် ၃၀၊ မယ်ဇလီပင် ၃၀၊ မယ်ဇယ် ၄၅ ပင်၊ စိန်ပန်း ၁၇၅ ပင်၊ သရဖီပင် ၃၀၊ ပင်လယ်ကဗွီးပင် ၁၀ စုစုပေါင်းသစ်ပင် ၁၂၃၀ ကို တပျော်တပါး စိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

**တင်တင်ထွေး(စဉ့်ကိုင်)**

# ကောလင်းမြို့နယ်တွင် ရေစီးရေလာကောင်းမွန်ရေးဆောင်ရွက်

**ကောလင်း ဇွန် ၁၉**
စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့၌ ဇွန် ၉ ရက်က ရေကြီး၊ ရေလျှံမှုများဖြစ်ပေါ်ခဲ့ပြီး ရေထွက်ပေါက်များ၊ ရေနုတ်မြောင်းများ ကောလာခြင်း၊ အမှိုက်သရိုက်များ ပိတ်ဆို့ခြင်းကြောင့် မြေနိမ့်ပိုင်းရပ်ကွက်အချို့တွင် ရေများချက်ချင်းကျဆင်းမှုမရှိသဖြင့် မြို့နယ်စည်ပင်သာယာရေးကော်မတီအဖွဲ့နှင့် ကောလင်းမြို့နယ်လုံးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးပရဟိတကွန်ရက်တို့ ပူးပေါင်း၍ ရေစီးရေလာကောင်းမွန်ရေးဆောင်ရွက်လျက်ရှိသည်။

"အခုက ရေချက်ချင်းမကျတာဘာကြောင့်ဆိုတာ ကွင်းဆင်းစစ်ဆေးကြတဲ့အခါ ရပ်ကွက်အတွင်းကရေနုတ်မြောင်းတွေ၊ ရေထွက်ပေါက်တွေ ကောလာတာရယ်။ မြို့အစွန်မြေနိမ့်ပိုင်းရပ်ကွက်အချို့က ပြည်သူတွေက ရေထွက်ပေါက်ရေမြောင်းတွေမှာ သူ့အိမ်ရှေ့ ကိုယ့်အိမ်ရှေ့မှာ တံတားတွေမလုပ်ကြဘဲ မြေတွေဖို့ထားကြတာကို တွေ့ရတယ်။ အဲ့ဒါကြောင့်ရေလာတဲ့အခါအမှိုက်သရိုက်တွေပိတ်ဆို့ပြီး ရေကချက်ချင်းမကျပဲဖြစ်နေတာပါ" ဟု စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးမင်းညီက ပြောသည်။

"အခုလိုဖြစ်တော့ ကိုယ့်ဆီမှာရှိတဲ့ ယန္တရားတွေနဲ့ မပြည့်စုံတော့ ဝန်းသိုစည်ပင်က အမှိုက်ကား၊ အင်းတော်မြို့နယ်ကအမှိုက်ကားတွေအပြင် ကသာမြို့နဲ့အင်းတော်မြို့က ရေပုပ်ထုတ်ကားတွေအကူညီတောင်းပြီးဆောင်ရွက်ခဲ့ရပါတယ်" ဟု ၎င်းက ထပ်မံပြောကြားသည်။

ယခုအခါအဆိုပါအဖွဲ့သည် ဝါးရုံတုံးကျေးရွာ ရေထွက်ပေါက်၊ ပန်းခြံထောင့်နှင့် လျှပ်စစ်ရုံးအရှေ့ဘက်ရေထွက်ပေါက်၊ လျှပ်စစ်ရုံးနှင့် စိုက်ပျိုးရေးဦးစီးရုံး၏ အနောက်ဘက်ရေနုတ်မြောင်းများအား ခဲ့ထွင်၍ အမှိုက်သရိုက်များဆယ်ယူခြင်း၊ စက်ရုံလယ်ပြင်ရပ်ကွက်အတွင်းမှ ရေမြုပ်ဧရိယာများအား မြေသားများတူးဖော်၍ ပေ ၃၀၀ အထက်လမ်းမြေသား မြှင့်တင်ခြင်း၊ မြို့အထွက် ပေါ်တော်မူဘုရားတောင်ဘက် မြေသားပေါင်များ ကျိုးကျပျက်စီးသည်ကို မြေသားဖို့ခြင်းများ ဆောင်ရွက်နေကြောင်း သိရသည်။




**စိုင်းလှုမင်း (မီဒီယာ)**

# ဈေးသည်များ အန္တရာယ်ကင်းစေရန် ဈေးဧရိယာရှိ ရထားသံလမ်းတစ်လျှောက် သံဆန်ခါကာခြင်းလုပ်ငန်းပြီးစီး

**ကျွန်းလှ ဇွန် ၁၉**
စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ် သစ်ရာမြိုင်ရပ်ကွက်ဈေးမှဈေးသည်များ အန္တရာယ်ကင်းစေရန် ဈေးဧရိယာရှိ ရထားသံလမ်းတစ်လျှောက် သံဆန်ခါကာခြင်းလုပ်ငန်း ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

ယင်းသစ်ရာမြိုင်ရပ်ကွက်ဈေးမှ ဈေးသည်များသည် နေ့စဉ်သံလမ်းကို ကျောပေးပြီး ရောင်းချကြကြောင်း၊ ဈေးသည်များသည် မိမိတို့ပစ္စည်း ရောင်းရရေး ဈေးဝယ်သူများကို အာရုံစိုက်နေ၍ ရထားလာချိန်တွင် အန္တရာယ်ရှိနိုင်ကြောင်း၊ ယခုလိုဈေးကော်မတီနှင့် ဈေးသူ၊ ဈေးသားများ စုပေါင်းပြီး သံလမ်းနှင့် ခုနစ်ပေအကွာ (အရှည် ၄၀၀× အမြင့် ၅ ) ပေ ကွန်ကရစ်တိုင်စိုက်၍ သံဆန်ခါကာပေးခြင်းဖြင့် ဈေးသည်များ အန္တရာယ်ကင်းရှင်းစွာ ရောင်းချနိုင်ပြီဖြစ်ကြောင်း ဒေသခံပြည်သူတစ်ဦးက ပြောပြသည်။

သစ်ရာမြိုင်ရပ်ကွက် ဈေးရထားလမ်းဘေးတွင် နံနက်ဝေလီဝေလင်းအချိန်မှစ၍ ရပ်ကွက်/ကျေးရွာများရှိ ဈေးသည်များက အိမ်ခြံထွက် ဟင်းသီး၊ ဟင်းရွက်၊ သစ်သီးဝလံနှင့်ပန်းအမျိုးမျိုးတို့ကို လာရောက်ရောင်းချလျက်ရှိသည်။ **မျိုးဝင်းညို(ကျွန်းလှ)**



# သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**သာပေါင်း ဇွန် ၁၉**
သာပေါင်းမြို့နယ် သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးညှိနှိုင်းအစည်းအဝေးကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ပြည်အေးခန်းမ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

အစည်းအဝေးတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးမင်းထွဋ်က သာပေါင်းမြို့နယ်အတွင်း သဘာဝဘေးအန္တရာယ်များ ကြိုတင်ကာကွယ်စောင့်ရှောက်နိုင်ရန်နှင့် ပြည်သူလူထုအတွင်း အသိပညာပေးနိုင်ရေး၊ သဘာဝဘေးလျော့ပါးရေး ကြိုတင်အစီအမံများ ဆောင်ရွက်နိုင်ရေးနှင့် အသက်အိုးအိမ်စည်းစိမ် ပျက်စီးဆုံးရှုံးမှုနည်းပါးနိုင်ရေး ကြိုတင်ကာကွယ်စောင့်ရှောက်နိုင်ရန်အတွက် မြို့နယ် သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီနှင့် အထောက်အကူပြုလုပ်ငန်းကော်မတီများ ဖွဲ့စည်းနိုင်ရေးအတွက် လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်နိုင်ရေး သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပရခြင်းဖြစ်ကြောင်း ပြောကြားပြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းထွန်းမှ ကယ်ဆယ်ရေးစခန်းများ စနစ်တကျ ကြိုတင်စီမံဆောင်ရွက်ထားရှိရေး ဆွေးနွေးခဲ့သည်။

ယင်းနောက် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်မိုးဝါက ရေဘေးသင့် ပြည်သူများ စာရင်းကောက်ယူရာတွင် စနစ်တကျဆောင်ရွက်နိုင်ရေး ဆွေးနွေးခဲ့သည်။ ယင်းနောက် ဆည်မြောင်းဦးစီးမှူး ဦးသက်နှင်းအောင်မှ ဝဲဂန္တာ ကြံ့ခိုင်မှုရှိရေး မြေသားထပ်ပိုးမြှင့်တင်ခြင်းလုပ်ငန်း ဆောင်ရွက်ထားရှိမှုနှင့် မြစ်ရေကြီးမြင့်လာပါက အချိန်မီကာကွယ်တားဆီးနိုင်ရန် ရေကင်း ၁၆ ကင်း တာဝန်ချထားပြီး စောင့်ကြည့် စစ်ဆေးလျက်ရှိကြောင်း တင်ပြဆွေးနွေးခဲ့သည်။

ယင်းနောက် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးမင်းထွဋ်မှ ဆွေးနွေးတင်ပြချက်များအပေါ် ပြန်လည်ပေါင်းစပ်ညှိနှိုင်းပြီး သဘာဝဘေးအန္တရာယ်ကြိုတင် ကာကွယ်စောင့်ရှောက်နိုင်ရန်အတွက် မြို့နယ်သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုကော်မတီနှင့် အထောက်အကူပြုကော်မတီများအား ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ကြောင်း သိရသည်။

**မျိုးဇော်ဦး (ပြန်/ဆက်)**

# မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အကြိုနံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့် ဟောပြောပွဲ ဟိုပန်၌ ဆောင်ရွက်

**ဟိုပန် ဇွန် ၁၉**
အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အထိမ်းအမှတ်အကြို နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲ၊ ဟောပြောပွဲနှင့် လက်ကမ်း စာစောင်ဖြန့်ဝေခြင်းကို ဇွန် ၁၄ ရက် နံနက် ၉ နာရီက ဟိုပန်မြို့ ရွှေဝါကျေးရွာအုပ်စု အလယ်တန်းကျောင်းခွဲ ရွှေဝါ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးအရာရှိ ဦးသိန်းအောင်နှင့် ကျောင်းအုပ်ဆရာမဒေါ်ဂျာငိုင်လုတို့က မူးယစ်ဆေးဝါးအန္တရာယ်နှင့် ဆိုးကျိုးများကို အသိပညာပေးဟောပြောခဲ့သည်။

ယင်းနောက် ပြန်/ဆက်ဦးစီးဌာနက ရွှေဝါကျေးရွာစာကြည့်တိုက်နှင့် ကျောင်းစာကြည့်တိုက်အတွက် ဂျာနယ်စာစောင်များကို ပေးလှူခဲ့သည်။ ဆက်လက်၍ ခရိုင်ရုံးဝန်ထမ်းများက မူးယစ်ဆေးဝါးတိုက်ဖျက်ရေး အထိမ်းအမှတ် လက်ကမ်းစာစောင်များဖြန့်ဝေခြင်း၊ နယ်လှည့်စာအုပ်ငှားခြင်းတို့ကို ဆောင်ရွက်ခဲ့သည်။

တက်ရောက်လာသူများက မူးယစ်ဆေးဝါးအသိပညာပေးနံရံကပ်စာစောင်နှင့် ဓာတ်ပုံပြဘုတ်များကို စိတ်ဝင်စားစွာ ကြည့်ရှုခဲ့ကြကြောင်း သိရသည်။

**ခရိုင်ပြန်/ဆက်**

# ပဲခူးတိုင်းဝန်ကြီးချုပ်ထံသို့ ဟံသာဝတီယူနိုက်တက်အသင်းမှ ဘောလုံး ၂၀၀ လှူဒါန်း

**ပဲခူး ဇွန် ၁၉**
ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်ထံသို့ ဟံသာဝတီယူနိုက်တက် ဘောလုံးအသင်းက ဘောလုံး ၂၀၀ ကို ဇွန် ၁၇ ရက်က လာရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

"ပဲခူးတိုင်းဒေသကြီးက လူငယ်တွေ ဘောလုံးကစားနိုင်ဖို့ လာရောက်လှူဒါန်းတာပါ။ လှူဖို့လိုအပ်တယ်ဆိုရင်လည်း နောက်နှစ်တွေမှာ ဆက်ပြီးလှူသွားမှာပါ" ဟု အသင်းကိုယ်စား လာရောက်လှူဒါန်းပေးခဲ့သည့် ဦးကျော်စိုးလှိုင်က ပြောသည်။

ညနေ ၅ နာရီခွဲခန့်က ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်၏ ရုံးခန်းတွင် အလှူရှင်ဦးအောင်မိုးကျော်ကိုယ်စား ဦးကျော်စိုးလှိုင်ကပေးအပ်လှူဒါန်းခဲ့ရာ ဝန်ကြီးချုပ်ဦးဝင်းသိန်း၊ စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီး ဦးမောင်မောင်လွင်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ အတွင်းရေးမှူး ဦးတိုးတိုးဝင်းတို့က လက်ခံရယူခဲ့သည်။

ဟံသာဝတီယူနိုက်တက် ဘောလုံးအသင်းအနေဖြင့် ပထမဆုံးအကြိမ်အဖြစ် ပဲခူးတိုင်းဒေသကြီးသို့ ဘောလုံးများလှူဒါန်းခြင်းဖြစ်ပြီး တစ်လုံးလျှင် ကျပ်နှစ်သောင်းခန့် တန်ဖိုးရှိသည့် ထိုင်းနိုင်ငံထုတ် ဘောလုံးများဖြစ်ကြောင်း ဦးကျော်စိုးလှိုင်ထံမှ သိရသည်။

**ကိုကို (အုတ်ဖို)**

# ကွမ်းလုံ၌ ဘိန်းအစားထိုးသီးနှံ ပုလဲသွယ် စပ်မျိုးစပါးနှင့် နှစ်ရှည်လက်ဖက်ပျိုးပင်များ ဖြန့်ဝေ၍တောင်သူပညာပေးဟောပြော

**ကွမ်းလုံ ဇွန် ၁၉**
ရှမ်းပြည်နယ် ကွမ်းလုံမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ဘိန်းအစားထိုးသီးနှံ ပုလဲသွယ်စပ်မျိုးစပါးနှင့် နှစ်ရှည်လက်ဖက်ပင်များ ဖြန့်ဝေခြင်းနှင့် တောင်သူပညာပေးအခမ်းအနားကို ဇွန် ၁၅ ရက် မွန်းလွဲ ၂ နာရီက မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနရုံး၌ ပြုလုပ်ခဲ့သည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအီနွယ်လိုင်ပူက အဖွင့်အမှာစကား ပြောကြားပြီးမြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးငွေလွင်က သီးနှံမျိုးစေ့နှင့် ပျိုးပင်များဖြန့်ဝေရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားခဲ့သည်။

သီးနှံများအစားထိုးစိုက်ပျိုးရေးအဖွဲ့၏ မူးယစ်ဆေးဝါးပပျောက်ရေးဆောင်ရွက်ချက်အနေဖြင့် ကွမ်းလုံမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု ခုနစ်အုပ်စုမှ တောင်သူများအား ပုလဲသွယ်စပ်မျိုးစပါးဧက ၈၀ စာ ကီလို ၅၆၀ နှင့် နှစ်ရှည်လက်ဖက်ပျိုးပင် နှစ်ဧကစာ အပင် ၁၀၀၀၀ တို့ကို မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက အခမဲ့ဖြန့်ဝေပေးခဲ့ပြီး စိုက်ပျိုးရေးဦးစီးဌာန လက်ထောက်ဦးစီးမှူးဦးယိမ်းခေါက သိပ္ပံနည်းကျစိုက်ပျိုးနည်းစနစ်အကြောင်းကို အသေးစိတ်ရှင်းလင်းဆွေးနွေးကာပညာပေးလက်ကမ်းစာစောင်များဖြန့်ဝေပေးခဲ့သည်။ **မြို့နယ်ပြန်/ဆက်**

## ကွမ်းစားသုံးမှု လျှော့ချရေးနှင့် စည်းကမ်းမဲ့ ကွမ်းတံတွေးထွေးမှု ပပျောက်ရေး အသိပညာပေး ဟောပြော

**ချောင်းဦး ဇွန် ၁၉**
စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ချောင်းဦးမြို့ အနော်ရထာခန်းမ၌ ကွမ်းစားသုံးမှုလျှော့ချရေးနှင့် စည်းကမ်းမဲ့ ကွမ်းတံတွေးထွေးမှု ပပျောက်ရေး အသိပညာပေးဟောပြောပွဲကို ဇွန် ၁၇ ရက် မွန်းလွဲ ၁ နာရီခွဲက ပြုလုပ်ခဲ့ကြောင်း သိရသည်။

အသိပညာပေးဟောပြောပွဲတွင် ချောင်းဦးမြို့နယ် မြို့နယ်ကျန်းမာရေး ဦးစီးဌာန မိခင်နှင့်ကလေး တာဝန်ခံဆရာဝန် ဒေါက်တာစန္ဒာလွင်က ကွမ်းစားသုံးခြင်းကြောင့် ဖြစ်ပွားတတ်သော ရောဂါများအကြောင်းကိုလည်းကောင်း၊ မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ယုယုဝင်းက ကွမ်းစားသုံးမှုလျှော့ချရေး၊ စည်းကမ်းမဲ့ ကွမ်းတံတွေးထွေးမှု ပပျောက်ရေးအကြောင်းကိုလည်းကောင်း၊ မြို့နယ်ရဲတပ်ဖွဲ့ဒုတိယမြို့နယ် ရဲတပ်ဖွဲ့မှူး ဒု-ရဲမှူးမျိုးညွန့်သန်းက မူးယစ်ဆေးဝါး၏ ဆိုးကျိုးများအကြောင်းကိုလည်းကောင်း၊ မြို့မရဲစခန်း စခန်းမှူးဒုရဲမှူး သိန်းဆွေမြင့်က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအကြောင်းကိုလည်းကောင်း ဟောပြောခဲ့ကြသည်။

ချောင်းဦး အ-ထ-က ကျောင်းအုပ်ဆရာမကြီး ဒေါ်ကျော့ကျော့ခိုင်က "ယခုလို ဌာနဆိုင်ရာများမှ ကျောင်းသား၊ ကျောင်းသူများကို အသိပညာဗဟုသုတရရှိအောင် ကွမ်းအကြောင်း၊ မူးယစ်ဆေးဝါးအန္တရာယ်နှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအကြောင်းတွေ လာရောက်ဟောပြောပေးသည့်အတွက် အထူးပင်ကျေးဇူးတင်ရှိကြောင်း" ပြောကြားခဲ့သည်။

အသိပညာပေးဟောပြောပွဲ၌ မြို့နယ်ပြန်/ဆက်ဦးစီးဌာနမှ ပြသထားသည့် ကွမ်းယာ၏ ဘေးထွက်ဆိုးကျိုးများ၊ မူးယစ်ဆေးဝါးတားဆီးကာကွယ်ရေး အကြောင်း ပြသထားသည့် နံရံကပ်စာစောင်များကို ကျောင်းသား၊ ကျောင်းသူလေးများက စိတ်ပါဝင်စားစွာ လေ့လာကြည့်ရှုကြကြောင်း သိရသည်။

**မယု (ချောင်းဦး)**

## တောင်တွင်းကြီးပင်မဓာတ်အားခွဲရုံမှ အန္တရာယ်ကင်းရှင်းစွာဖြင့် ဗို့အားကောင်းမွန်စွာ ဖြန့်ဖြူးပေးနေမှု ကွင်းဆင်းစစ်ဆေး



**တောင်တွင်းကြီး ဇွန် ၁၉**
မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့ ၂၃၀ ကေဗွီ ပင်မဓာတ်အားခွဲရုံမှ နတ်မောက်မြို့သစ်စသည့်မြို့နယ်များအတွင်း လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးနေမှုအခြေအနေများကို တိုင်းဒေသကြီး လျှပ်စစ်အင်ဂျင်နီယာ ဦးအောင်သန်း၊ မြို့နယ် လျှပ်စစ်အင်ဂျင်နီယာ ဦးဝင်းနိုင်ဦးနှင့် တာဝန်ရှိသူများလိုက်ပါ၍ ဇွန် ၁၇ ရက်က ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ပြီး ဗို့အားတည်ငြိမ်စွာဖြင့် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးနိုင်ရေး၊ ဓာတ်အားပြတ်တောက်မှု လျော့နည်းစေရေး ကြိုးပမ်းဆောင်ရွက်သွားကြရန် ဝန်ထမ်းများအား မှာကြားခဲ့သည်။

ဆက်လက်၍ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံးမှ ဝန်ထမ်းများနှင့်တွေ့ဆုံ၍ စီမံဘဏ္ဍာ၊ ပစ္စည်း၊ အင်ယာကဏ္ဍ အလိုက်လုပ်ငန်းများစနစ်တကျ ဆောင်ရွက်ကြရန် lUnit Losses ကျဆင်းရေး၊ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး၊ ဗို့အားတိုးတက်ကောင်းမွန်စေရေး၊ ဓာတ်အားပြတ်တောက်မှု လျော့နည်းစေရေး၊ ကြွေးကျန်လျော့နည်းစေရေး ကိစ္စများကို ဆွေးနွေးမှာကြားခဲ့သည်။

ယင်းနောက် ကျေးလက်ဒေသဖွံ့ဖြိုးရေး၊ ကျေးရွာများတွင် ဗို့အားပြည့်မီစွာဖြင့် လျှပ်စစ်ဓာတ်အား ရရှိရေးဆက်သွားကျေးရွာနှင့် ဗိဿနိုးရှေးဟောင်းယဉ်ကျေးမှုနယ်မြေအနီးတွင် တည်ဆောက်မည့် ၆၆ ကေဗွီဓာတ်အားခွဲရုံမြေနေရာအား ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**၅၈၀**

## ရေဦးမြို့စည်ပင်ဈေးကြီး၌ စားသုံးသူကာကွယ်ရေး အသိပညာပေးဟောပြောခြင်းနှင့် ဓာတုဆေးဝါးများ ပါဝင်သောစားသောက်ကုန်များ ရောင်းချခြင်းရှိ မရှိ ဈေးကွက်တွင်းမှ ဝယ်ယူစစ်ဆေး

**ရေဦး ဇွန် ၁၉**
စစ်ကိုင်းတိုင်းဒေသကြီး အစားအသောက်နှင့်ဆေးဝါးများ ကွပ်ကဲရေးဦးစီးဌာနနှင့် ရေဦးမြို့နယ် စားသုံးသူရေးရာဦးစီးဌာနတို့ ပူးပေါင်း၍ ဇွန် ၁၆ ရက် နံနက် ၉ နာရီက ရေဦးမြို့ စည်ပင်ဈေးကြီး၌ စားသုံးသူကာကွယ်ရေး အသိပညာပေးဟောပြောပွဲ ပြုလုပ်ခဲ့ကြောင်း သိရသည်။

အသိပညာပေးဟောပြောပွဲတွင် မြို့နယ် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးကျော်ညွန့်ဆွေ၊ မြို့နယ်ကျန်းမာရေးဦးစီးဌာန ဒေါက်တာနိုင်လင်းထွန်းနှင့် ကျန်းမာရေးဝန်ထမ်းများ၊ ဈေးအကျိုးတော်ဆောင်များ၊ ဈေးသူ၊ ဈေးသား ၅၈ ဦး တက်ရောက်ကြရာ ကျန်းမာရေးအသိပညာအဖွဲ့ တာဝန်ရှိသူများက အစားအသောက်၊ ဆေးဝါး၊ ဆေးပစ္စည်းများနှင့် အလှကုန်ပစ္စည်းများအကြောင်းနှင့် ကျန်းမာရေးဝန်ကြီးဌာနက တရားဝင်ထုတ်ပြန်ကြေညာထားသော စားသုံးရန်မသင့်သည့် စားသောက်ကုန်အမျိုးအမည်ပေါင်း ၁၅၂ မျိုး အကြောင်းကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

ဆက်လက်ပြီး ပညာပေးအဖွဲ့နှင့်ကျန်းမာရေးဝန်ထမ်းများက စားသုံးရန်မသင့်သည့် စားသောက်ကုန် ပစ္စည်းအမျိုးအမည်များ အကြောင်းရေးသားထားသည့် ပညာပေး လက်ကမ်းစာစောင်များကိုလည်း အခမဲ့ဖြန့်ဝေပေးကြသည်။

ဆက်လက်ပြီး ပညာပေးအဖွဲ့သည် ဈေး၌ လက်ရှိရောင်းချလျက်ရှိသော အချိုရည်၊ သရက်ပေါင်း၊ ငရုတ်ဆီ၊ ယိုစုံနှင့် ဆီတို့ဟူး တို့ကိုဓာတ်ခွဲခန်းတွင်စမ်းသပ် စစ်ဆေးရန် ဝယ်ယူခဲ့ပြီး စားသုံးရန်မသင့်ပါက စမ်းသပ်စစ်ဆေးချက်မှထွက်လာသည့် အဖြေရလဒ်ကိုလည်း ပြန်လည်အသိပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သမ်းထိုက်(ရေဦး)**

## မိုးနဲမြို့၌ ရက် ၁၀၀ စီမံချက် ဌာနဆိုင်ရာများ ပူးပေါင်း

**မိုးနဲ ဇွန် ၁၉**
ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးခရိုင် မိုးနဲမြို့နယ်တွင် ဌာနဆိုင်ရာများ၏ ရက် ၁၀၀ စီမံချက်အလိုက် နယ်လှည့်ကွင်းဆင်း ဟောပြော လုပ်ငန်းဆောင်ရွက်ခြင်း အခမ်းအနားကို မိုးနဲမြို့ ဥယျာဉ်ရပ်ကွက် ဘုန်းတော်ကြီးကျောင်းဓမ္မာရုံ၌ ဇွန် ၁၇ ရက် နံနက် ၉ နာရီက ပြုလုပ်ခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် မိုးနဲမြို့နယ်အုပ်ချုပ်ရေးမှူး ဦးလှထွဋ်က အဖွင့်အမှာစကား ပြောကြားပြီး မြို့နယ်ရဲတပ်ဖွဲ့မှူး ယာယီရဲမှူး ဝင်းနိုင်က မူးယစ်ဆေးဝါးထုတ်လုပ်သူ၊ ရောင်းဝယ်ဖြန့်ဖြူးသူ၊ သုံးစွဲသူများနှင့် သက်ဆိုင်သော ပြစ်မှုနှင့်ပြစ်ဒဏ်များကိုလည်းကောင်း၊ မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာန ဦးစီးမှူး ဦးငိုဘွယ်က မျိုးကောင်းမျိုးသန့်ရွေးချယ် အသုံးပြုစိုက်ပျိုးရေး၊ ရာသီဥတု ဖောက်ပြန်မှုနှင့် ပိုးသတ်ဆေး၊ ပေါင်းသတ်ဆေးများအား စနစ်တကျကိုင်တွယ်သုံးစွဲရေးကိုလည်းကောင်း၊ မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဦးစီးမှူး ဦးအောင်ဆန်းဝင်းက တိရစ္ဆာန်များ ကူးစက်ရောဂါ ကာကွယ်ထိန်းသိမ်းရေးဆိုင်ရာ လုပ်ငန်းများကိုလည်းကောင်း၊ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးမျိုးညွန့်ရွှေက နယ်လှည့်၊ နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့် ဟောပြောပွဲများ ကျင်းပပေးခြင်းဖြင့် ပြည်သူများ အသိပညာဖွံ့ဖြိုးတိုးတက်စေနိုင်ခြင်းကိုလည်းကောင်း အသီးသီးဟောပြောရှင်းလင်းပေးခဲ့ကြသည်။

ယင်းနောက် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက အခမဲ့ထုတ်ဝေသော သတင်းစကား လက်ကမ်းစာစောင်နှင့် ချိတ်ဆွဲပြသဆောင်ရွက်ထားသော အသိပညာပေး နံရံကပ်စာစောင်များကို ပြည်သူများက စိတ်ဝင်စားစွာကြည့်ရှုလေ့လာခဲ့ကြပြီး မွန်းလွဲပိုင်းတွင် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ ဆရာမကြီး ဒေါ်နော်ကဖော်စေး နှင့်အဖွဲ့က ဒေသခံပြည်သူ ၅၅ ဦးအား လိုအပ်သော ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

## ဘက်ရဲမြို့တွင် ပြည်ထဲရေးဝန်ကြီးဌာန ဝန်ထမ်းများ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်

**ကြံခင်း ဇွန် ၁၉**
ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် ကြံခင်းမြို့နယ် ဘက်ရဲမြို့တွင် မိုးသည်းထန်စွာရွာသွန်းပြီး ရပ်ကွက်အချို့ ရေကြီးနစ်မြုပ်ခြင်းခံခဲ့ရပြီး မိုးရေများပြန်လည်ကျဆင်းချိန်တွင် တင်ကျန်ခဲ့သော ရွှံ့နုန်းအနယ်များနှင့် အမှိုက်များကို ဇွန် ၁၆ ရက်က ပြည်ထဲရေးဌာနလက်အောက်ခံ ဝန်ထမ်းမိသားစုများ စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြသည်။

အဆိုပါ စုပေါင်းသန့်ရှင်းရေး လုပ်ဆောင်ပွဲသို့ ဟင်္သာတခရိုင်အုပ်ချုပ်ရေးမှူးဦးစန်းဌေးနှင့် ကြံခင်းမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဖြိုးမင်းထိုက် ဦးဆောင်သော အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနဝန်ထမ်းများ၊ ကြံခင်းမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးအောင်ကို ဦးဆောင်သော ရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်တပ်ဖွဲ့မှူး ဦးစောမင်းကျော် ဦးဆောင်သော မီးသတ်တပ်ဖွဲ့ဝင်များ စုစုပေါင်း အင်အား ၁၅၀ တို့သည် ဘက်ရဲမြို့ တာကြီးတန်း ရပ်ကွက် သီရိမင်္ဂလာမိုလ်းကောင်းဘုရား တန်ဆောင်းတော်ကြီးနှင့် အမှတ်(၁)ရပ်ကွက် ကျောင်းကြီးကျောင်းတိုက်ဓမ္မာရုံတော်ကြီး ဝင်းအတွင်းနှင့်အပြင်ဘက်တို့အား စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများကို လုပ်ဆောင်ခဲ့ကြသည်။

အဆိုပါ မိုးရေဝင်ရောက်မှုကြောင့် ရေများပြန်လည်ကျဆင်းသွားချိန်တွင် ဖြစ်ပွားတတ်သော ရောဂါများ ကာကွယ်စောင့်ရှောက်ရန်နှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ဆောင်ရွက်ရန် ဟင်္သာတခရိုင် အထွေထွေဆေးရုံကြီးမှ အထူးကုဆရာဝန်ကြီးများဦးဆောင်သောအဖွဲ့က ဇွန် ၁၇ ရက်တွင်ဘက်ရဲတိုက်နယ်အတွင်း အခမဲ့ကွင်းဆင်း၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကိုလည်း ဆောင်ရွက်ခဲ့ကြောင်းသိရသည်။

**ခရိုင်ပြန်/ဆက်(ဟင်္သာတ)**



## စဉ့်ကိုင်မြို့နယ်တွင် မြို့သန့်ရှင်းသာယာလှပရေးလုပ်ငန်းများဆောင်ရွက်

**စဉ့်ကိုင် ဇွန် ၁၉**
မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် မြို့သန့်ရှင်းသာယာလှပစေရေးအတွက် ရန်ကုန်-မန္တလေးလမ်းမကြီးပေါ်တွင် ကပ်တိုးများကို ဆေးသုတ်ခြင်း၊ မြသီတာပန်းခြံအား ခြံစည်းရိုးကာရံခြင်း၊ စဉ့်ကိုင်မြို့ အတွင်းရှိ လမ်းများ၊ လမ်းညွှန်ဆိုင်းဘုတ်များကို ဇွန် ၁၈ ရက် နံနက် ၉ နာရီက ပြုလုပ်ပေးခဲ့ကြောင်း သိရသည်။

စဉ့်ကိုင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ရန်ပုံငွေကျပ် ၁၅ သိန်း အကုန်အကျခံကာ ရန်ကုန်-မန္တလေးလမ်းမကြီးပေါ်ရှိ ကပ်တိုးများကို ဆေးသုတ်ခြင်းများ ဆောင်ရွက်ပေးခဲ့သည်။ ငွေကျပ် ၁၅ သိန်း အကုန်အကျခံကာ မြသီတာပန်းခြံ ခြံစည်းရိုးကာရံပြုပြင်ပေးခြင်းများ ဆောင်ရွက်ပေးခြင်းနှင့် ငွေကျပ် ၁၅ သိန်းအကုန်အကျခံကာ စဉ့်ကိုင်မြို့တွင်းလမ်းများကို ၂ ပေ၊ ၆ လက်မအရွယ်ရှိ လမ်းညွှန်ဆိုင်းဘုတ် ၅၀ ပြုလုပ်ပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါ စဉ့်ကိုင်မြို့တွင်းလမ်းမများကို လမ်းညွှန်ဆိုင်းဘုတ်များ ပြုလုပ်ပေးခြင်းကြောင့် မြို့တွင်းအဓိကလမ်းများဖြစ်သည့် ဗိုလ်တေဇလမ်းနှင့် လမ်းသွယ်များကို သိရှိနိုင်၍ မြို့ပေါ်ရပ်ကွက်လမ်းများ အလွယ်တကူသိရှိပြီး လျှင်မြန်စွာဖြတ်သန်းသွားလာနိုင်မည်ဖြစ်ကြောင်း စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးစိုးအောင်က ပြောသည်။

**တင်တင်ထွေး(စဉ့်ကိုင်)**

# တိုက်ကြီးမြို့နယ် ဆောက်လုပ်ရေး ဝန်ကြီးဌာနပိုင် လမ်းနယ်အတွင်းရှိ ကျူးကျော်နေအိမ်များ၊ ဈေးဆိုင်ခန်းများ ဖယ်ရှားရန် စာထုတ်

**တိုက်ကြီး ဇွန် ၁၉**

ရန်ကုန်မြောက်ပိုင်းခရိုင် တိုက်ကြီးမြို့နယ်အတွင်း ဆောက်လုပ်ရေးဌာနပိုင် လမ်းနယ်အတွင်း ကျူးကျော်ဆောက်လုပ်ထားသည့်အိမ်၊ ဈေးဆိုင်ခန်းများ ဖယ်ရှားရန် မေ ၂၈ ရက်တွင် တစ်ကြိမ်၊ ဇွန် ၁၄ ရက်တွင်တစ်ကြိမ် စာထုတ်၍ တစ်ပတ်အတွင်း အမြန်ဆုံးဖယ်ရှားပေးရန် အကြောင်းကြားစာများ ပေးပို့ထားကြောင်း ဆောက်လုပ်ရေး ဦးစီးဌာန ရုံးထံမှ သိရသည်။

တိုက်ကြီးမြို့နယ် လမ်းဦးစီးဌာနမှ တာဝန်ယူ ဆောင်ရွက်နေသော ရန်ကုန်-ပြည်လမ်းတွင် ၃၆၂ ဆိုင်၊ တိုက်ကြီး-ဖောင်ကြီး-ပဲခူးလမ်းတွင် ၇၅ ဆိုင်နှင့် တိုက်ကြီး-ဥတို-ချောင်းသုံးခွ လမ်းတွင် ၁၉၃ ဆိုင်တို့အား အကြောင်းကြားစာများ ပေးပို့ထားကြောင်း တိုက်ကြီးမြို့နယ် ဆောက်လုပ်ရေး ဦးစီးဌာနရုံး တာဝန်ရှိသူ ဒေါ်စန်းစန်းဌေးက ပြောသည်။

မည်သူမဆို ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၏ ခွင့်ပြုချက်မရှိဘဲ ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရသူကို ထောင်ဒဏ်သုံးနှစ် အထိဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်နိုင်ကြောင်း ပြစ်မှုဆိုင်ရာ ဥပဒေအရ သိရသည်။

**ထွန်းလှိုင်(မြိုင်)**

## အများပြည်သူအန္တရာယ်ကင်းရှင်းရေး ဆေးနှင့် ဆေးပစ္စည်းအရောင်းဆိုင်များအား ဝင်ရောက်စစ်ဆေး



**ညောင်တုန်း ဇွန် ၁၉**

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့ မြို့မဈေးကြီးအတွင်း၌ တိုင်းရင်းဆေးနှင့် ဆေးပစ္စည်းအရောင်းဆိုင်များအားဆေးဝါး အန္တရာယ်ကင်းရှင်းစေရေးအတွက် မြို့နယ် တာဝန်ရှိသူများ ပူးပေါင်းပါဝင်သောအဖွဲ့က ဇွန် ၁၇ ရက်က ရှောင်တခင်ဝင်ရောက် စစ်ဆေးခြင်းများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

မြို့မဈေးကြီးအတွင်းရှိ အများပြည်သူများအား ရောင်းချနေသော ဆေးပစ္စည်းဆိုင်များတွင် ရောင်းချနေသည့် တိုင်းရင်းဆေးနှင့် ဆေးဝါးပစ္စည်းများသည် မှတ်ပုံတင်ထားသော ဆေးဝါးအစစ်များသာ ရောင်းချရေး၊ ရောင်းချနေသောဆေးဝါး ပစ္စည်းများ အန္တရာယ်ကင်းရှင်းရေး၊ မှတ်ပုံတင်ထားခြင်းမရှိသော ဆေးဝါးများမရောင်းချရေး၊ သက်တမ်းလွန်ဆေးပစ္စည်းများ မရောင်းချစေရေး၊ ဆေးဝါးပစ္စည်းများ စံချိန်စံညွှန်းနှင့်အညီ ရောင်းချနိုင်ရေးအတွက် မြို့နယ်တိုင်းရင်းဆေးဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှူးရုံး၊ မြို့နယ်ကျန်းမာရေးဌာနနှင့် မြို့နယ်စည်သာယာရေးအဖွဲ့မှ တာဝန်ရှိသူများနှင့် ပူးပေါင်းပါဝင်သောအဖွဲ့က အသိပညာပေးဆွေးနွေးရှင်းလင်းမှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှောင်တခင်ဝင်ရောက်စစ်ဆေးခြင်းနှင့်အတူ ဆေးပစ္စည်းရောင်းချနေသူများ အနေဖြင့် အများပြည်သူများ၏ ကျန်းမာရေးကိုထိခိုက်စေမည့် ဆေးပစ္စည်းများ ရောင်းချမှုမရှိစေရန်နှင့် မူးယစ်ထုံထိုင်းဖြစ်စေသော တရားမဝင်ဆေးဝါးများ မရောင်းချစေရေးအတွက် အသိပညာပေးဆွေးနွေးမှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

**ထွန်းကျော်(ညောင်တုန်း)**

## ရှာမာရီလူမှုရေးအသင်း(ကသာ)မှဦးစီး၍ လျှပ်တစ်ပြက်ကယ်ဆယ်ရေးသင်တန်း ကသာမြို့တွင် ဖွင့်လှစ်သင်ကြားမည်

**ကသာ ဇွန် ၁၉**

လျှပ်တစ်ပြက် ကယ်ဆယ်ရေးသင်တန်းကို ဇွန် ၂၆ ရက် နံနက် ၈ နာရီတွင် ကသာမြို့ မြို့တော်ခန်းမကြီး၌ ဖွင့်ပွဲပြုလုပ်မည်ဖြစ်ပြီး သင်တန်းကို ငါးရက်ကြာ ဖွင့်လှစ်မည်ဖြစ်ပြီး တက်ရောက်လိုသူများကို စာရင်းကောက်ခံသွားမည်ဖြစ်သည်။ သင်တန်းတွင် လမ်းမကြီးများပေါ်၌ ယာဉ်တိုက်မှု၊ ဧရာဝတီမြစ်အတွင်း ရေနစ်မြုပ်ခြင်း၊ လေဖြတ်၊ နှလုံးခုန်ရပ်ဖြစ်သူများကို ကယ်ဆယ်ပြုစုနည်းများလက်တွေ့သရုပ်ဆောင်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

သင်တန်းကာလ ဇွန် ၂၇ မှ ဇူလိုင် ၁ ရက်ထိ နံနက် ၈ နာရီမှမွန်းတည့်၁၂ နာရီထိတစ်ကြိမ်၊ မွန်းလွဲ ၁ နာရီမှ ညနေ ၄ နာရီထိတစ်ကြိမ် တစ်ရက်ကိုနှစ်ကြိမ် သတ်မှတ်ထားသည်။ အချိန်ပြည့်တက်ရောက်သည့် သင်တန်းသားများကို အောင်လက်မှတ်ချီးမြှင့်ပေးကာ ထူးချွန်သူများကို နိုင်ငံတကာကယ်ဆယ်ရေး သင်တန်းသို့ တက်ရောက်နိုင်ရန် ချိတ်ဆက်ကူညီပေးသွားမည်ဖြစ်သည်။

အဆိုပါသင်တန်းသို့ လူမျိုး၊ ဘာသာမရွေး တက်ရောက်နိုင်ပြီး သင်တန်းနည်းပြ ဆရာများအဖြစ် ရန်ကုန်မြို့ နာရေးကူညီမှုအသင်းဥက္ကဋ္ဌဦးကျော်သူနှင့်အဖွဲ့မှ လေ့ကျင့်သင်တန်းပေးသွားမည်ဖြစ်သည်။ ယင်းသင်တန်းနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက ရှာမာရီလူမှုကူညီရေးအသင်း(ကသာ) သို့ဖုန်း ၀၉၄၇၁၂၁၁၇၉ နှင့် ၀၉၇၈၉၅၇၆၆၁ သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။

**ဝိဇ္ဇာ(ကသာ)**

## အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ စာရေးဝန်ထမ်းများ လုပ်ငန်းခွင်စွမ်းဆောင်ရည်မြှင့်မားရေးသင်တန်းဆင်း

**ထီးချိုင့် ဇွန် ၁၉**

ကသာခရိုင် ထီးချိုင့်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ စာရေးဝန်ထမ်းများ လုပ်ငန်းခွင်စွမ်းဆောင်ရည်မြှင့်မားရေးသင်တန်းဆင်းပွဲကို အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအစည်းအဝေးခန်းမ၌ ပြုလုပ်ခဲ့သည်။

သင်တန်းဆင်းပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူးဦးစည်သူနေမျိုးက အဖွင့်အမှာစကားပြောကြားရာ၌ မိမိတို့ဌာန စာရေးဝန်ထမ်းများသည် အခြေခံအကျဆုံး အုပ်ချုပ်ရေးအဖွဲ့ဝင်များဖြစ်ကြောင်း၊ ပြည်သူနှင့်ပိုမိုထိတွေ့ဆက်ဆံရသူများဖြစ်ကြောင်း၊ ပြောင်းလဲလာသော ခေတ်စနစ်နဲ့အညီ ပြည်သူကိုမျက်နှာမူသောလုပ်ငန်းများဆောင်ရွက်ရာတွင် မိမိတို့ဝန်ထမ်းများ၏ လုပ်ငန်းစွမ်းဆောင်ရည်မြှင့်မားစေရန်အတွက် ယခုလိုသင်တန်းများဖွင့်လှစ်ပေးခြင်းဖြစ်ကြောင်း၊ သင်တန်းမှရရှိသော စာတွေ့များကို မိမိတို့တာဝန်ထမ်းဆောင်သည့်ဒေသတွင် လက်တွေ့ဆောင်ရွက်စေလိုကြောင်းနှင့် ကိုယ်ပိုင်စွမ်းရည်မြှင့်မားစေရေးလေ့ကျင့်ပေးသည့်အနေဖြင့် စာများများဖတ်ကြရန် တိုက်တွန်းလိုကြောင်းတို့ကိုပြောကြားခဲ့သည်။

ယင်းနောက်သင်တန်းသားတစ်ဦးဖြစ်သူ ဦးမြလွင်က သင်တန်းအတွေ့အကြုံများနှင့်ရရှိသည့်အကျိုးကျေးဇူးများကိုရှင်းလင်းပြောကြားခဲ့သည်။

အဆိုပါသင်တန်းတွင်အခွန်ဆိုင်ရာသိကောင်းစရာများ၊ ဥပဒေရေးရာများ၊ မြေယာစီမံခန့်ခွဲမှုများ၊ အိမ်ထောင်စုလူဦးရေစာရင်းနှင့်နိုင်ငံသားစိစစ်ရေးလုပ်ငန်းများနှင့် မိခင်ဌာနလုပ်ငန်းများကို သက်ဆိုင်ရာဌာနများက ပို့ချခဲ့ကြပြီး သင်တန်းသား၊ သင်တန်းသူ ၃၉ ဦး တက်ရောက်ခဲ့ကြကြောင်းနှင့် သင်တန်းကာလမှာ ၁၀ ရက်ကြာမြင့်ခဲ့ကြောင်း သိရသည်။

**စောကလျာ (ထီးချိုင့်)**

## ရက် ၁၀၀ စီမံချက်အရ အားကစားဆိုင်ရာ အသိပညာပေး ဟောပြော

**ဘူးသီးတောင် ဇွန် ၁၉**

အားကစားဆိုင်ရာ အသိပညာပေးဟောပြောပွဲအခမ်းအနားကို ဇွန် ၁၇ ရက် နံနက် ၁၀ နာရီခွဲတွင် လက်ဝဲဒက်ပုဇွန်ချောင်း အခြေခံပညာအထက်တန်းကျောင်းခန်းမဆောင်၌ပြုလုပ်ခဲ့ကြောင်းသိရသည်။

ယင်းနေ့ကပြုလုပ်သော ဟောပြောပွဲသို့မောင်တောခရိုင် အားကစားနှင့်ကာယပညာဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်သီသီရှိန်နှင့်အဖွဲ့ဝင်များ၊ ဘူးသီးတောင်မြို့နယ် အားကစားနှင့်ကာယပညာဦးစီးဌာန မြို့နယ်တာဝန်ခံ ဒေါ်နီလာဝင်းနှင့် တာဝန်ရှိသူများ၊ ကျောင်းအုပ်ဆရာမကြီးနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ခဲ့ကြသည်။

ရှေးဦးစွာ မောင်တောခရိုင် အားကစားနှင့် ကာယပညာဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်သီသီရှိန်က အဖွင့်အမှာစကားပြောကြားပြီး မောင်တောမြို့နယ် အားကစားနှင့်ကာယပညာဦးစီးဌာန ဦးစီးအရာရှိနှင့် ဘူးသီးတောင်မြို့နယ်တာဝန်ခံ ဒေါ်နီလာဝင်းတို့က အားကစားနှင့်ပတ်သက်သည့် ကစားပုံ၊ ကစားနည်းများ၊ အားကစားပြုလုပ်ခြင်းဖြင့် ရရှိလာမည့် အကျိုးကျေးဇူးများကို အကျယ်တဝင့် ဟောပြောခဲ့ကြသည်။

ယင်းနောက် မောင်တောခရိုင် အားကစားနှင့် ကာယပညာဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများက လက်ဝဲဒက်ပုဇွန်ချောင်း အခြေခံပညာအထက်တန်းကျောင်းအတွက် အားကစားပစ္စည်းများဖြစ်သည့် ဘောလုံး၊ ခြင်းလုံး၊ ဘော်လီဘော၊ ဘော်လီဘောပိုက်၊ ပိုက်ကျော်ခြင်းပိုက်တို့ကိုပေးအပ်ရာ ကျောင်းအုပ်ဆရာမကြီးက လက်ခံရယူခဲ့ကြောင်း သိရသည်။

**ဘူးသီးတောင်မြို့နယ် (ပြန်/ဆက်)**



## ကွန်ဟိန်းမြို့နယ်တွင် မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ချေး

**ကွန်ဟိန်း ဇွန် ၁၉**

ရှမ်းပြည်နယ်(တောင်ပိုင်း) ကွန်ဟိန်းမြို့နယ် အတွင်းမှ တောင်သူများအတွက် မိုးစပါးနှင့် အခြားသီးနှံမျိုးစုံ စိုက်ပျိုးနိုင်ရေး မိုးရာသီ စိုက်ပျိုးစရိတ်ကို မြန်မာ့လယ်ယာဖွံ့ဖြိုးရေး ဘဏ်မှ မြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာအုပ်စုများမှ တောင်သူများကို မိုးစပါးတစ်ဧကလျှင်ငွေကျပ်တစ်သိန်းခွဲနှုန်းဖြင့် ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

ထို့ပြင် စပါးဧက ၆၂၀ အတွက် ဇွန် ၁၆ ရက်မှစ၍ ဇွန် ၁၇ ရက်ထိ တောင်သူများကို ချေးငွေကျပ်သိန်းပေါင်း ၉၃၀၀၀၀၀၀ အထိထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

ချေးငွေများထုတ်ပေးရာတွင်တောင်သူများအား ချေးငွေများဆိုင်ရာစည်းကမ်းချက်များနှင့် အကျိုးရှိစွာသုံးစွဲကြရန် မြို့နယ်မန်နေဂျာက ပြောသည်။

**ကွန်ဟိန်း(ပြန်/ဆက်)**

## ရွှေကျင် မဒေါက် စစ်တောင်းမြစ်ကူးတံတားတွင် ယာဉ်ဖြတ်သန်းခ ဖြတ်ပိုင်းမပေးဘဲ ကောက်ခံနေ

**ရွှေကျင် ဇွန် ၁၉**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ်နှင့် ရွှေကျင်မြို့နယ် ဆက်သွယ်သည့် စစ်တောင်းမြစ်ကူး မဒေါက်တံတားမှာ အစိုးရသစ်တက်လာပြီးနောက် တံတားဖြတ်သန်းခကင်းလွတ်ခွင့်ပြုခဲ့ပြီးဖြစ်သော်လည်း ယာဉ်များတံတားဖြတ်သန်းခကို ဖြတ်ပိုင်းမပေးဘဲ ဆက်လက်ကောက်ခံနေကြောင်း ဒေသခံများကပြောသည်။

“မေလထဲမှာ ရွှေကျင်ကိုသွားတော့ ကားလေး တံတားကူးခဆိုပြီး တံတားဂိတ်ထဲမှာထိုင်နေတဲ့ အမျိုးသမီးနှစ်ယောက်က လှမ်းတောင်းတယ်။ ကားကလွန်သွားတော့ မပေးဖြစ်ခဲ့ဘူး” ဟု လွန်ခဲ့သောလက မဒေါက်တံတားဖြတ်သန်းခဲ့သူ ဦးသန်းထွန်းက ပြောသည်။

“ဒီ ဇွန်လထဲမှာပဲ လွန်ခဲ့တဲ့နှစ်ရက်လောက်က ဆလွန်းကားလေးနဲ့ ဖြတ်တော့ တံတားဂိတ်ထဲက အမျိုးသမီးနှစ်ယောက် ထွက်တောင်းလို့ တံတားကူးခ ကျပ် ၅၀၀ ပေးလိုက်ရတယ်။ ဖြတ်ပိုင်းတော့ ပြန်မပေးဘူး” ဟု ယာဉ်မောင်းကိုဖြိုးကလည်း သူကြုံဆုံခဲ့ရသော တံတားဖြတ်သန်းခပေးခဲ့ရပုံကို ပြောသည်။

“နိုင်ငံပိုင်သတင်းစာတွေမှာ တံတားဖြတ်သန်းခ မကောက်ခံရတော့ဘူးဆိုပြီး အခုပေးနေရတယ်ဆိုတော့ သက်ဆိုင်ရာက သေချာစိစစ်ဆောင်ရွက်စေချင်ပါတယ်” ဟု ဦးသန်းထွန်းက ဆက်ပြောသည်။ (၁၂၂)

ကြေးမုံ

ဇွန် ၂၀၊ ၂၀၁၆

# ကိုယ်ကျင့်တရားနှင့် ကိုယ်ကျင့်သိက္ခာ

**à မြန့်ဂုဏ်ဆောင်**

ကိုယ်ကျင့်တရား . . . ကိုယ်ကျင့်သိက္ခာ . . .

ကိုယ်တိုင်ကျင့်မှ ကြံမှ ရသောတရားဖြစ်သည်။ လူသားတိုင်းက မိမိ၏ဘဝရည်မှန်းချက် ပြီးပြည့်စုံအောင် ဘဝလမ်းတစ်လျှောက် လမ်းလျှောက်နေစဉ် လမ်းမပျောက်ရအောင် ရှက်ဆောင်ရမည့်၊ ကျင့်ကြံရမည့် တရားမှာ ကိုယ်ကျင့်တရား၊ ကိုယ်ကျင့်သိက္ခာ၊ စာရိတ္တပင်ဖြစ်သည်။

ကိုယ့်ကျင့်တရား၊ ကိုယ်ကျင့်သိက္ခာ စာရိတ္တမဏ္ဍိုင် အခြေခိုင်မှ ဘဝလုပ်ငန်း အောင်မြင်မည်။ ကိုယ်ကျင့်တရားကို ထိုက်ထိုက်တန်တန် ရယူပိုက်ထွေးနိုင်အောင် ကိုယ်တိုင်က စိတ်တန်ခိုးစွမ်းရည်ကို မြင့်မားအောင် ပြုစုပျိုးထောင်ရပါမည်။ စိတ်သန္တာန်ဝယ် တည်ကြည်မှုဂုဏ်၊ ယုံကြည်မှုဂုဏ်၊ အားထားနိုင်မှုဂုဏ်၊ သစ္စာရှိမှုဂုဏ်၊ သတ္တိရှိမှုဂုဏ်များကို ငယ်စဉ်ကပင် စိတ်ကို ပြုပြင်ထိန်းသိမ်းရပါမည်။

စိတ်ကို လွှတ်ထား၍မရ။ 'စိတ္တေန နိယျတေ လောကော' စိတ်ကလောကကြီးကို ရှေ့ဆောင်ကြောင်း မြတ်ဗုဒ္ဓက လူသားအသိ၏ခေါင်ချုပ်ကို ညွှန်းဆိုဟောကြားခဲ့ပြီးဖြစ်သည်။ စိတ်ကို ပြုစုပျိုးထောင်ရာတွင် ပညာရှင်တို့၏ အဆုံးအမကို ခံယူရပါမည်။ စာကောင်းပေကောင်းများကို ဖတ်၊ မှတ်၊ ကျင့်ကြံရပါမည်။ ကိုယ်အမူအရာ၊ နှုတ်အမူအရာ၊ စိတ်အမူအရာများကို လေးစားဂုဏ်ယူသင့်သည်။

မိမိ၏ စိတ်သန္တာန်ဝယ် အမှန်တရားကို ပြောနိုင်ရမည်။ ရိုးသားဖြူစင်ရမည်။ အကုသိုလ်ကို ဖြစ်စေသော လိမ်ညာလှည့်စားမှု၊ ခိုးဝှက်ရယူမှုတို့ကိုရှောင်နိုင်ရမည်။ 'လွယ်လျှင် သူကြွယ်ပင် သူခိုး' ဖြစ်နိုင်သော လူ့စိတ်သန္တာန်ဝယ် လူသားပီသအောင် လူသားဆန်အောင် နေထိုင်ခြင်းဖြင့်သာ ဘဝအောင်မြင်ကျော်လွှားရပါမည်။

ဘဝပတ်ဝန်းကျင်မှ လူသားတို့နှင့် ဆက်ဆံပေါင်းသင်းရာဝယ် တာဝန်ယူမှု၊ တာဝန်ခံမှု၊ တာဝန်သိမှုကို လေ့ကျင့်ရယူရပါမည်။ အသေးအဖွဲ့ကိစ္စကလေးကပင် တစ်ပါးသူယုံကြည်ကိုးစားအောင် ရယူပိုက်ထွေးနိုင်အောင် ကြိုးစားရပါမည်။

မိတ်ဆွေအများစုထဲမှ မိတ်ဆွေကောင်းတစ်ဦးအဖြစ် ထိုက်ထိုက်တန်တန် ခံယူနိုင်အောင် မိမိကိုယ်တိုင်က ပတ်ဝန်းကျင်က လူသားတစ်ဦးအနေဖြင့် မိတ်ကောင်းဆွေကောင်းပီသအောင်နေဖို့လိုသည်။

မိမိ မိသားစု၊ မိမိဆွေမျိုး၊ မိမိပတ်ဝန်းကျင်တွင် သစ္စာရှိနိုင်ရမည်။ ယုံကြည်ကိုးစားမှုကို ရယူနိုင်ရမည်။ စကားကို နည်းနိုင်သမျှ နည်းအောင် ကြိုးစားကျင့်ကြံပြီး ဆိုခဲစေ မြဲစေဖြစ်ဖို့ လိုသည်။

အချို့စကားကို ပေါ့ပေါ့ဆဆပြောဆိုတတ်သည်။ နှုတ်ဝစီကျူးတတ်သည်။ ကပျက်ယပျက် ပြောတတ်သည်။ နောက်ပြောင်လိမ်လည်တတ်သည်။ နှုတ်ဝစီမှ စကားတစ်ခွန်းကို တန်ဖိုးရှိစွာ ပြောဆိုလေ့မရှိသောသူကို ပတ်ဝန်းကျင်မှ နောင်ကိုလည်း ယုံကြည်မှုကင်းသွားနိုင်သည်။ နည်းသွားနိုင်သည်။

ပုထုဇဉ် လူသားဝန်းကျင်တွင် ကျင်လည်ကျက်စားနေရသော လူသားများသည် အခက်အခဲ၊ ပြဿနာ၊ ဆင်းရဲဒုက္ခကို မလွဲမသွေ ရင်ဆိုင်ကြရမည်သာဖြစ်သည်။ ပေါင်းသင်းဆက်ဆံရာဝယ် လေးစားမှု၊ တရားမျှတမှု၊ လက်ခံရယူနိုင်မှု၊ အပြန်အလှန်လေးစားမှု၊ အပြန်အလှန်ယုံကြည်မှု၊ အလွှာတစ်ခုချင်းစီနှင့် နှီးနွှယ်ဆက်ဆံရာတွင် တစ်ဦးချင်းစီအပေါ် ဂုဏ်သိက္ခာနှင့် ကျင့်ဝတ်ကို အပြန်အလှန် ယုံကြည်မှုပေးရမည်။ အထက်အောက်ဆက်ဆံရေးနယ်ပယ်တွင်ဖြစ်စေ၊ အလွှာမတူဆက်ဆံရေးတွင်ဖြစ်စေ မိမိက အထက်စီးဆင်ပေါ်က လူအဖြစ် မနင်းမိဖို့လိုသည်။

လူသားတိုင်းက လူသားသိက္ခာ၊ လူသားဂုဏ်၊ လူသားတန်ဖိုးကို အပြန်အလှန် အသိအမှတ်ပြုနိုင်ရပါမည်။ မိမိလုပ်အား၊ မိမိစွမ်းရည်ဖြင့် ရယူပိုက်ထွေးပိုင်ဆိုင်ထားသော ဝတ္ထုပစ္စည်းရုပ်ဒြပ်များကိုသာ တန်ဖိုးထားပြီး တစ်ပါးသူပိုင်ဆိုင်ထားသော ဝတ္ထုပစ္စည်း ရုပ်ဒြပ်များကိုလည်း အသိအမှတ်ပြုနိုင်ရပါမည်။

လူ့ဘဝတွင် ပြိုင်ဆိုင်မှု၊ ပဋိပက္ခအသွင်က အမြဲဆောင်တတ်ပါသည်။ ဝိရောဓိတရားကိုရင်ဆိုင်ရတိုင်း မိမိကိုယ်ကျင့်တရား၊ ကိုယ်ကျင့်သိက္ခာကို မြဲမြံအောင် ထိန်းဖို့လိုပါသည်။ ကြုံတွေ့လာသော အခက်အခဲပြဿနာ၊ အတိုက်အခံ၊ အဟန့်အတားများကို မလျှော့သောဇွဲ၊ လုံ့လ၊ ဝီရိယဖြင့် တုန့်ပြန်၍ အနိုင်ယူရပါမည်။

ဓမ္မဓိဋ္ဌာန်ကျကျ ရှုမြင်သုံးသပ်ပြီး အမှန်တရားကိုဖော်ဆောင်၍ မိမိဘဝရပ်တည်နေမှု အဆင့်အလွှာ အနေအထားမှ တစ်ဆင့်မြင့်မားအောင် ကြိုးစားအားထုတ်ကြရပါမည်။ ထိပ်တိုက်ရင်ဆိုင်လာသော လူပုဂ္ဂိုလ် အလွှာတစ်ခု၊ ဝန်းကျင်တစ်ခုကို မိမိ၏အလုပ်ဂုဏ်၊ မိမိ၏စွမ်းရည်၊ မိမိ၏ကိုယ်ကျင့်တရား၊ မိမိ၏ ကိုယ်ကျင့်သိက္ခာများဖြင့်သာ အမှန်ကန်ဆုံး တုံ့ပြန်ဝံ့ရပါမည်။

ရိုးဖြောင့်မှု ရိုးဂုဏ်သိက္ခာဖြင့်သာ ဝန်းကျင်ကိုအနိုင်ယူ သရဖူဆောင်းနိုင်အောင် ပြုကျင့်သင့်ပါသည်။ ပြိုင်ဘက်အပေါ် မတရားနည်းဖြင့် နစ်နာအောင် အဆင်းတွန်းကန်ချမှု၊ ပခုံးပေါ်တက်ခွမှု၊ ခေါင်းပေါ်တက်နင်းမှုများကို သွေဖည်ရှောင်ကြဉ်ရပါမည်။

မြတ်ဗုဒ္ဓက 'ကိုယ်ကျင့်တရား၊ ကိုယ်ကျင့်သိက္ခာ'အတွက် ရိုးဖြောင့်သောဂုဏ်ကို အမွှမ်းတင်ချီးကျူးခဲ့သည်။ 'မကောင်းမှုရှောင်၊ ကောင်းမှုဆောင်၊ ဖြူအောင်စိတ်ကို မွေး' ဟု ဆိုခဲ့သည်။

လူသားတစ်ဦးချင်းစီက ကိုယ်ကျင့်တရား၊ ကိုယ်ကျင့်သိက္ခာကို စောင့်ထိန်းသွားကြလျှင် ရိုးသားသော မိသားစု၊ ရိုးဖြောင့်ဂုဏ်ကိုပိုင်ဆိုင်သောမိသားစုဖြစ်မည်။ လူတစ်စု၊ အလွှာတစ်ခု၊ ဌာနတစ်ခု၊ ရုံးတစ်ရုံး၊ ဝန်ကြီးဌာနတစ်ခုချင်းစီက ကိုယ်ကျင့်တရား၊ ကိုယ်ကျင့်သိက္ခာဖြောင့်မတ်ပါက ကျေးရွာ၊ ရပ်ကွက်၊ မြို့နယ်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များသည် ခေတ်မီဖွံ့ဖြိုးတိုးတက်သွားမည်ဖြစ်သည်။

ကိုယ်ကျင့်တရား၊ ကိုယ်ကျင့်သိက္ခာအတွက် လိုအပ်သော 'စံ' မှာ ရိုးသားဖြောင့်မတ်ခြင်းဂုဏ်ပင် ဖြစ်သည်။ မလိမ်မကောက်၊ ဖြောင့်မတ်ခြင်းသဘော၊ သိမ်မွေ့အေးဆေးခြင်းသဘောကို ရိုးဂုဏ်ကဆောင်သည်။ လူသားတစ်ဦးချင်း၏ ကိုယ်ကျင့်တရား၊ ကိုယ်ကျင့်သိက္ခာက သူနှင့်ဆက်နွှယ်နေသောပတ်ဝန်းကျင်ကို ကောင်းကျိုးချမ်းသာပေးစွမ်းနိုင်သည်။

ကိုယ်ကျင့်တရား၊ ကိုယ်ကျင့်သိက္ခာ နယ်ပယ်မျက်နှာစာတွင် လူသားတစ်ဦးချင်းစီက မိမိအတွက် တန်ဖိုးမဖြတ်နိုင်သော ဂုဏ်သိက္ခာအဖြစ် မိမိကရိုးဖြောင့်မှုဂုဏ်ဖြင့် ဆက်ဆံပြလျှင် တစ်ဖက်လူသားနှင့် လူသားဝန်းကျင်ကလည်း မိမိအပေါ် ကိုယ်ကျင့်တရား၊ ကိုယ်ကျင့် သိက္ခာအတွက် ရိုးဖြောင့်ဂုဏ်ဖြင့် ပြန်လည်ပေးဆပ်ကြမည်သာဖြစ်သည်။

လူ့အလွှာ၊ လူသားဘဝကို အလေးထားနိုင်သော ကိုယ်ကျင့်တရား၊ ကိုယ်ကျင့်သိက္ခာကို မိမိခါးဝတ်ပုဆိုးကဲ့သို့ မြဲမြံစွာထားရှိပါက ကာယကံမှု၊ ဝစီကံမှု၊ မနောကံမှုများသည် အဖြူထည်သန့်သန့်ဖြစ်နိုင်သည်။

'ကိုယ်ကျင့်တရား၊ ကိုယ်ကျင့်သိက္ခာကောင်းရန် ရိုးဖြောင့်ခြင်းသည်သာ လူသားဝါ"ဟူ၍ သိုးဆောင်း စကားက ညွှန်းဆိုသည်။

မြတ်ဗုဒ္ဓက 'ဓမ္မောဟဝေ ရက္ခတိ ဓမ္မစာရိ' ကိုယ်က တရားကိုစောင့်လျှင် တရားက ကိုယ့်ကိုပြန်စောင့်ရှောက်မည်'ဟူ၍ ညွှန်းဆိုသည်။

ကိုယ်ကျင့်တရား၊ ကိုယ်ကျင့်သိက္ခာပြီးပြည့်စုံရန် လူသားက လူသားဆန်သော အသိဉာဏ်ကို ထိန်းချုပ်နိုင်ရန်၊ ရိုးရိုးကျင့် မြင့်မြင့်ကြံနိုင်ရန် 'ဟုတ်သောအကြံ၊ မှန်သောအကျင့်၊ သင့်သောအယူ၊ ဖြူသောနှလုံး၊ သူတော်ထုံးကို၊ စွဲသုံးသောထွေ မှန်လှစေ'ဟူ၍ အင်းဝခေတ်စာဆိုတော် ရှင်မဟာရဋ္ဌသာရ၏ လောကသာရပျို့တွင် မှတ်သားခဲ့ရသည်။

မြန်မာ့စာပေအကျော် ဆရာဇော်ဂျီက 'ရိုးဂုဏ်ဖြောင့်ဂုဏ်၊ ယဉ်ကျေးဂုဏ်သည်၊ လူ့ဘုံလောက၊ နှစ်သာရတည့်၊ သူကပြုစု၊ မကြည်ဖြူလည်း၊ ခွာယူမရ၊ ကွာမကျ'ဟူ၍ ကိုယ်ကျင့်တရား၊ ကိုယ်ကျင့်သိက္ခာကို ညွှန်းဖွဲ့ခဲ့သည်။

မြန်မာမှုနယ်ပယ်တွင် ဆိုရိုးစကားများဖြင့်သာ လောကကို ပဲ့ပြင်ထိန်းသိမ်း၍ လူမှုအလွှာ၊ လူမှုမျက်နှာစာကို အရောင်တောက်ပြောင်စေခဲ့သော ရှေးဆိုရိုးစကားများတွင် 'ရိုးရိုးကျင့် မြင့်မြင့်ကြံ၊ အရိုးဆုံးသည် အဆန်းဆုံး၊ ခရုမှာအဆံ လူမှာအကြံ၊ ကောက်သော် စားမလောက်၊ ဖြောင့်သော် စားမနိုင်၊ အကြံကောင်းလျှင် တစ်ခဏ ကံကောင်းလျှင် တစ်သက်၊ နှုတ်ကြောင့်ကြေ လက်ကြောင့်သေ'ဟူ၍ နှုတ်ဆင့်ကမ်းကာ ဆုံးမစကား ဆိုခဲ့ကြသည်။

ကောင်းမြတ်မွန်ရည်သော စိတ်နှလုံးသား ဖြင့် ကြီးကျယ်မြင့်မြတ်သော ကိုယ်ကျင့်တရား၊ ကိုယ်ကျင့်သိက္ခာကို တစ်ဦးချင်းက စောင့်ထိန်းပါက နိုင်ငံတော် တွင် လက်ညှိုးထိုးခံနေရသောအကျင့်ပျက် ခြစားမှု၊ အဂတိလိုက်စားမှု၊ လာဘ်ပေး လာဘ်ယူမှု စရိုက်ဆိုးများက ပပျောက် ဆိတ်သုဉ်းသွားနိုင်ပါသည် . . .

ကိုယ်ကျင့်တရား၊ ကိုယ်ကျင့်သိက္ခာကို ဖျက်ဆီးနိုင်သော စိတ်ဆိုးစိတ်ရိုင်းများကို နေရာတိုင်းတွင် တွန်းလှန်ထိန်းချုပ်ပါမှ ဒီမိုကရေစီလမ်းကြောင်းပေါ်မှ လူသားအား လုံးသည် တာဝန်ယူမှု တာဝန်သိမှု တာဝန် ခံမှုများကို လေ့ကျင့်ရယူသွားရမည်သာဖြစ် သည်။ မိမိ၏ရလိုမှုတစ်ခုတည်းကိုသာ ကွက်ကွက်ကလေးကြည့်၍ တောင်းဆိုမနေ ကြဘဲ မိမိကပြန်လည်ပေးဆပ်ရန်လိုအပ် သော လူမှုတာဝန်၊ လူမှုသိက္ခာ၊ လူမှုလိုအပ် ချက်ကို ဖြည့်ပေးနိုင်ဖို့လိုသည် . . .

အမိနိုင်ငံတွင် ခေတ်တစ်ခေတ်၊ ရာစုတစ်စု၌ မြန်မာတို့၏ ပကတိစိတ်ထား၊ မြန်မာ့စိတ်ဓာတ်မှန်များ ပပျောက်လုနီးပါးဖြစ်ခဲ့ရသည်။ ရုပ်ဒြပ်ဝတ္ထု၏ ဆွဲဆောင်မှုတွင် မြန်မာတို့၏ ပင်ကိုယ်စိတ်ထားများ ပပျောက်ကွယ်လွန်ပြီး ယဉ်ကျေးမှုမှားကာ လူမှုရေး၏ ဝါးမျိုမှုအောက်ဝယ် မြန်မာတို့၏ ပကတိစိတ်ထား၊ မြန်မာ့စိတ်ဓာတ်မှန်များ ဆိတ်သုဉ်းခဲ့ရသည်။ အချင်းချင်း သစ္စာမရှိမှု၊ ရိုးဖြောင့်မှုကင်းလာသည်။ ကိုယ်ကျင့်တရား၊ ကိုယ်ကျင့်သိက္ခာများ ဝါးမျိုဖျက်ဆီးခံခဲ့ရသည်။ ချစ်စဖွယ်၊ မြတ်နိုးခုံမင်ဖွယ်မူလဗီဇမွေးရာပါစိတ်ဓာတ်၊ အမူအကျင့်များကား ရုပ်ဝတ္ထုများ၏ဆန်းသစ်မှုများကြားဝယ် စုံးစုံးနစ်မြုပ်ခံခဲ့ရသည်။ မြန်မာတို့ အတုယူမှားခဲ့ကြသည်။

'သူတစ်ပါး၏နှလုံးသား ဝေဒနာကို နှစ်သိမ့်ခြင်းသည် ကိုယ့်ဝေဒနာကိုယ် မေ့ပျောက်စေခြင်းပင်'ဟူ၍ အမေရိကန်သမ္မတ အေဘရာဟမ်လင်ကွန်းက ညွှန်းဆိုခဲ့သည်။ နှလုံးသားချင်းထပ်တူကျလျှင် လူသားချင်း စာနာစိတ်ကရှိလာသည်။ ကောင်းမြတ်မွန်ရည်သော စိတ်နှလုံးသားဖြင့် ကြီးကျယ်မြင့်မြတ်သော ကိုယ်ကျင့်တရား၊ ကိုယ်ကျင့်သိက္ခာကို တစ်ဦးချင်းက စောင့်ထိန်းပါက နိုင်ငံတော်တွင် လက်ညှိုးထိုးခံနေရသော အကျင့်ပျက်ခြစားမှု၊ အဂတိလိုက်စားမှု၊ လာဘ်ပေးလာဘ်ယူမှု စရိုက်ဆိုးများက ပပျောက်ဆိတ်သုဉ်းသွား နိုင်ပါသည်။

အရာရာတွင် ငွေမျက်နှာကိုကြည့် ဈေးတွက်တွက်ကာ အကျိုးရှိသောအလုပ်ကိုသာ လုပ်ပြီး ပေးကမ်းစွန့်ကြဲရသောအမှုအကျင့်ကို ပြုလုပ်ရန် ငြင်းဆန်သောစိတ်၊ အတ္တစိတ်၊ မလိုလောဘစိတ်၊ မရိုးသားမှုများက လူ့အသိုင်းအဝိုင်း၊ လူ့အလွှာကို အကျည်းတန်အရုပ်ဆိုးစေပါသည်။

မြန်မာလူမျိုး၏ လူမျိုးသက်တမ်း နှစ်သန်း ၄၀ ကျော်ကာလရှည်ကြီးတွင် ကိုယ်ကျင့်တရား၊ ကိုယ်ကျင့်သိက္ခာ၊ ရိုးဖြောင့်ဂုဏ်တို့ဖြင့် လောကကြီးကို အကောင်းဆုံးအလှခြယ်ခဲ့ကြသည်။ သာယာဝပြောမှု သမာအာဇီဝ ပြည့်ဝမှုများစွာဖြင့်သာ တည်ဆောက်ထုဆစ်ပုံဖော်ခဲ့ကြသည်။

ကိုယ်ကျင့်တရား၊ ကိုယ်ကျင့်သိက္ခာကို ပျက်စီးနိုင်သော စိတ်ဆိုးစိတ်ရိုင်းများကို နေရာတိုင်းတွင် တွန်းလှန်ထိန်းချုပ်ပါမှ ဒီမိုကရေစီလမ်းကြောင်းပေါ်မှ လူသားအားလုံးသည် တာဝန်ယူမှု၊ တာဝန်သိမှု၊ တာဝန်ခံမှုများကို လေ့ကျင့်ရယူသွားရမည်သာဖြစ်သည်။ မိမိ၏ ရယူလိုမှုတစ်ခုတည်းကိုသာ ကွက်ကွက်ကလေးကြည့်၍ တောင်းဆိုမနေကြဘဲ မိမိက ပြန်လည်ပေးဆပ်ရန်လိုအပ်သော လူမှုတာဝန်၊ လူမှုသိက္ခာ၊ လူမှုလိုအပ်ချက်ကို ဖြည့်ပေးနိုင်ဖို့လိုသည်။

'ခြင်္သေ့မည်သည် ငတ်မွတ်ဆာလောင်သော်လည်း မြက်သစ်ရွက်ကိုမစား၊ ပညာရှိသူတော်ကောင်းသည် ဆင်းရဲဒုက္ခကြုံ တွေ့ရသော်လည်း ဒုစရိုက်ကိုလက်မခံ' ဟူ၍ လောကနီတိ၊ သုဇနကဏ္ဍကညွှန်းဆိုသည်။

ကိုယ်ကျင့်တရား၊ ကိုယ်ကျင့်သိက္ခာများစွာကို စောင့်ထိန်းကြသော ပြည်သူတိုင်းရင်းသား သွေးချင်းသားချင်းတို့ဖြင့် ပေါင်းစည်းဖွဲ့စည်းထားသော တိုင်းပြည်ကသာ ကမ္ဘာဝယ် အစဉ်တိုးတက်ဖွံ့ဖြိုးနိုင်မည်။ ကမ္ဘာ့နိုင်ငံချင်းယှဉ်၍ ရင်ပေါင်တန်းနိုင်မည်။

အနာဂတ်လူမှုမျက်နှာစာကို ပခုံးပြောင်းတာဝန်ယူကြမည့် မျိုးဆက်သစ်လူငယ်များကို လက်တွဲခေါ်ဆောင်၍ ကိုယ်ကျင့်တရား၊ ကိုယ်ကျင့်သိက္ခာအပေါ် ရင်းနှီးကျွမ်းဝင်ဖို့လိုသည်။ တန်ဖိုးထားကျင့်ကြံရမှန်းသိအောင် ရှက်ဆောင်ဖို့လိုသည်။ မိမိကိုယ်ကိုယ် ကျိုးနွံမှု ဂါရဝ တရား၊ နိဝါတတရား လက်ကိုင်ပြုလာအောင် တွန်းပို့ဖို့လိုသည်။ စိတ်ဓာတ်ကြံ့ခိုင်ပြီး ဟိရိဩတ္တပတရားလက်ကိုင်ပြု၍ ရိုးဖြောင့်ဂုဏ်ကို အသက်နှင့်ထပ်တူထပ်မျှ စွဲမြဲယုံကြည်နိုင်ဖို့လိုသည်။

စိတ်ပိုင်းဆိုင်ရာ အသိ၊ အမြင်၊ အတွေးမျက်နှာစာတွင် ယိုယွင်းပျက်စီးမှုအား လက်ပိုက် ကြည့်မနေကြဘဲ မိသားစုတစ်စု၊ အလွှာတစ်ခု၊ ရုံးဌာနတစ်ခုတွင် လိုက်နာကျင့်သုံးနိုင်အောင် ကိုယ်ကျင့်တရား၊ ကိုယ်ကျင့်သိက္ခာကို အရောင်တင် မြေတောင်မြှောက်နိုင်အောင် လူသားတိုင်းက လူသားအသိစိတ်ပြည့်ပြည့်ဝဝဖြင့် ဂါရဝတရားဖြင့် အရိုအသေပေးကြပါ။ နိဝါတတရားဖြင့် နှိမ့်ချကျိုးနွံကြပါ။ ရိုးသားဖြောင့်မတ်စိတ်ဖြင့် အလေ့အကျင့်ကောင်းများ မွေးမြူဖန်တီးယူကြပါ။

အမိနိုင်ငံဖွား ပြည်သူ သန်း ၅၀ ကျော်က အသိဉာဏ်ရှိသော ကိုယ်ကျင့်သိက္ခာတို့ကို ခါးဝတ်ပုဆိုး၊ ခါးဝတ်ထဘီပမာ မြဲမြံစွာ ထိန်းသိမ်းကြပါစို့ ။

# မဟာသမယနေ့(ငြိမ်းချမ်းရေးနေ့)

à အဝေရာရာမရန်ကင်းဆရာတော်(မန္တလေး)

သုံးလောကထွတ်ထား မြတ်စွာဘုရားသည် ကပိလဝတ်မြို့တော်အနီး မဟာဝုန်တောကြီး အတွင်း၌ ဘုရားရှင်နှင့် ရဟန္တာငါးရာတို့အား ဖူးမြော်ကြည်ညိုရန် လာရောက်ကြသည့် စကြဝဠာပေါင်းတိုက်တစ်သောင်းမှ နတ်ဗြဟ္မာတို့အားနယုန်လပြည့်နေ့တွင် မဟာသမယသုတ်တော်ကို ဟောကြားတော်မူသဖြင့် ကုဋေတစ်သိန်းသော နတ်ဗြဟ္မာတို့ ရဟန္တာဖြစ်ကြပြီး သောတာပန်၊ ဉသကဒါဂါမ်၊ အနာဂါမ်ဖြစ်ကြသော နတ်ဗြဟ္မာတို့မှာ မရေမတွက် နိုင်အောင်များပြားခဲ့ပေသည်။

ထို့ကြောင့် နယုန်လပြည့်နေ့ကို မဟာသမယနေ့ဟု သတ်မှတ်ခဲ့ကြသည်။ မဟာသမယသုတ်ဖြစ်ပေါ်လာရခြင်း၏ အကြောင်းကိုကြည့်လျှင် မြတ်စွာဘုရား၏ ဆွေတော်မျိုးတော်များ ဖြစ်ကြသည့် သာကီယတိုင်းသားများနှင့် အိမ်နီးချင်းတိုင်းပြည်ဖြစ်သော ကောလိယတိုင်းသားတို့ တစ်ဖက်နှင့်တစ်ဖက် စစ်တိုက်ရန် စစ်ပြင်ဆင်နေခြင်းမှ အစပြုခဲ့ပေသည်။

မြတ်ဗုဒ္ဓ၏ ဆွေတော်မျိုးတော်များ နေထိုင်ကြသည့် သာကီယတိုင်းနှင့် ကောလိယတိုင်းတို့၏ အကြားဝယ် ရောဟိနီမြစ်ရှိသည်။ ထိုရောဟိနီမြစ်ရေကို အမှီပြုပြီး သာကီယတိုင်းသားများနှင့် ကောလိယတိုင်းသားတို့ စိုက်ပျိုးရေးလုပ်ငန်းများ လုပ်ကိုင်ကြရသည်။

တစ်နှစ်တွင် မိုးခေါင်သောကြောင့် ရောဟိနီမြစ်ရေတွင် ရေနည်းနေသည်။ ရေနည်းလာသောကြောင့် စိုက်ပျိုးရေးလုပ်ငန်းများ အခက်အခဲတွေ့ကြရသည်။ မြစ်ရေကို ယခင်နှစ်များလို နှစ်ဖက်လုံးက မသုံးနိုင်သောကြောင့် သာကီယတိုင်းသားများနှင့် ကောလိယတိုင်းသားတို့ သူရသင့်၊ ငါရသင့်အငြင်းပွားကြသည်။ အငြင်းပွားရင်းလူမျိုးရေးနှင့် စပ်သောစကားများကို ပြောလာကြသဖြင့် ပိုမို၍ အမုန်းပွားကြရသည်။ 'ကိုယ့်အမျိုးထိ မချိအောင်နာ" ဆိုသည့်အတိုင်း ယုတ္တိယုတ္တာမရှိသောစကားများဖြင့် မိမိတို့၏ လူမျိုးများကို ထိပါးလာသည့်အခါ ပို၍မုန်းတီးစိတ်တွေဖြစ်ကြသည်။ ခက်ထန်တင်းမာလာကြသည်။ နှစ်ဦးနှစ်ဖက်ဘယ်လိုမှ ညှိနှိုင်းမရသောအခါ စစ်တိုက်ပြီး ဖြေရှင်းရန်နှစ်ဖက်လုံးက စစ်ပြင်ဆင်ကြသည်။ သူနိုင်၊ ငါနိုင်ယှဉ်ပြိုင်တိုက်ခိုက်ရန် ရောဟိနီမြစ်၏ ဟိုဘက်ဒီဘက် နှစ်ဖက်တွင် စစ်သားတွေ စုရုံးနေကြသည်။

ထိုအခြင်းအရာကို မြတ်စွာဘုရားသိမြင်တော်မူသောကြောင့် တန်ခိုးဖြင့်ကြွလာပြီး ရောဟိနီမြစ်အလယ် ကောင်းကင်ယံတွင် သီတင်းသုံးကာ ရောင်ခြည်တော်တို့ကို လွှတ်တော်မူသည်။ သာကီယ တိုင်းသား၊ ကောလိယတိုင်းသား စစ်တပ်များက မိမိတို့၏ ဆွေမျိုးဖြစ်သော မြတ်စွာဘုရားကို မြင်ရသောအခါ ဒေါသအရှိန်များ နည်းသွားပြီး ရောဟိနီမြစ်ကမ်းသို့ ဆင်းသက်တော်မူသော မြတ်စွာဘုရားထံ စုဝေးရောက်ရှိလာကြသည်။

မြတ်စွာဘုရားကဘယ်အတွက် စစ်တိုက်ရန်စီစဉ်နေကြသနည်း ဟုမေးတော်မူသောအခါ မြစ်ရေအတွက်ဖြစ်ကြောင်း လျှောက်ကြသည်။ မြတ်စွာဘုရားက ရေနှင့်လူ ဘယ်သူကတန်ဖိုးရှိသနည်းဟု မေးမြန်းသောအခါ လူက တန်ဖိုးရှိကြောင်း လျှောက်ကြသည်။ ထိုအခါမြတ်စွာဘုရားက တန်ဖိုးမရှိသော ရေအတွက် တန်ဖိုးရှိသော လူတွေ မသေစကောင်းဟု မိန့်ကြားတော်မူပြီး-

(က) မပြောပလောက်သော အကြောင်းကိစ္စလေးတစ်ခုကြောင့် တစ်ဦးနှင့်တစ်ဦး အထင်မှားပြီး ရန်သူဖြစ်သွားကြသော ကြို့ပင်စောင့်နတ်နှင့် ဝက်ဝံတို့တစ်ဦးအကျိုးကို တစ်ဦးကဖျက်ဆီးသဖြင့် ကြို့ပင်စောင့်နတ်လည်း ဘုံဗိမာန်ပျောက်၊ ဝက်ဝံနတ်လည်း သေဆုံးရသည့် ဖန္ဒနဇာတ်ကိုလည်း ကောင်း

(ခ) စဉ်းစားဆင်ခြင်ဉာဏ်မရှိဘဲ ကောလာဟလကို ယုံမိသဖြင့် တောတွင်းသတ္တဝါအားလုံး သေကျေပျက်စီးကြရသည့် ပထဝီ ဉန္ဒြိယနဇာတ်ကိုလည်း ကောင်း၊

(ဂ) မိမိအင်အားကြီးမှုကို ယစ်မူးပြီး အင်အားနည်းသူ ဘီလုံးငှက်၏ ကလေးများကို အနိုင်ကျင့် သတ်ဖြတ်ခဲ့သော ကြီးမားသော ဆင်ပြောင်ကြီးကို သေသည်အထိ မိတ်ဆွေများ ဖြစ်ကြသော ကျီး၊ ယင်ကောင်မ၊ ဖားတို့၏အကူအညီယူ၍ အလွန်သေးငယ်သော ဘီလုံးငှက်မလေးက အနိုင်ယူခဲ့ပုံကို ဖော်ပြသည့် လဋုကိကာဇာတ်ကိုလည်းကောင်းဟောကြားကာ မညီညွတ်ခြင်း ငြင်းခုန်ခိုက်ရန်ဖြစ်ခြင်း၏ အပြစ်တို့ကို ဟောပြတော်မူသည်။

ယင်းနောက် အချင်းချင်း ညီညွတ်ငြိမ်းချမ်းစွာ နေထိုင်ကြခြင်းသည်သာ အကောင်းဆုံးဖြစ်ကြောင်း။

(က) လူသားများကို မဆိုထားဘိ သစ်ပင်များပင် တစ်ပင်နှင့်တစ်ပင် ပေါင်းစည်းပြီး တောအုပ်ကြီးဖြစ်နေပါက ကြီးမားသော လေမုန်တိုင်းကြီးတိုက်ခတ်သော်လည်း ပြိုလဲပျက်စီးခြင်း မရှိပုံ၊ ပတ်ဝန်းကျင် အပင်မရှိသော လွင်ထီးခေါင်၌ ပေါက်နေသော အလွန်ကြီးမားသော သစ်ပင်ကြီးကို အလွယ်တကူ အမြစ်ကပါလန်လဲသွားအောင်လေမုန်တိုင်းက တိုက်ခတ်ဖျက်ဆီးနိုင်ပုံကို ဖော်ပြသည့် ရုက္ခဓမ္မဇာတ်နှင့်

(ခ) ငှက်မုဆိုး ပစ်ဖမ်းသော ပိုက်ကွန်ကို ခေါင်းဆောင်ဖြစ်သော ငုံးမင်း၏ ညွှန်ကြားချက်အတိုင်း ညီတူမျှတူ အင်အားဖြင့် ချီမပျံသန်း ရုန်းကန်ကြသဖြင့် သေဘေးမှလွတ်မြောက်ကြပုံ၊ ထိုသို့ပိုက်ကွန်ကို ချီမပျံသန်းရာဝယ် တစ်ကောင်နှင့်တစ်ကောင် ခေါင်းကိုနင်းမိခြင်း၊ ကိုယ်ကိုဖိမိခြင်း၊ အတောင်ပံဖြင့်ရိုက်ခတ်မိခြင်းတို့ကို သည်းမခံ နိုင်ကြဘဲ အချင်းချင်း အပြစ်ရှာ၊ အပြစ်ဖို့ကာ ပိုက်ကွန်ကို ညီတူညီမျှ ချီမပျံသန်းမှု မပြုဘဲ တစ်ကောင်နှင့်တစ်ကောင် ခွပ်ကြ၊ ဆိတ်ကြ၊ ရန်ဖြစ်ကြသဖြင့် မုဆိုး၏လက်ဝယ် အသက်ဆုံးကြရပုံကို ဖော်ပြသည့် ဝဋ္ဋကဇာတ်တော်ကိုလည်း ဘုရားရှင်ဟောကြားတော်မူရာ နှစ်ဖက်ခေါင်းဆောင်များနှင့် နှစ်ဖက်စစ်သည်တို့ သဘောပေါက် နားလည်ကြပြီး အမျက်ဒေါသများ နည်းသွားကြသည်။

